Golden Lion
Golden Lion Wire Co.,Ltd

# The VOICE Daily

MAI

Vol. 6 / No. 25 | Established in 2004 | ၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁)ရက်၊ (Thursday, May 10, 2018)

# ရန်ကုန်တွင် ခွင့်ပြုချက်မဲ့ အလှူခံများကို တားမြစ်

**ရန်ကုန်၊ မေ ၉**

ရန်ကုန်တိုင်းရှိ မြို့နယ်များတွင် ခွင့်ပြုချက်မဲ့ အလှူခံများကို တားမြစ်သည့် ဒေသန္တရအမိန့်တစ်ရပ်ကို မေလ ၇ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများက လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

"ဒေသန္တရ အမိန့်ထုတ်တာမှန်ပါတယ်။ အဲ့ဒီမှာပါတဲ့အတိုင်းပေါ့နော်။ အဓိကတော့မလိုလားအပ်တဲ့ပြဿနာတွေ မဖြစ်ရအောင် မြို့နယ်ထွေအုပ်ရဲ့ခွင့်ပြုချက်မရှိဘဲအလှူခံတာတွေ မလုပ်ဖို့ အများပြည်သူသိအောင် သတိပေး ထုတ်ပြန်တာပါ။ လိုက်နာမှုမရှိရင် ဥပဒေအရအရေးယူခံရမှာပါ" ဟု သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက ဆိုသည်။

ရန်ကုန်တိုင်းရှိ မြို့နယ်များတွင် ယခင်က ဘာသာရေး၊ သဘာဝဘေး၊ အလှူခံမှုများကို မြို့နယ်အလိုက်ထွေ/အုပ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ခွင့်ပြုပေးပါက အလှူခံခွင့် ပြုခဲ့သော်လည်း စာ 3

## အထက်ခွင့်ပြုချက်မရှိဘဲ ရိုက်တာသတင်းထောက်များကို တွေ့ဆုံခြင်းမရှိဟု ဒုရဲမှူးဟောင်း မိုးရန်နိုင် ထွက်ဆို



စာ 3

ဓာတ်ပုံ – ရဲပြည့်စာနည်

နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် ရိုက်တာသတင်းထောက်နှစ်ဦး၏အမှုတွင် တရားလိုပြသက်သေအဖြစ် လာရောက်ထွက်ဆိုသော ဒုရဲမှူးဟောင်း မိုးရန်နိုင်ကို မေလ ၉ ရက်နေ့ နံနက်ပိုင်းက တွေ့မြင်ရစဉ်

# ရန်ကုန်မြို့သစ် စီမံကိန်း လုပ်ကွက်ပါ လယ်ရှင်များကို မြေအချိုးကျ ပြန်ပေးမည် စာ 6

# ကိုအောင်မှိုင်းဆန်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတို့ တရားရုံးကို သပိတ်မှောက်မည် စာ 10

# ရဲတပ်ဖွဲ့ဝင်များကို ထိုးကြိတ်ပြီး သေနတ်လုယူသူကို ပစ်ခတ်ဖမ်းဆီး စာ 5

# အလီဘာဘာ မြန်မာနိုင်ငံ စဝင်

**ရန်ကုန်၊ မေ ၉**

ကမ္ဘာကျော် အွန်လိုင်းရောင်းဝယ်ရေး (Online Shopping) ကုမ္ပဏီတစ်ခုဖြစ်သော အလီဘာဘာ(Alibaba) မှာ မြန်မာနိုင်ငံကို စတင်ဝင်ရောက်လာပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဂျက်မား (Jack Ma) ဦးဆောင်သည့် အလီဘာဘာမှာ တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သော်လည်း ကမ္ဘာကျော် အွန်လိုင်းရောင်းဝယ်ရေး ကုမ္ပဏီကြီးဖြစ်သည်။

ယင်းကုမ္ပဏီက မြန်မာနိုင်ငံ အွန်လိုင်းရောင်းဝယ်ရေး လုပ်ငန်းများတွင် လူသိများထင်ရှားသော shop.com.mm အမှတ်တံဆိပ်ဖြင့် ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း shop.com.mm ကိုပိုင်ဆိုင်သည့် Daraz Group က တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။ စာ 2

# တနိုင်း၌ တစ်လကြာခန့် ပိတ်မိနေသူ ၆၀၀ ခန့် လွတ်မြောက်

**မြစ်ကြီးနား၊ မေ ၉**

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အောင်လော့ဒ်ဒေသတွင် တစ်လကြာခန့် ပိတ်မိနေသူ ၆၀၀ ခန့် လွတ်မြောက်လာပြီး အချို့မှာလည်း ဆက်လက် ပိတ်မိနေဆဲဖြစ်ကြောင်း ယင်းပိတ်မိနေသူများကူညီကယ်ဆယ်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ အောင်လော့ဒ်ဒေသမှ မြစ်ကြီးနားမြို့သို့ ၁၂၂ ဦး၊ ဖားကန့် စာ 3



ဓာတ်ပုံ – ချမ်းအောင်



The VOICE Daily
Thursday, May 10, 2018

# NEWS

# ကြားဖြတ်ရွေးကောက်ပွဲ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန်၊ မေ ၉**

၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ်ကို နိုဝင်ဘာလ ၃ ရက်တွင် လစ်လပ် မဲဆန္ဒနယ် ၁၃နေရာ၌ ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၄ နေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁ နေရာနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ၈ နေရာ စုစုပေါင်း ၁၃ နေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကျင်းပမည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲသည် လက်ရှိအစိုးရသက်တမ်းအတွင်း ဒုတိယအကြိမ်မြောက် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်လာမည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ၉ နေရာ၊ အမျိုးသားလွှတ်တော် ၃ နေရာနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်အတွက် ၆ နေရာ စုစုပေါင်း မဲဆန္ဒနယ် ၁၈ နေရာတွင် ကျင်းပပြု လုပ်ခဲ့ သည်။

လက်ရှိ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ ကို လစ်လပ် ပြည်သူ့လွှတ်တော် မဲဆန္ဒများဖြစ်ကြသည့် ကန်ပက်လက်၊ လဲချား၊ တာမွေ၊ မြင်းခြံ၊ လစ်လပ်အမျိုးသားလွှတ်တော်အဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)၊ လစ်လပ်တိုင်းဒေသကြီး/ ပြည်နယ်မဲဆန္ဒနယ်များအဖြစ် မတူပီ၊ တမူး၊ အုတ်တွင်း၊ သပိတ်ကျင်း၊ ရသေ့တောင်၊ မင်းဘူး၊ ဆိပ်ကမ်းမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အသီးသီးတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကော်မရှင်ထံမှ သိရသည်။

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၁၃ နေရာလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းများကို ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးလုပ်ကာ ရွေးချယ်သွားမည်ဖြစ်ကြောင်း လက်ရှိအာဏာရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

"ကျွန်တော်တို့ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုတာ နိုင်မယ်လို့ ယုံကြည်ချက်ရှိတဲ့အတွက် ဝင်ပြိုင်မှာပါခင်ဗျ။ ဒါပေမဲ့ တိုင်းရင်းသားမဲဆန္ဒနယ်တွေမှာတော့ တိုင်းရင်းသားဒေသစွဲရှိတဲ့အတွက် ကြိုးစားပမ်းစား ယှဉ်ပြိုင်သွားရဖို့တော့ ရှိနေတယ်"ဟု ၎င်းက ဆိုသည်။

၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ မတိုင်မီ ယခုလို ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲသည် နိုင်ငံရေးပါတီများအကြားတွင် လူထုထောက်ခံမှု၊ ရေပန်းစားမှုကို ဆန်းစစ်နိုင်မည့် အကြိုခြေစမ်းပွဲတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

လာမည့်ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် နေရာအသီးသီးသည် လက်ရှိအာဏာရပါတီ အနိုင်ရခဲ့သည့် နေရာများအပြင် တိုင်းရင်းသားဒေသမဲဆန္ဒနယ်များလည်း ပါဝင်သည့်အတွက် အကြိတ်အနယ် ရှိလာနိုင်သည့် အခြေအနေရှိသည်။

လတ်တလော ပါတီအသစ်ထောင်ကာ မှတ်ပုံတင်ခွင့်ကျထားသည့် ဦးကိုကိုကြီး ဦးဆောင်သည့် ရှစ်လေးလုံး ပြည်သူ့ပါတီကလည်း ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားရန် ရှိနေပြီး အနည်းဆုံး မဲဆန္ဒနယ် သုံးနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်မှန်းထားကြောင်း ယင်းပါတီ ဒုခေါင်းဆောင်ဖြစ်သူ ဦးရဲနိုင်အောင်က ပြောကြားသည်။

"ဘယ်နေရာတွေဝင်မလဲ၊ သုံးနေရာထက် ပိုဝင်မလား မဝင်ဘူးလား ကတော့ ကျွန်တော်တို့ပါတီ တရားဝင် နိုင်ငံရေးပါတီဖြစ်ပြီးတော့ ပါတီရဲ့စည်းရုံးရေးအနေအထား၊ နိုင်ငံရေးအနေအထားတွေကို ခြုံငုံသုံးသပ်ရဦးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်နေရာတွင် ဦးဝင်းမြင့်က နိုင်ငံတော်သမ္မတဖြစ်သွားသည့်အတွက် လစ်လပ်သွားခဲ့ခြင်း ဖြစ်သည်။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ၂၀၁၅ ရွေးကောက်ပွဲကာလက အာဏာရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက အနိုင်ရခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရွေးကောက်ခံကိုယ်စားလှယ် ကွယ်လွန်သွားသည့်အတွက် လစ်လပ်သွားခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ် လဲချားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာကို ၂၀၁၅ ရွေးကောက်ပွဲပြုလုပ်စဉ်က ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီက အနိုင်ရခဲ့ခြင်းဖြစ်ပြီး အဆိုပါ လဲချား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်း ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လစ်လပ်မဲဆန္ဒနယ်အသီးသီးတို့တွင် နိုင်ငံရေးပါတီကြီးများက အသီးသီး ဝင်ရောက်ယှဉ်ပြိုင်သွားရန်လည်း ရှိနေသည်။

■ J-08

## ကျောက်စိမ်းဖိနပ်စက်ရုံ အလုပ်သမားများ၏ ဆန္ဒပြတောင်းဆိုသည့်အချက်အချို့ ပြေလည်မှုရ

**ရန်ကုန်၊ မေ ၉**


ဓာတ်ပုံ - ဝေလင်း

ဒဂုံမြို့သစ်အရှေ့ပိုင်း ၁၄၄ ရပ်ကွက် စက်မှုဇုန်ရှိ ထိုင်ဝမ်ကုမ္ပဏီဖြစ်သော Emerand Footwear MFG Co., Ltd. ပိုင် ကျောက်စိမ်းဖိနပ်စက်ရုံမှ ဆန္ဒပြအလုပ်သမားများ၏တောင်းဆိုချက်နှင့်ပတ်သက်၍ အချို့အချက်များအပေါ် အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ညှိနှိုင်း ခဲ့ရာ မေလ ၉ ရက် ည ၇ နာရီကျော်ခန့် က ပြေလည်မှု ရခဲ့သည်။

အလုပ်သမား တစ်ထောင်ကျော်သည် မေလ ၈ ရက် နေ့လယ်ပိုင်းက အနိမ့်ဆုံးလုပ်ခ ၄၈၀၀ ရရှိရေးအပါအဝင် လုပ်သက် နှစ်တိုးကြေး၊ လုပ်သက်ခွင့်၊ မီးဖွားခွင့် စသည့် အချက်များရရှိရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ထိုသို့တောင်းဆိုခဲ့ရာတွင် ဧပြီလ ၉ ရက်ညနေပိုင်းက လုပ်သက်နှစ်တိုးကြေး၊ လုပ်သက်ခွင့်၊ မီးဖွားခွင့် စသည့် အချက်များ ပြေလည်ခဲ့ပြီး တစ်ရက်လုပ်အားခ ၄၈၀၀ ကျပ်ပေးရန်ဆိုသည့် အချက်နှင့်ပတ်သက်၍ အစိုးရက ကြေညာမှသာ စက်ရုံပိုင်ရှင်ဘက်က ပေးမည်ဟု ဆိုကြောင်း ဆန္ဒပြအလုပ်သမားများက ပြောကြားသည်။

"ညှိနှိုင်းမှုက တော်တော်လေး အဆင်ပြေပါတယ်၊ အခုဟာက ကလေးတွေကို သပိတ်စခန်းကနေဘယ်လို ပြန်ပို့မလဲဆိုတဲ့ ဖယ်ရီကိစ္စနဲ့ နှစ်ဖက်လက်မှတ်ထိုးဖို့ပဲ ကျန်တော့တာ၊ သူဌေးဘက်ကလည်း အစိုးရကြေညာတာနဲ့ ပေးမယ်လို့ ပြောထားပြီးပြီ" ဟု တောင်ဒဂုံမြို့နယ် အမှတ်၁ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း က ဆိုသည်။

အဆိုပါညှိနှိုင်းမှုကို ဒဂုံတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်းတွင် မွန်းလွဲ ၂ နာရီဝန်းကျင်မှစ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ အမျိုးသားဒီမိုကရေစီပါတီ၏ အလုပ်သမားရေးရာ ကော်မတီဝင်များသည် အလုပ်သမားကိုယ်စားလှယ် ၇ ဦးနှင့်လည်းကောင်း၊ အလုပ်ရှင်ဘက်မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း တစ်လှည့်စီတွေ့ဆုံခဲ့ပြီး နောက်ပိုင်းမှ သုံးပွင့်ဆိုင် ညှိနှိုင်းခဲ့ရာ ည ၇ နာရီကျော်တွင် ညှိနှိုင်းမှုပြေလည်ခဲ့ခြင်း ဖြစ်သည်။

"ပြေလည်တယ်ဆိုတော့ ကျွန်မတို့ မနက်ဖြန်အလုပ်ပြန်ဆင်းပါမယ်" ဟု အဆိုပါစက်ရုံမှ အလုပ်သမားခေါင်းဆောင် မပိုပို က ဆိုသည်။

တစ်ရက်လုပ်ခ အနည်းဆုံး လုပ်ခလစာ အဆိုပြုနှုန်းထားကို ၄၈၀၀ ကျပ်အဖြစ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီက ပြီးခဲ့သည့်လပိုင်းက သတ်မှတ်ထုတ်ပြန်ခဲ့သော်လည်း ပြည်ထောင်စု အစိုးရက တရားဝင် မကြေညာသေးပေ။

■ ဝေလင်း






## အင်္ဂလန်ကလပ် လီဒ်ယူနိုက်တက်အသင်းကို MNL All Star အသင်းအနိုင်ယူ

ဓာတ်ပုံ - ထက်ဇော်အောင်

**ရန်ကုန်၊ မေ ၉**

မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြေစမ်းကစားသည့် ပရီးမီးယားလိဂ်ချန်ပီယံဟောင်း လီဒ်ယူနိုက်တက်အသင်းကို မြန်မာနေရှင်နယ်လိဂ် All Star အသင်းက အနိုင်ရခဲ့သည်။

မေလ ၉ ရက်က ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ယင်းခြေစမ်းပွဲတွင် လီဒ်ယူနိုက်တက် အသင်းသည် ခြေစမ်းပွဲဖြစ်သည့်အတွက် ခြေကုန်ထုတ် မကစားခဲ့သောကြောင့် မြန်မာနေရှင်နယ်လိဂ်အသင်းက အခွင့်အရေးများ ရရှိကာ နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် မြန်မာနေရှင်နယ်လိဂ် All Star အသင်းသည် ဂိုး ပြည့်ဖြိုးအောင်ကို ပွဲထုတ်ခဲ့ကာ ဝီလျံ၊ အတ်တန်ဂါ၊ နန္ဒကျော်၊ ကမ်၊ ဂျိုးဇက်၊ ခရစ္စတိုဖာ၊ သက်နိုင်၊ စည်သူအောင်၊ ရဲကိုဦး၊ ခိုမီ အစရှိသည့် ကစားသမားများကို ပွဲထုတ်ခဲ့သလို လီဒ်ယူနိုက်တက်အသင်းသည်လည်း အဓိကကစားသမားအချို့ကို လူငယ်ကစားသမားများနှင့် ပေါင်းစပ်ပွဲကစားသွားခဲ့သည်။

ပွဲအစတွင် နှစ်သင်းစလုံး ထိန်းကစားခဲ့ရာ မြန်မာနေရှင်နယ်လိဂ်အသင်းက အနည်းငယ်အသာရခဲ့ပြီး ဦးဆောင်ဂိုးကို ၂၁ မိနစ်တွင် စည်သူအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိုးဇက်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ အဆိုပါဦးဆောင်ဂိုးမှာ လေးမိနစ်သာခံခဲ့ပြီး ပင်နယ်တီဧရိယာအတွင်း ဖျက်ထုတ်ပုံမသေသပ်သည့်အတွက် မြန်မာနေရှင်နယ်လိဂ်အသင်း ပင်နယ်တီပေးခဲ့ရကာ လီဒ်ယူနိုက်တက်အသင်းခေါင်းဆောင် ဆင်မြူရယ် အလွန်ဆိုက အမှားမရှိသွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာနေရှင်နယ်လိဂ်အသင်း ထိုးဖောက်မှုကို ကာကွယ်မှုကြမ်းတမ်းခဲ့သည့်အတွက် လီဒ် ယူနိုက်တက်အသင်း ပင်နယ်တီပြန်ပေးခဲ့ရပြီး ယင်းဂိုးကို ခရစ္စတိုဖာက သွင်းယူပေးခဲ့သည်။

လီဒ်ယူနိုက်တက်အသင်းသည် မန္တလေးမြို့၌ မေလ ၁၁ ရက်နေ့တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရဦးမည်ဖြစ်သည်။ ■ J-04

## မျက်နှာဖုံး - အလီဘာဘာ မြန်မာနိုင်ငံ စဝင်မှ အဆက်

Daraz Group သည် Alibaba ၏ ဦးဆောင်မှု၊ နည်းပညာ၊ အွန်လိုင်းကုန်သွယ်ရောင်းဝယ်ရေး၊ ငွေပေးချေမှုစနစ်နှင့်အတူ shop.com.mm အမှတ်တံဆိပ် ဖြင့်ပင် လူဦးရေသန်း ၄၆၀ ကျော်ရှိသည့် တောင်အာရှဈေးကွက်ထဲသို့ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်တော့မည်ဖြစ်ကြောင်း ယင်း Group ထံမှ သိရသည်။

Daraz Group ကို ၂၀၁၂ ခုနှစ်က e-commerce ecosystem ဖြင့် စတင်တည်ထောင်ခဲ့ပြီး ရောင်းချသူ ၃၀၀၀၀၊ ကုန်ပစ္စည်းအမှတ်တံဆိပ် ၅၀၀၊ ဈေးဝယ်သူငါးသန်းခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ပစ္စည်းအမျိုးအစားပေါင်း ၂ သန်းခန့် ရရှိနိုင်ကြောင်း Daraz Group ထံမှ သိရသည်။ ■ J-11

# အထက်ခွင့်ပြုချက်မရှိဘဲ ရိုက်တာသတင်းထောက်များကို တွေ့ဆုံခြင်းမရှိဟု ဒုရဲမှူးဟောင်း မိုးရန်နိုင်ထွက်ဆို

**ရန်ကုန်၊ မေ ၉**

အထက်ခွင့်ပြုချက်မရှိဘဲ ရိုက်တာသတင်းထောက် နှစ်ဦးကို တွေ့ဆုံခြင်း မရှိကြောင်း တရားလိုသက်သေ ဒုရဲမှူးဟောင်း မိုးရန်နိုင်က မေလ ၉ ရက်က ပြုလုပ်သည့် ရိုက်တာသတင်းထောက်နှစ်ဦး ရုံးချိန်းတွင် ထွက်ဆိုခဲ့ကြောင်း သတင်းထောက်နှစ်ဦး၏ရှေ့နေ ဦးသန်းဇော်အောင်က ပြောကြားသည်။

ဒုရဲမှူးဟောင်း မိုးရန်နိုင်က နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ရိုက်တာသတင်းထောက်နှစ်ယောက်ကို အရေးယူပေးရန် ညွှန်ကြားသူမှာ ရဲမှူးချုပ်တင်ကိုကိုဖြစ်ကြောင်း၊ ယင်းအပြင် ရဲစည်းကမ်းဖောက်ဖျက်မှုဖြင့် လပေါင်းများစွာ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရကြောင်းလည်း ထွက်ဆိုခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ခုနကဟာတွေအပြင် ကိုဝလုံးတို့၊ ကျော်စိုးဦးတို့ ဘယ်လိုဖမ်းခံရသလဲကို ထွက်ဆိုသွားတယ်"ဟု ၎င်းက ဆို သည်။

၎င်းကဆက်လက်ပြီး "ဒီစာရွက်တွေကို ပေးခိုင်းတဲ့ ရဲမှူးချုပ် တင်ကိုကိုရော၊ ဒုတပ်ကြပ် ရဲနိုင်လင်းရော တကယ်စာရွက်ပေးတဲ့သူတောင် အရေးယူခံရတာ မသိဘူးလို့ ထွက်ဆိုထားတော့ ဒီစာရွက်နဲ့တွေ့ပါတယ်ဆိုတဲ့ သတင်းထောက်တွေလည်း လွတ်နိုင်တယ်"ဟု ယနေ့ရုံးချိန်းအပြီး သုံးသပ် ပြောကြားသည်။

ယနေ့ရုံးချိန်းတွင် ဒုရဲမှူးဟောင်း မိုးရန်နိုင်၏ ထွက်ဆိုချက်များသည် အမှုအတွက် အမှန်တရားများကို ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းထောက်ကိုကျော်စိုးဦးက ပြောကြားသည်။

"သူက တကယ့်ကို အမှန်တရားတွေကို ထွက်ဆိုသွားတယ်။ သူ့အတွက်ရော၊ ကျွန်တော်တို့အတွက်ရော အမှန်တရားနဲ့ တရားမျှတမှုက မကြာခင်ရောက်လာတော့မယ်။ ဒီလိုမျိုး တရားမျှတမှုကို မြတ်နိုးသူတွေ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာရှိတယ်။ ဒီနေ့သက်သေပြပြီး ထွက်ဆိုသွားတယ်"ဟု သတင်းထောက်ကိုဝလုံးက ဆိုသည်။

မိမိအားထောင်ဒဏ် တစ်နှစ်ချခြင်းသည် ရဲတပ်ဖွဲ့အနေနှင့် ဥပဒေကို ကျော်လွန်သည့်အမိန့်ညွှန်ကြားချက်များ ရှိနေသည့်အတွက်ကြောင့် ဖြစ်ကြောင်း ဒုရဲမှူးဟောင်း မိုးရန်နိုင်က ယနေ့ရုံးချိန်းအပြီးတွင် သတင်းထောက်များကို ပြောသည်။

"အမှန်တရားအတွက် ထောင်ကျတာ။ အဲဒီအတွက် သတ္တိရှိတယ်"ဟု ၎င်းက ဆိုသည်။

ရိုက်တာသတင်းထောက်များ၏ ရုံးချိန်းကို မေလ ၁၆ ရက်သို့ ထပ်မံချိန်းဆိုလိုက်သည်။

**J-18**



ဓာတ်ပုံ - ရဲပြည့်စာနည်

**မျက်နှာဖုံး - တနိုင်း၌ တစ်လကြာခန့် ပိတ်မိနေသူ မှ အဆက်**

မြို့နယ် ဒွန်ဘန်ကျေးရွာသို့ ၂၀၀ ကျော်နှင့် တနိုင်းမြို့သို့ ၂၆၀ ကျော် ရောက်ရှိလာခဲ့ပြီး ဒေသခံအချို့မှာ အဆက်အသွယ်မရရှိသေးကြောင်း တနိုင်းဒေသ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ စစ်ဘေးရှောင်ကူညီရေးအဖွဲ့မှ ဒုဥက္ကဋ္ဌ ဦးနော်တောင်က ပြောကြားသည်။

"မနေ့ညတော့ ၃၀၀ ပတ်ဝန်းကျင်ထွက်လာပြီ။ ဒီနေ့ တနိုင်းမှာ ၂၆၀ ကျော်ရောက်မယ်။ ကျွန်တော်တို့ ဆက်သွယ်လို့ရတာက အဲဒီလောက်ပါပဲ။ ကျန်တဲ့လူတွေကတော့ ဆက်သွယ်မလာသေးဘူး။ ဒီဘက်က ဆက်သွယ်လို့မရဘူး။ တချို့တွေကတော့ ကိုယ့်နည်းကိုယ့်ဟာနဲ့ ထွက်လာကြတယ်" ဟု ၎င်းက ဆိုသည်။

တနိုင်းမြို့နယ် အောင်လေ့ဒ် ဒေသအတွင်း တပ်မတော်နှင့် ကေအိုင်အေတို့အကြား ဧပြီလ ၁၁ ရက်နေ့မှစ၍ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ယင်းဒေသခံ ပြည်သူတစ်ထောင်ခန့်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့က အောင်လေ့ဒ်ကျေးရွာသားများ မိမိတို့နေရပ်သို့ ပြန်လည်နေနိုင်ပြီဟုဆိုခဲ့သော်လည်း ဒေသအခြေအနေကို စိတ်မချရသေးသည့်အတွက် ဒေသခံများအနေနှင့် နေရပ်သို့ မပြန်နိုင်သေးဘဲ တိမ်းရှောင်နေဆဲဖြစ်ပြီး ယခုကဲ့သို့ ထွက်ပြေးလွတ်မြောက်လာခြင်းလည်း ဖြစ်သည်။

ကချင်လူငယ်များကလည်း တိုက်ပွဲကြားပိတ်မိနေသော ဒေသခံများ အားလုံးလွတ်မြောက်နိုင်ရေးအတွက် အစိုးရက ကူညီဆောင်ရွက်ပေးရန် မြစ်ကြီးနားမြို့ မနောကွင်းတွင် သပိတ်စခန်းဖွင့် တောင်းဆိုလျက်ရှိသည်။

ဖားကန့်မြို့နယ်၊ လိုင်နှောင်ခူး ဒေသအတွင်း ပိတ်မိနေသော ပြည်သူတစ်ရာကျော်မှာလည်း ယခုအခါပြန်လည် လွတ်မြောက်လာပြီဖြစ်သည်။ ■ **R-06**

The VOICE Daily CARTOON




**မျက်နှာဖုံး - ရန်ကုန်တွင် ခွင့်ပြုချက်မဲ့ အလှူခံများကို မှ အဆက်**

ယခုနှစ် မေလဆန်းတွင်မူ မည်သည့်အလှူခံမှုမဆို မြို့နယ်ထွေ / အုပ်၏ခွင့်ပြုချက်မရရှိဘဲ အလှူခံပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း ဒေသန္တရထုတ်ပြန်ချက်ကို မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ဖတ်ရှုခဲ့ရသူအချို့က ဆိုသည်။

"ဒီမြို့နယ်ရဲ့ ဘယ်နေရာဘယ်ရပ်ကွက်မှာ ဘာအတွက် အလှူခံမယ်ဆိုတာကို မြို့နယ်အဆင့် ထွေ /အုပ်ဆီကို ခွင့်ပြုမိန့် တောင်းခံရတယ်။ ခွင့်ပြုထားတဲ့ အထောက်အထားစာရွက်ပါမှ အလှူခံခွင့်ပြုတယ်။ တချို့ပြည်နယ်/တိုင်းကမြို့နယ်တွေမှာ အဲ့ဒီအတိုင်းကျင့်သုံးတယ်။ တစ်ခုတော့ ရှိတယ်။ အရင်တုန်းကနားလည်မှုနဲ့ အလှူခံကြတာရှိနေတာပဲ။ အခုမှ ဘာလို့ ဒေသန္တရအမိန့် ထုတ်သလဲတော့မသိဘူး"ဟု တရားလွှတ်တော် ရှေ့နေဦးရောဘတ်စန်းအောင်က ဆိုသည်။

စစ်ဘေးသင့်ပြည်သူများ အတွက် မေလ ၄ ရက် က စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းမှမြေနီကုန်း ခုံးကျော်တံတားအထိ လမ်းလျှောက်အလှူခံသည့် အဖွဲ့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကအမှုဖွင့်တရားစွဲဆိုထားသည်။

"ကျွန်တော်မြင်တာက တိုက်ဆိုင်မှုတစ်ခုတော့ ဟုတ်လိမ့်မယ်မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုအတွက် ရည်ရွယ်ချက်ရှိရှိ ဒီလိုမျိုးအမိန့်ကြေညာစာတွေ ထုတ်တယ်လို့ပဲယူဆပါတယ်။ ဒါဟာငြိမ်းချမ်းရေးကို မလိုလားဘူးဆိုတာကိုဖော်ပြတဲ့လက်ရှိဒေသန္တရအမိန့်က အစိုးရရဲ့လုပ်ဆောင်ချက်တစ်ခုလို့ပဲပြောရမှာဖြစ်တယ်"ဟု စမ်းချောင်းမြို့နယ်တွင် ကချင် စစ်ဘေးသင့်ပြည်သူများအတွက် အလှူခံစဉ်ငြိမ်း၊ စု၊ စီ ဥပဒေဖြင့် အမှုဖွင့်ခံရသူ ဗကသကျောင်းသားခေါင်းဆောင် ကိုကောင်းထက်ကျော်က ဆို သည်။

ယင်းအပြင် မေလ ၆ရက်တွင်လည်း ဗကသကျောင်းသားအချို့သည် ရွှေပြည်သာမြို့နယ်၊ ပတ္တမြားဈေးအနီး၌ စစ်ဘေးသင့်ပြည်သူများအတွက် အလှူခံရန် ပြင်ဆင်ခဲ့သော်လည်းမြို့နယ် ထွေ / အုပ်နှင့် ရဲတပ်ဖွဲ့မှူးရုံးက ခွင့်ပြုချက်မရှိသည့်အလှူခံမှုမပြုလုပ်ရန် တားမြစ်ခဲ့သည်။

"ဘာသာရေးနဲ့ အလှူခံတဲ့ကိစ္စမျိုးဆိုရင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆီက ခွင့်ပြုချက် တောင်းခံရတာမျိုးတွေရှိတယ်။ အဓိကတော့ တကယ့်သာသနာအကျိုးလုပ်တာလား၊ ကိုယ်ကျိုးအတွက်လုပ်တာလားဆိုတာမျိုး ခွဲခြားပြီးတော့ စိစစ်ခွင့်ပြုရတာပေါ့"ဟု သာကေတမြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးကမိန့်ဆိုသည်။

ရန်ကုန်မြို့သည် လူဦးရေ ၆သန်းနီးပါးရှိသော လူနေထူထပ်သည့် မြို့ကြီးတစ်မြို့ဖြစ်ခြင်းကြောင့် ပရဟိတလုပ်ငန်းလုပ်ကိုင်ရာတွင် ယခင်သဘာဝဘေးသင့်မှုဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေးအတွက် လူစည်ကားရာ နေရာများဖြစ်သည့် လမ်းဆုံ၊ ဈေးများ၊ ဈေးဝယ်စင်တာများတွင် အလှူခံမှုအများအပြားရှိခဲ့ပြီး အများစုမှာ အ ခက်အခဲဖြစ်သူများထံ အမှန်တကယ်ကူညီထောက်ပံ့ပေးမှုရှိသော်လည်း အချို့မှာအမည်ခံ၍ မိမိကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်မှုဖြစ်စဉ်များရှိခဲ့ဖူးကြောင်း ပရဟိတအသင်းအဖွဲ့အချို့က မှတ်ချက်ပြုသည်။

"အခက်အခဲ ဒုက္ခရောက်နေတဲ့သူတွေကိုခုတုံးလုပ်ပြီးတော့ လုပ်စားတဲ့ဖြစ်စဉ်မျိုးတွေကြုံတွေ့ဖူးတယ်။ ဒါဟာ သန့်သန့်ရှင်းရှင်းနဲ့ လူသားချင်းစာနာပြီး လုပ်ပေးကြတဲ့ လူငယ်လူရွယ်တွေအတွက် ထိခိုက်တယ်။ မဖြစ်သင့်ဘူး။ တရားဝင်ခွင့်ပြုချက်နဲ့ကတော့ ကောင်းတယ်"ဟု ၂၀၁၅ခုနှစ်က တစ်နိုင်ငံလုံးနီးပါးရေဘေးဒုက္ခကြုံတွေ့မှုတွင် ပရဟိတလုပ်ကိုင်ခဲ့သူတစ်ဦးက မှတ်ချက်ပြုသည်။

ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလုပ်ကိုင်ခွင့်ရှိသော ဥပဒေလုပ်ထုံးလုပ် နည်းများအနက် ၁၉၈၉ ခုနှစ် ဇွန်လ၆ရက်က ထုတ်ပြန်ခဲ့သော တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းသေဝပ် တည်ငြိမ်ရေးပျက်ပြားစေမည့် လုပ်ရပ်များအား တားမြစ်ခြင်းဟူသော လုပ်ပိုင်ခွင့် (က)အရ အဆိုပါ ဒေသန္တရ အမိန့်ကို ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ■**J-17**

မြေနိမ့်ကော်ဖီ (Robusta) ရောင်းရန်
(Dried Cherry)

ဆရာမဒေါ်ထက်ထက်ကျော် ကိုယ်တိုင်ဦးစီးသော
ပညာတံခွန်
၇၊ ၈၊ ၉၊ ၁၀ တန်း
စာသင်၊ စာကျက်ဝိုင်း
CAMP
ဘော်ဒါ
09 770753567, 09 421123140, 09 785072298

# EDITORIAL

# အွန်လိုင်းလူမှုကွန်ရက်ကို ပုံဖျက်သူများ

အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် အမုန်းစကားပြောသူများတိုးပွားလာခြင်းနှင့်အတူ ယခုနောက်ပိုင်း သတင်းအမှားများ၊ သတင်းအမှားနှင့်အမှန်ရောထားသည့် ထင်ယောင်ထင်မှား သတင်းများ ဖြန့်ချိခြင်း၊ အွန်လိုင်းလူမှုကွန်ရက်ပေါ်မှတစ်ဆင့် အုပ်စုဖွဲ့၍ အနိုင်ကျင့်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း စသည့် ပြစ်မှုမြောက်သော လုပ်ရပ်များပါ ကျူးလွန်လာကြသည်ကိုတွေ့ရသည်။

အွန်လိုင်းလူမှုကွန်ရက်ကို စနစ်တကျ စောင့်ကြည့်လေ့လာနေသည့် အဖွဲ့အစည်းတစ်ခု၏ အဆိုအရ ယခုနောက်ပိုင်း အမုန်းစကားထက် ပိုအန္တရာယ်ကြီးသော ပြင်းထန်သည့် စကားလုံးများပါ အသုံးပြုပြီး မြန်မာလူ့အဖွဲ့အစည်း အပေါ်ခြိမ်းခြောက်လာသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

များသောအားဖြင့် အဆိုပါ ပြင်းထန်သောစကားလုံးများသည် ပြင်းထန်သော အမျိုးသားရေးခေါင်းစဉ်အောက်ရှိအကြောင်းအရာများတွင် အတွေ့ရများလာပြီး စနစ်တကျ အုပ်စုဖွဲ့လေ့ကျင့်ထားသူများထံမှသာမက ယခုနောက်ပိုင်း အခြားသော သာမန်လူအချို့သို့ပါ ကူးစက်သုံးနှုန်းပြောဆိုမှု ရှိလာသည်။

လူတို့၏ သဘာဝမှာ စရိုက်ကောင်းဖြစ်စေ၊ စရိုက်ဆိုးဖြစ်စေ အချိန်ကြာကြာ အတွေ့ရများ၊ ထိတွေ့မှုများလာသည်နှင့်အမျှ မသိမသာ ကူးစက်၊ ယဉ်ပါးလာတတ်သည့် သဘောရှိသည်။ အွန်လိုင်းလူမှုကွန်ရက်ပေါ်တွင် သုံးနှုန်းပြောဆိုနေသည့်ဝေါဟာရစကားလုံးများ တဖြည်းဖြည်း အသုံးတွင်လာခြင်းမှာ ယင်းအချက်ကြောင့်လည်းပါသည်။

အထူးသဖြင့် အွန်လိုင်းပေါ်တွင် အုပ်စုဖွဲ့ထားသူများက ၎င်းတို့နှင့် အယူအဆ၊ ရပ်တည်ချက်မတူသူများဘက်မှ ၎င်းတို့ သဘောမတူသော အကြောင်းကိစ္စတစ်ခု ဆောင်ရွက်လုပ်ကိုင်သည်ဖြစ်စေ၊ ပြောဆိုဆွေးနွေးသည် ဖြစ်စေ ထိုအရာကို အလွန်ပြင်းထန်သော မှတ်ချက်များ ဝင်ပေးကာ ဆန့်ကျင်၊ ကန့်ကွက်၊ အနှောင့်အယှက်ပေးလာကြသည်။

အွန်လိုင်းလူမှုကွန်ရက်သည် လူများစွာတို့၏ သတင်းအချက်အလက်ပေးရာ၊ ဖျော်ဖြေပေးရာ၊ လူမှုကိစ္စရပ်များ ထိတွေ့ဆက်ဆံရာ၊ နေ့စဉ် လုပ်ငန်းဆောင်တာများ အသိပေးရာ၊ စီးပွားရေးလုပ်ငန်းများ ကြော်ငြာရာ ကြားခံပစ္စည်းတစ်ခုအဖြစ်သာမက နှစ်ပေါင်းများစွာ မျိုသိပ်ထိန်းချုပ်လာခဲ့သော နိုင်ငံသားတို့၏ စိတ်အလိုမကျမှုများ ထွက်ပေါက်ပေးရာ နေရာအဖြစ်ပါ အသုံးချလာကြသည်။

ထို့ကြောင့်လူများစွာတို့၏ နေ့စဉ်ဘဝများအတွက် မရှိမဖြစ် အထောက်အကူပစ္စည်း သို့မဟုတ် မီဒီယာတစ်ခုအသွင် တဖြည်းဖြည်း ရောက်ရှိလာပြီး အခြားတစ်ဖက်တွင်လည်း မိမိတို့ဩဇာ၊ အာဏာ၊ လုပ်ပိုင်ခွင့်နှင့် အကျိုးစီးပွားများကို ကာကွယ်ရန်၊ ရွေးကောက်ပွဲအနိုင်ရရှိရန်၊ ရွေးကောက်ပွဲ ရှုံးနိမ့်သွားစေရန်၊ လူအများ၏ ချစ်ခင်လေးစားမှု တိုးလာစေရန်၊ အထင်လွဲမုန်းတီးမှု ဖြစ်သွားစေရန် အသုံးချခံပစ္စည်းတစ်ခုအဖြစ်သို့လည်း ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင် ဖေ့စ်ဘွတ်ခ်ထူထောင်သူ မာ့ခ်ဇက်ကာဘက်ကို လွှတ်တော်က ခေါ်ယူမေးမြန်းလာခြင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အမုန်းစကားများအတွက်ပါ သီးသန့် ထည့်သွင်းမေးမြန်းလာခြင်း၊ မြန်မာနိုင်ငံမှ အရပ်ဘက်လူ့အဖွဲ့အစည်းအချို့က အမုန်းစကားနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ခ်ထံ တုံ့ပြန်တိုင်ကြားမှုများဆောင်ရွက်လာခြင်း၊ သီရိလင်္ကာနိုင်ငံတွင် ဘာသာရေးပဋိပက္ခများ ဖြစ်ပေါ်သည့်အခါ အစိုးရက နိုင်ငံသားတို့၏ ဖေ့စ်ဘွတ်ခ်သုံးစွဲခွင့်ကို ယာယီပိတ်ပင်ခြင်း စသည့်အကျိုးဆက်များ တွေ့မြင်လာရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အရပ်ရပ်တွင်ပါ တစ်နေ့တခြား အသုံးများတွင်ကျယ်လာသော ဖေ့စ်ဘွတ်ခ်အပါအဝင် လူမှုကွန်ရက်များသည် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေးကြုံရနိုင်သည့်အတွက် သက်ဆိုင်ရာ အစိုးရတို့က အခြေခံလူ့အခွင့်အရေးကို မထိခိုက်စေသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများဖြင့် စောင့်ကြပ်၊ ထိန်းညှိ၊ အကာအကွယ်ပေး၊ လိုအပ်ပါက အရေးယူခြင်းတို့ဖြင့် တုံ့ပြန်လာကြရသည်။

မြန်မာနိုင်ငံတွင်မူ ယနေ့အချိန်အထိ အွန်လိုင်းလူမှုကွန်ရက်ပေါ်မှတစ်ဆင့် အုပ်စုဖွဲ့ အမုန်းစကားဖြန့်ချိသူများ၊ အန္တရာယ်ရှိ ပြင်းထန်မှတ်ချက်စကားပေးသူများကို စနစ်တကျ စောင့်ကြည့်၊ ထိန်းချုပ်မှုမရှိသေးဘဲ လူအများစုကို ထိခိုက်လှုံ့ဆော်၊ သွေးထိုး၊ နှောင့်ယှက်နေသော အုပ်စု၊ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်အချို့ကို တမင်လွှတ်ပေးထားသကဲ့သို့ဖြစ်နေပြီး အမှန်တရားကို ထုတ်ဖော်ဝန်ခံရဲသူနှင့် ပရော်ဖက်ရှင်နယ်အလုပ်ကို တာဝန်ယူထမ်းဆောင်နေသူအချို့ကို အငြင်းပွားဖွယ် ဥပဒေပုဒ်မများဖြင့်အရေးယူနေခြင်းမှာ ပရမ်းပတာဒီမိုကရေစီခေါင်းစဉ်အဖြစ် စနစ်တကျ ပုံဖျက်လုပ်ကြံနေသူများ အကြိုက်တွေ့သွားနိုင်ကြောင်း သတိပေးထောက်ပြလိုရင်းဖြစ်သည်။

**အယ်ဒီတာ (၉-၅-၂၀၁၈)**

# ဇွန်လမှစ၍ အဆင့်မီ ဘတ်စ်ကားမှတ်တိုင် ၃၅၀ ကို ပထမအဆင့် ဦးစားပေးတည်ဆောက်မည်

**ရန်ကုန်၊ မေ ၉**

ရန်ကုန်မြို့၌ အသစ်လဲလှယ်မည့် နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားမှတ်တိုင် ၅၀၀ အနက် လုပ်ငန်းစီမံချက်အရ ပထမအဆင့်အနေနှင့် မှတ်တိုင် ၃၅၀ကို မြို့တွင်းမြို့နယ်များတွင် ဇွန်လဆန်းမှစ၍ ဦးစားပေးတည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"တင်ဒါအောင်ကုမ္ပဏီနဲ့ သဘောတူစာချုပ်မှာလည်း ပါပြီးသားပါ။ လျာထားချက်က လာမယ့်နှစ် နိုဝင်ဘာလမှာ မှတ်တိုင်အားလုံး အသစ်လဲလှယ်ပြီးဖြစ်ရမယ်" ဟု ၎င်းက ဆိုသည်။

အဆင့်မီဘတ်စ်ကားမှတ်တိုင်တစ်ခုစီတွင် ခရီးသည်များ ဘတ်စ်ကားစောင့်ဆိုင်းပါက မှတ်တိုင်သို့ ဆိုက်လာသော ဘတ်စ်ကားနံပါတ်နှင့် အချိန်ခန့်မှန်းချက်ကို ဖော်ပြပေးမည့် LED Screen တပ်ဆင်မည်ဖြစ်ပြီး ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ USB ပလပ်ပေါက်များ ထားရှိပေးမည့်အပြင် ရန်ကုန်မြို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ပြသည့်ဆိုင်းဘုတ်နှင့် ကြော်ငြာဆိုင်းဘုတ်များ ပါရှိမည်ဖြစ်ကြောင်း တင်ဒါအောင်မြင်ထားသည့် FMI Decaux ကုမ္ပဏီထံမှ သိရသည်။

ထိုသို့ ဘတ်စ်ကားမှတ်တိုင်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန် ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်က ပြင်သစ်နည်းပညာ JCDecaux ကုမ္ပဏီနှင့် ပြည်တွင်း FMI ကုမ္ပဏီတို့ ပူးပေါင်းဖွဲ့စည်းထားသည့် FMI Decaux ကုမ္ပဏီကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တင်ဒါခေါ်ယူ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဘတ်စ်ကားမှတ်တိုင် တစ်ခုလျှင် ကျပ်သိန်း ၃၅၀ ခန့် အသုံးပြုတည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က ပြောကြားထားသည်။

"ကမ္ဘာ့အဆင့်မီ ဘတ်စ်ကားမှတ်တိုင်မျိုးတွေ ရန်ကုန်မြို့မှာ ဖော်ဆောင်မှာပါ" ဟု FMI Decaux ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင် အဆင့်မီ ဘတ်စ်ကားမှတ်တိုင်တည်ဆောက်ရေးလုပ်ငန်း အပါအဝင် ကြော်ငြာလုပ်ငန်း၊ ရန်ကုန်မြို့၏ သတင်းအချက်အလက်များကို ဖော်ပြမည့် ဆိုင်းဘုတ်တင်ဆင်ရေးလုပ်ငန်း အားလုံးကို နှစ် ၂၀ စီမံကိန်းဖြင့် FMI Decaux ကုမ္ပဏီက လုပ်ကိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ■J-17

The VOICE Daily **CARTOON**



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Hoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရဲတပ်ဖွဲ့ဝင်များကို ထိုးကြိတ်ပြီး သေနတ်လုယူသူကို ပစ်ခတ်ဖမ်းဆီး

**ရန်ကုန်၊ မေ ၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂ ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်းတွင် မေလ ၈ ရက် ည ၁၁ နာရီခွဲ ဝန်းကျင်က ရဲတပ်ဖွဲ့ဝင်များကို ထိုးကြိတ်ပြီး ပြောင်းချော သေနတ်ကို လုယူရန် ကြံစည်သည့် အသက် ၃၂ နှစ် အရွယ် အမျိုးသားတစ်ဦးကို သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ကာ ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသူ ချမ်းမြေ့လင်း(ခ) ခေါင်းဖြူမှာ ယင်းညက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၅ ရပ်ကွက်၊ ပင်လုံလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ ထမင်းကြော်ဆိုင် တစ်ဆိုင်မှ စားပွဲခုံနှင့် ထိုင်ခုံများကို ဖျက်ဆီးခဲ့သည့်အဖွဲ့တွင် ပါဝင်ခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

"လူငယ်တစ်စုက ထမင်းကြော်ဆိုင်ထဲ ဝင်သောင်းကျန်းနေတယ်လို့ 199 ကို သတင်းပေးလာလို့ အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးခဲ့တယ်။ ဒါပေမဲ့ ဟိုရောက်တော့ သူတို့အဖွဲ့က မရှိတော့ဘူး။ ဆိုင်ရှင်က သူ့ဆိုင်ဖျက်ဆီးတဲ့အဖွဲ့ထဲမှာ ချမ်းမြေ့လင်း (ခ) ခေါင်းဖြူပါကြောင်း ပြောပြလို့ ခေါင်းဖြူအိမ် စုံစမ်းပြီး ရပ်ကွက် လူကြီးတွေနဲ့အတူ သွားဖမ်းချိန်မှာ သူတို့ မိသားစုဘက်က ရန်ပြုအော်ဟစ်ဆဲဆိုပြီး သေနတ်ပါ လုယူဖို့အထိ ပြုမူလာတာကြောင့် ပစ်ခတ်ဖမ်းဆီးခဲ့တာပါ"ဟု ရဲအရာရှိက ရှင်းပြသည်။

ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်အတူ နေအိမ်သို့ ရောက်လာသည့် ရဲတပ်ဖွဲ့ဝင်များကို ချမ်းမြေ့လင်း (ခ) ခေါင်းဖြူ၏ မိခင်၊ ညီနှင့် အမည်မသိ အမျိုးသမီးတို့က ရန်ပြုအော်ဟစ်ဆဲဆိုနေစဉ် ချမ်းမြေ့လင်း(ခ) ခေါင်းဖြူက ရဲတပ်ဖွဲ့ဝင်များကို ထိုးကြိတ်ကန်ကျောက်ကာ ရဲတပ်သားတစ်ဦး ကိုင်ဆောင်ထားသည့် ၁၂ ဗို့ ပြောင်းချော သေနတ်ကို လုယူသောကြောင့် သေနတ်မိုးပေါ်ထောင် ပစ်ခြောက်လှန့်ခဲ့သော်လည်း ၎င်းက ထပ်မံ လုယူနေသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခံရသူ ချမ်းမြေ့လင်း(ခ)ခေါင်းဖြူမှာ လည်ပင်း၊ ပခုံး၊ ရင်အုံ၊ ဝမ်းဗိုက်၊ ပေါင်၊ ဆီးစပ် နေရာတို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး တာဝန်ဝတ္တရား ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အဖွဲ့ဝင်များကို သေစေမည့် နာကျင်မှုဖြစ်ရန် အကြံဖြင့် သေနတ်လုယူခဲ့သူနှင့် ဟန့်တားနှောင့်ယှက်ခဲ့သည့် ၎င်း၏ မိသားစုဝင်များကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၀၇/ ၃၃၂ ဖြင့် အမှုဖွင့် အရေးယူထားသည်။ **S-03**

# ပုရွက်ဆိတ်ကုန်းဘူတာ၌ ရထားစက်ခေါင်းတွဲချော်

**ရန်ကုန်၊ မေ ၉**

ရန်ကုန်-ပုရွက်ဆိတ်ကုန်း-အင်းစိန် ခရီးစဉ်ကို ပြေးဆွဲပေးသည့် သ-၄ ရထားစက်ခေါင်းသည် မေလ ၉ ရက်၊ နံနက် ၉ နာရီခွဲခန့်က စက်ခေါင်းတွဲချော်မှုဖြစ်ပွားခဲ့ကြောင်း မြန်မာ့မီးရထား၊ တိုင်း-၇ (သွားလာပို့ဆောင်ရေးဌာန)မှ တာဝန်ရှိတစ်ဦးက ပြောကြားသည်။

"ခရီးသည်တင်တွဲ မပါဘူး။ စက်ခေါင်းကြီးပဲ ဖြစ်တာပါ။ ပုရွက်ဆိတ်ကုန်းမှာ ရထားဂိတ်ဆုံးပြီးချိန်မှာ မတော်တဆဖြစ်သွားတာပါ။ နာရီပိုင်းအတွင်းပဲ လမ်းပြန်ပွင့်သွားတယ်"ဟု ၎င်းက ဆိုသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီကခေါင်းလှည့် သ-၄ ရထား အမှတ် DD933 အမျိုးအစားစက်ခေါင်းမှာ ရန်ကုန်မှ ပုရွက်ဆိတ်ကုန်းဘူတာတွင် ဂိတ်ဆုံးသဖြင့် ရထားရပ်နားပြီး အင်းစိန်သို့ပြန်ထွက်ရန် စက်ခေါင်းပြန်လှည့်ချိန်တွင် တွဲချော်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

မြန်မာ့မီးရထားက လက်မှတ်စစ်အဖွဲ့ ပြန်လည်မတင်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ပြန်လည် ထွက်ခွာခဲ့ကြောင်း မြန်မာ့မီးရထား၊ တိုင်း-၇ (သွားလာပို့ဆောင်ရေးဌာန)မှ တာဝန်ရှိတစ်ဦးက ပြောကြားသည်။

■ **J-06**






# ရန်ကုန်မြို့သစ်စီမံကိန်းလုပ်ကွက်ပါ လယ်ရှင်များကို မြေအချိုးကျပြန်ပေးမည်

**ရန်ကုန်၊ မေ ၉**

ကြည့်မြင်တိုင်တစ်ဖက်ကမ်း ရန်ကုန်မြို့သစ်စီမံကိန်းလုပ်ကွက်တွင်ပါဝင်သော လယ်ရှင်များကို မြေအချိုးကျ ပြန်လည်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"စီမံကိန်းမှာပါဝင်တဲ့ လယ်သမားတွေကိုမြေ ၁၀ ဧကအသိမ်းခံရတယ်ဆိုရင် မြေ ၂ ဧက ပြန်ပေးပါမယ်။ ဒီလိုပဲ အဲဒီနေရာမှာ မြေကြိုဝယ်ထားတဲ့သူတွေလည်း ဒီလိုမျိုးအချိုးကျ ပြန်ရမှာပဲဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့သစ်စီမံကိန်းသာမက အခြားသောစက်မှုဇုန်များ တည်ထောင်မည်ဆိုပါကလည်း တောင်သူလယ်သမားများ သိရှိရန် သတင်းကြိုပေးမည်ဖြစ်ကြောင်း၊ သို့မှသာ မြေဈေးကစားမှုများကို ကာကွယ်နိုင်ခြင်းနှင့် စီမံကိန်းမှရလာသည့် အကျိုးအမြတ်များကို ပြည်သူများခံစားစေရန်ဖြစ်ကြောင်း ဦးဖြိုးမင်းသိန်းက ဆိုသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံခြားကုမ္ပဏီတစ်ခုက ရန်ကုန်မြို့လယ်ဘက်မှ တံတားတစ်စင်းထိုးပေးရန်နှင့် ပန်းလှိုင်မြစ်ဘက်ကလည်း တံတားတစ်စင်းထိုးပေးရန် ကမ်းလှမ်းထားမှုများရှိသည့်အတွက် မြို့သစ်တည်ရာမှရရှိသည့် ငွေများဖြင့် မြို့ဟောင်းတွင် ဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စီမံကိန်း၏ ပထမအဆင့်အတွက် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းအဆိုပြုလွှာကို တရုတ်ကုမ္ပဏီ CCCC အားတင်သွင်းခွင့်ကို ယခုလအတွင်း ခွင့်ပြုမိန့်ပေးခဲ့ပြီး နောင်လာမည့် ဆောက်လုပ်ရေးများအတွက် ကုမ္ပဏီများကို တင်ဒါခေါ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

မြေယာလျော်ကြေးပေးသည့်ငွေသည် ကာလပေါက်ဈေးဆိုသော်လည်း အပြင်ဈေးကွက်ပေါက်ဈေးထက်နည်းသောကြောင့် ငွေလျော်မည့်အစား မြေပေးခြင်းမှာ ပို၍ဖြစ်သင့်ကြောင်း၊ ယခင်က တင်ဒါအောင်ခဲ့သည့်ကုမ္ပဏီများကို ဖျက်သိမ်းခြင်းမှာလည်း စီမံကိန်းနှင့်ပတ်သက်၍ လူတစ်စုကောင်းစားရေးကို ကြိုမြင်ခဲ့သောကြောင့်ဖြစ်ကြောင်း စက်မှုကုန်ထုတ်လုပ်ငန်းရှင်များက ပြောဆိုကြသည်။

"အဓိက က စီမံကိန်းလုပ်တယ်ဆိုရင် သူ့ဘေးနားပတ်ဝန်းကျင်နဲ့ ကပ်လျက်မြေတွေက ဈေးတက်လေ့ရှိတယ်။ အခု အစိုးရက မြေပြန်ပေးမယ်ဆိုတော့ အနီးအနားတစ်ဝိုက်က မြေကိုပြန်ပေးရင် လယ်သမားတွေအတွက် အကျိုးရှိတယ်။ စီမံကိန်းနဲ့ တော်တော်ဝေးတဲ့မြေဆိုရင် ဈေးက သိပ်မတက်ဘူး။ ဒါက အစိုးရဘယ်လိုပေးမလဲဆိုတာ စောင့်ကြည့်ရမယ်" ဟု အထည်ချုပ်လုပ်ငန်းရှင် ဦးအောင်ဝင်းက ပြောကြားသည်။

ရန်ကုန်မြို့သစ်စီမံကိန်းအရ လူဦးရေ သုံးသန်းကျော်နေထိုင်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း နှစ်သန်းကျော်ရရှိမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

■ J-13



ဓာတ်ပုံ - The Voice

# ရန်ကုန်လေဆိပ်တွင် ဘတ်စ်ကားမှတ်တိုင်နှစ်ခု ဆောက်မည်

**ရန်ကုန်၊ မေ ၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်-ဆူးလေ-ရန်ကုန်ဘူတာကြီးခရီးစဉ်ပြေးဆွဲမည့် အမြန်ယာဉ်လိုင်းအတွက် ဘတ်စ်ကားမှတ်တိုင်နှစ်ခုကို အဆိုပါလေဆိပ်က တည်ဆောက်ပေးမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"Bus Stop နှစ်ခု တည်ဆောက်ပေးမယ်ဆိုတာ ဟုတ်ပါတယ်။ လေဆိပ်ဝင်ပေါက် ၁ နဲ့ ၃ (Terminal 1 နဲ့ 3) မှာပါ။ ခရီးသည်တွေ သက်သောင့်သက်သာ ထိုင်စောင့်နိုင်မယ့် ပုံစံဖြစ်အောင် ဆောင်ရွက်မှာဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ Bus Stop နှစ်ခုအတွက် ဒီဇိုင်းရေးဆွဲနေပြီး ကုန်ကျစရိတ်တွက်ချက်လျက်ရှိကာ လေဆိပ်နှင့် သင့်လျော်ပြီး အမိုးပါသော Bus Stop ဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မေလ ၆ ရက်က အဆိုပါခရီးစဉ်ပြေးဆွဲနိုင်ရေး YRTA နှင့် လေဆိပ်မှတာဝန်ရှိသူများ၊ Omni Focus မှတာဝန်ရှိသူတို့ လေဆိပ် အဝင်၊ အထွက် လမ်းကြောင်းများ သတ်မှတ်ရေး airport terminal bus stop နေရာသတ်မှတ်ရေးနှင့် ယာဉ်ရပ်နားနေရာစီစဉ်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

"လေဆိပ်က မှတ်တိုင်လုပ်ပေးဖို့ စီစဉ်နေတယ်။ လေကြောင်းခရီးစဉ်တွေကိုလည်း တွက်ချက်ပေးနေပါတယ်" ဟု Omni Focus ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးထွန်းတောက်ဝင်းက ဆိုသည်။

အဆိုပါယာဉ်လိုင်းခရီးစဉ်ကို မေလအတွင်း ပြေးဆွဲမည်ဖြစ်ပြီး လက်ရှိ YBS ယာဉ်လိုင်းများကဲ့သို့ အချိန်ပြည့် ပြေးဆွဲမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ လေယာဉ်ခရီးစဉ်အချိန်အတိုင်း ယာဉ်လိုင်း ထွက်ချိန်၊ သိမ်းချိန် သတ်မှတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အစက ၁၅ ရက် မတိုင်ခင်ပြေးဆွဲဖို့လျာထားတာပါ။ လက်ရှိက လေကြောင်းရဲ့ခရီးစဉ်အချိန်တွေကို တွက်ချက်နေတာဖြစ်တော့ အားလုံးအဆင်သင့်ဖြစ်ချိန်မှ ဆွဲတော့မယ်။ ယာဉ်စီးခကလည်း YRTA က ချပေးတော့မှ အသိပေးမယ်" ဟု ၎င်းက ဆိုသည်။

စတင်ပြေးဆွဲမည့်ရက်ကို ကုမ္ပဏီက သတ်မှတ်မည်ဖြစ်ပြီး လက်ရှိတွင် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေဆဲဖြစ်၍ ခရီးသည်တစ်ဦး၏ယာဉ်စီးခနှုန်းကို ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါယာဉ်လိုင်းကို ယာဉ်စီးရေ ၅၀ ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းများမှာ ရန်ကုန်လေဆိပ်-ဧမိုင်-ကိုးမိုင် အိုရှင်း-နဝဒေး-ကမ္ဘာအေးဘုရားလမ်း-အင်းလျားလိပ်ဟိုတယ်-မြန်မာပလာဇာ- ရွှေဂုံတိုင်(excel)-တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)-ဆူးလေ-ရန်ကုန်ဘူတာကြီးတို့ဖြစ်သည်။

■ J-06

# NEWS IN BRIEF

## ရန်ကုန်ရှိ မြို့နယ် ၂၂ ခု ယနေ့ အချိန်ပိုင်းမီးပြတ်မည်

**ရန်ကုန်၊ မေ ၉**

ဓာတ်အားလိုင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ဓာတ်ကြိုးနှင့် မလွတ်သော သစ်ကိုင်းများ ရှင်းလင်းမည်ဖြစ်၍ ရန်ကုန်မြို့ရှိ မြို့နယ် ၂၂ ခု ယနေ့(မေ ၁၀) ရက်တွင် အချိန်ပိုင်းမီးပြတ်မည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ထုတ်ပြန်သည်။

နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း အချိန်ပိုင်း မီးပြတ်မည့်မြို့နယ်များမှာ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတစ်ပင်၊ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သန်လျင်မြို့တို့ဖြစ်သည်။

## CANAL + Myanmar ပထမဆုံးမြန်မာဇာတ်လမ်းတွဲ စပြ

**ရန်ကုန်၊ မေ ၉**

အခပေးရုပ်သံလိုင်းဖြစ်သည့် CANAL + Myanmar ၏ပထမဆုံး မြန်မာဇာတ်လမ်းတွဲဖြစ်သော Toxic အဆိပ် သွေး ရုပ်သံဇာတ်လမ်းတွဲကို မေလ ၃ ရက်မှစ၍ အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြသလျက်ရှိကြောင်း CANAL + Myanmar က သတင်းထုတ်ပြန်သည်။

CANAL+ ZAT LENN လိုင်းတွင် ယင်းနေ့ည ၈ နာရီအချိန်တွင် ထုတ်လွှင့်ပြသနေပြီး ပြင်သစ်အခြေစိုက် CANAL+ Group နှင့် မြန်မာနိုင်ငံအခြေစိုက် Forever Group တို့က ပူးပေါင်းစီစဉ် ရိုက်ကူးထားခြင်း ဖြစ်သည်။

လျှို့ဝှက်သည်းဖိုဇာတ်လမ်းဖြစ်သော အဆိုပါဇာတ်ကားတွင် အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီမင်းဦးတို့နှင့်အတူ သရုပ်ဆောင်အသစ်များက ပါဝင်သရုပ်ဆောင်ထားကြသည်။

■ J-10



Photo-May Hlaine Thu

## လက်ကျန်အစိုးရသက်တမ်းအတွင်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး ဆောင်ရွက်မည်ဟု စီမံ/ဘဏ္ဍာဝန်ကြီးဆို

**ရန်ကုန်၊ မေ ၉**

လက်ရှိအစိုးရ၏ ကျန်ရှိသည့်သုံးနှစ်တာကာလအတွင်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကို အဓိကဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မေလ ၉ ရက်နေ့ကကျင်းပသည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြောကြားသည်။

"အခြေခံအဆောက်အဦနဲ့ပတ်သက်တဲ့ တချို့ပရောဂျက်တွေဟာ ၂ နှစ်၊ သုံးနှစ်ကြာသည်ဆိုသော်ငြားလည်း နောက်အစိုးရသက်တမ်းအထိ ပြီးမြောက်အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ကုန်သွယ်ရောင်းဝယ်ရေးကဏ္ဍအတွက် အရေးကြီးသည့် လမ်းတံတားကိစ္စများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် အဓိကအခက်အခဲဖြစ်နေသည့်အကြောင်းအရင်းမှာ အခြေခံအဆောက်အဦ လိုအပ်ချက်ကြောင့်ဖြစ်ပြီး ယင်းကိစ္စကို ရန်ကုန်တိုင်းအပါအဝင် အခြားတိုင်းနှင့်ပြည်နယ်များတွင်လည်း ဆောင်ရွက်သင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောဆိုသည်။

"ဒါက နိုင်ငံခြားသားလုပ်ငန်းရှင်တွေ အမေးများလို့ ဒီနေ့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံတဲ့ပွဲမှာ ပြောလိုက်တယ်လို့ ထင်တယ်။ ဒီလိုပြောပေမယ့်လည်း အစိုးရသက်တမ်း ၂ နှစ်ကျော်ကာလအတွင်းမှာ လျှပ်စစ်ပြဿနာကိုပြေလည်အောင် မဖြေရှင်းနိုင်သေးဘူး" ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံပမာဏ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ပြည်တွင်းတွင် အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးရန်လိုအပ်နေသည့်အတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းစီမံကိန်းတွင် ယင်းကဏ္ဍကို ဦးစားပေးရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး နိုင်ငံ၏ဦးစားပေးစီးပွားရေးကဏ္ဍတွင်လည်း အခြေခံအဆောက်အဦကို ထည့်သွင်းထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။■J-13

## ဓာတုပစ္စည်း တင်သွင်းတင်ပို့လုပ်ငန်းများ လုပ်ငန်းလိုင်စင် စလျှောက်ရမည်

**ရန်ကုန်၊ မေ ၉**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပမှ တင်သွင်း၊ တင်ပို့သည့် လုပ်ငန်းများအနေနှင့် ၂၀၁၈ ခုနှစ် မေလမှစတင်၍ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ စတင်လျှောက်ထားရမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနထံမှ သိရသည်။

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က ထုတ်ပြန်ခဲ့သော်လည်း ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်မှသာ ဖွဲ့စည်းနိုင်သောကြောင့် လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ လျှောက်ထားစရာမလိုဘဲ တင်သွင်း၊ တင်ပို့ခြင်းအတွက် ထောက်ခံချက်များကို အခမဲ့ထုတ်ပေးခဲ့ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

"လိုင်စင်တွေက အခုမှစပေးတာပါ။ စီးပွား/ကူးသန်းကိုပေးရတဲ့ တင်သွင်း၊ တင်ပို့လိုင်စင် ထောက်ခံချက်ကတော့ အခမဲ့ပဲ။ ဒါပေမဲ့ ထောက်ခံချက်မထုတ်ပေးခင်မှာ လုပ်ငန်းလိုင်စင်နဲ့ မှတ်ပုံတင်လျှောက်ရမယ်။ လုပ်ငန်းလိုင်စင်နဲ့ မှတ်ပုံတင်လက်မှတ်လျှောက်မှ ထောက်ခံချက်ရမှာပါ။ အရင်ကတော့ဥပဒေက အကောင်အထည်ဖော်ရတာ နောက်ကျတဲ့အတွက် မျက်စိမှိတ်ပြီးပေးနေတာ" ဟု စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်က ပြောကြားသည်။

လုပ်ငန်းလိုင်စင်များလျှောက်ထားရာတွင် လိုင်စင်တစ်မျိုးလျှင် ကျပ်တစ်သိန်းဖြစ်ပြီး ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ် ၁၀ မျိုးလျှင် ကျပ်ငါးသောင်းဖြစ်ကာ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်သက်တမ်းကာလမှာ ၂ နှစ်ဖြစ်ကြောင်း စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနထံမှ သိရသည်။

"ရှေ့တုန်းတဲ့သူတွေကတော့ ဓာတုပစ္စည်းလိုင်စင်ကို အရင်ကတည်းက လာလျှောက်ကြတယ်။ ဓာတုပစ္စည်းကိုတကယ်သုံးတဲ့သူတွေက လာမလျှောက်ကြလို့လုပ်တာပါ။ ဥပဒေ၊ နည်းဥပဒေအရဆိုလျှောက်ရမှာ။ ဒီလိုလျှောက်ခိုင်းလိုက်တဲ့အတွက် အစိုးရအနေနဲ့လည်း ဓာတုပစ္စည်းတွေကို စီမံခန့်ခွဲရတာ ပိုကောင်းသွားတာပေါ့" ဟုဒေါက်တာအောင်မြင့်က ဆက်လက်ပြောဆိုသည်။

လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များကို နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၊ ဗဟိုကြီးကြပ်ရေးအဖွဲ့တွင် စတင်လျှောက်ထားနိုင်ပြီး တင်သွင်း၊ တင်ပို့ထောက်ခံချက်မထုတ်ယူမီ လုပ်ငန်းလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များ ဦးစွာလျှောက်ထားရမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။ ■J-11

## အကျိုးတူကန်ထရိုက်စနစ်ဖြင့် ပြောင်းစိုက်မည်

**ရန်ကုန်၊ မေ ၉**

ကရင်ပြည်နယ်ရှိ စိုက်ပျိုးမြေဧက ၂၀၀ ခန့်တွင် အစေ့ထုတ်ပြောင်းကိုအကျိုးတူကန်ထရိုက်လယ်ယာ (Contract Farming) စနစ်ဖြင့် စတင်စိုက်ပျိုးထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများအသင်းထံမှ သိရသည်။

အကျိုးတူကန်ထရိုက်စနစ်ဆောင်ရွက်မည့်တောင်သူများကို မြန်မာနိုင်ငံပြောင်းစိုက်ပျိုးသူများအသင်းက မျိုးစေ့၊ မြေသြဇာ၊ စက်ကိရိယာများ ပေးအပ်မည်ဖြစ်ပြီး သီးနှံပေါ်သည့်အချိန်တွင်လည်း ပြန်လည်ဝယ်ယူရန်အတွက် အခြေခံဈေးနှုန်းကို သတ်မှတ်ပေးမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

"အနိမ့်ဆုံးဈေးကိုတော့ သတ်မှတ်ပေးထားပြီးတော့ သီးနှံပေါ်တဲ့အချိန်မှာ ဈေးတက်ရင် တက်တဲ့ဈေးနဲ့ ဝယ်ရမှာ။ အနိမ့်ဆုံးဈေးထက်ကျခဲ့ရင် အနိမ့်ဆုံးဈေးနဲ့ ဝယ်ပေးရမှာ။ တောင်သူက သူစိုက်ချင်တဲ့မျိုးနဲ့၊ သူကြိုက်တဲ့ မြေသြဇာကို ရွေးချယ်ခွင့်ရှိတယ်။ တောင်သူတွေအတွက် အရင်းအနှီးမရှိတဲ့ပြဿနာကို ဖြေရှင်းပေးနိုင်တယ်" ဟု မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများအသင်း အတွင်းရေးမှူး ဦးမြင့်မောင်က ပြောကြားသည်။

အနိမ့်ဆုံးသတ်မှတ်မည့်ဈေးနှုန်းနှင့် စိုက်ပျိုးမြေဧကအတိအကျကို လက်ရှိတွင် တောင်သူများနှင့် ဆွေးနွေးဆဲဖြစ်ပြီး လာမည့်ဩဂုတ်လတွင် အကျိုးတူစနစ်ဖြင့် စတင်စိုက်ပျိုးနိုင်ရန် သဘောတူစာချုပ်များ ချုပ်ဆိုမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ကရင်ပြည်နယ်အတွင်းတွင် ပြောင်းအကျိုးတူကန်ထရိုက်လယ်ယာစနစ်ကို ထိုင်းနိုင်ငံသားများ ဝင်ရောက်လုပ်ကိုင်လျက်ရှိသောကြောင့် ပြည်တွင်းတောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရန် ပြောင်းအသင်းအနေနှင့် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောင်းအသင်းထံမှ သိရသည်၊

လက်ရှိပြည်တွင်းတွင် ပြောင်းအစေ့တစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၆၆၀ ခန့်အထိ ပေါက်ဈေးရှိပြီး ပြည်ပနိုင်ငံများတွင် ပြောင်းအစေ့တစ်ပိဿာလျှင် ကျပ် ၃၆၀ ခန့်အထိသာ ပေါက်ဈေးရှိသောကြောင့် ပြည်တွင်းပြောင်းဈေးကွက်အတွင်းသို့ ထိုင်းနိုင်ငံသားများ ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■ J-11

### မေလ ၉ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 10(AM) Price | 11(AM) Price | 12(AM) Price | 1(PM) Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|---|---|
| FMI | 11500 | 11500 | 11500 | 11500 | 11500 | - | 984 | 11,316,000 |
| MTSH | 3050 | 3050 | 3050 | 3000 | 2950 | -100 | 11191 | 33.493,350 |
| MCB | 8000 | 8000 | 8000 | 8000 | 8000 | - | 0 | 0 |
| FPB | 25500 | 25500 | 24500 | 24500 | 25500 | - | 45 | 1,127,500 |
| TMH | 2850 | 2850 | 2850 | 2850 | 2850 | - | 0 | 0 |

# ရသေ့တောင် လစ်လပ်မဲဆန္ဒနယ်မြေတွင် ANPနဲ့ NLD ဝင်ပြိုင်မည်

**စစ်တွေ၊ မေ ၉**

ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ်တွင် လစ်လပ်နေသော မဲဆန္ဒနယ်မြေတွင် ရခိုင်အမျိုးသားပါတီ (ANP)နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်( NLD)တို့ဝင်ပြိုင်မည်ဖြစ်ကြောင်း ယင်းပါတီများထံမှ သိရသည်။

တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ် ၁၃ခု လစ်လပ်နေသဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မေလ ၈ရက်က ထုတ်ပြန်သည်။

ရွေးကောက်ပွဲလစ်လပ်နယ်မြေတွင် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂)လည်းပါဝင်သဖြင့် ရခိုင်အမျိုးသားပါတီ(ANP) အနေနှင့် ဝင်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းကို မဆုံးဖြတ်ရသေးကြောင်း၊ ပါတီအနေနှင့် မြို့နယ်များသို့ သွားရောက်ကာ လူထုတွေ့ဆုံပွဲများလုပ်ဆောင်နေကြောင်း ပါတီအတွင်းရေးမှူး ဦးထွန်းအောင်ကျော်ကပြောသည်။

အလားတူ ရသေ့တောင်ရှိ လစ်လပ်မဲဆန္ဒနယ်နေရာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အနေနှင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပါတီဗဟိုညီလာခံတွင် ကိုယ်စားလှယ်လောင်းအမည်ကို ဆုံးဖြတ်မည် ဖြစ်ကြောင်း NLD မှ စစ်တွေခရိုင်ဥက္ကဋ္ဌ ဦးသန်းကျော်က ဆိုသည်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် NLD ပါတီက ရခိုင်ပြည်နယ် မဲဆန္ဒနယ်များတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ တောင်ကုတ်၊ သံတွဲ၊ ဂွနှင့် မာန်အောင်မြို့တို့တွင် အနိုင်ရရှိခဲ့သည်။

အဆိုပါ မဲဆန္ဒနယ်တွင် ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ALD)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ( USDP) တို့က ကြားဖြတ်ရွေးကောက်ပွဲဝင်မဝင်ကို လတ်တလော မဆုံးဖြတ်ရသေးကြောင်း ယင်းပါတီများထံမှ သိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကလည်း ကြားဖြတ်ဝင်ပြိုင် မပြိုင်ကို ပါတီဗဟိုကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ပြီးမှ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရခိုင်ပြည်နယ် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြောသည်။

လစ်လပ်နေသော မဲဆန္ဒနယ်မှာ ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးမင်းအနိုင်ရခဲ့ပြီး ၎င်းမှာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်း ကွယ်လွန်သွားသဖြင့် လစ်လပ်ခဲ့ခြင်းဖြစ်သည်။

■ R-22

# မိုင်းဆတ်တွင် လူငယ်တစ်ဦး သေနတ်ပစ်သတ်ခံရ

**ကျိုင်းတုံ၊ မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် လွယ်ဆမ်ဆုံ-လွယ်တွန့် ကားလမ်းဘေးတွင် မေလ ၈ ရက် ညနေ ၃ နာရီခွဲခန့်က လူငယ်တစ်ဦး သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ကြောင်း မိုင်းတွမ်နယ်မြေရဲစခန်းထံမှ သိရသည်။

အသက် ၂၀အရွယ် ကိုအားဆော၏ ဘယ်ဘက် ရင်အုံမှ နောက်သို့ကျည်ပေါက်ထွက် ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်စဉ်ကြောင့် ကျူးလွန်သူ သေနတ်သမားကို စုံစမ်းနေပြီး ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အရေးယူထားကြောင်း မိုင်းတွမ်နယ်မြေ ရဲစခန်းထံမှ သိရသည်။

■ R-16



ဓာတ်ပုံ- မောင်မျိုးထက်

# ကျပ်သိန်း ၄၀ အောက် အင်းများတွင် ရေလုပ်သားများလုပ်ကိုင်ခွင့်ရ

**ပုသိမ်၊ မေ ၉**

ဧရာဝတီတိုင်းရှိ ရေလုပ်သားငယ် အစုအဖွဲ့များကို ကျပ်သိန်း ၄၀ အောက် အင်းများတွင် ကြမ်းခင်းဈေးဖြင့် လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပြီး လေလံကြေးကို တိုးမြှင့်မည်မဟုတ်ကြောင်း ဧရာဝတီတိုင်း မွေးမြူရေး၊ စိုက်ပျိုးရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအရ အင်းလုပ်ငန်း လေလံကြမ်းခင်းဈေးအား ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်လေ့ရှိသော်လည်း ရေလုပ်သားငယ်များ လုပ်ကိုင်မည့် သိန်း ၄၀ နှင့်အောက် အင်းများကိုမူ လေလံကြမ်းခင်းဈေး တိုးမြှင့်မည် မဟုတ်ကြောင်း၊ ဥပဒေအရ လေလံကြမ်းခင်းဈေးကို တိုးမြှင့်လိုက်ပါက ယခင်နှစ်က ကျပ်သိန်း ၄၀ နှင့် အောက်အင်းများမှာ တန်ဖိုးတက်သွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“ဈေးမြှင့်သွားမယ်ဆိုရင် ချမှတ်ထားတဲ့ မူအရ ဈေးပြိုင်လေလံထဲပါသွားပြီး သူတို့ (ရေလုပ်သား အစုအဖွဲ့ငယ်) တွေ မရနိုင်တော့ဘူး၊ အစိုးရအဖွဲ့အနေနဲ့ ဘဏ္ဍာငွေ ရနိုင်ပေမယ့် သူတို့လုပ်ကိုင်ခွင့် မဆုံးရှုံးရအောင် လုပ်တာပါ” ဟု ၎င်းက ဆိုသည်။

ကျပ်သိန်း ၄၀အောက် အင်းများကို ရေလုပ်သားငယ် အစုအဖွဲ့ကို သတ်မှတ်ချထားပေးသကဲ့သို့ ကြမ်းခင်းဈေး ကျပ်သိန်း ၄၀ အထက် အင်းများသာရှိသော ဒေသတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသခံ ရေလုပ်သားငယ်များ အလုပ်အကိုင် အခွင့်အလမ်း မျှတစွာရရှိရေးအတွက် အခြေခံ ရေလုပ်သားငယ် အစုအဖွဲ့များအား ကြမ်းခင်းဈေးဖြင့် လုပ်ကိုင်ခွင့် ပေးစေလိုကြောင်း ကျောင်းကုန်းမြို့နယ် ရေလုပ်သားအစုအဖွဲ့ ဥက္ကဋ္ဌ ဦးလှသိန်းက ပြောသည်။

ရေလုပ်သားအစုအဖွဲ့များတွင် အခြေခံရေလုပ်သားငယ်များ အစုအဖွဲ့ရှိနေသကဲ့သို့ အင်းသားကြီး (အင်းလုပ်ငန်းရှင်)များ ဦးဆောင်ကာ လုပ်ငန်းခွင်ထဲမှ အလုပ်သမားများဖြင့် စုဖွဲ့ထားသော ရေလုပ်သား အစုအဖွဲ့များလည်း ရှိကြောင်း၊ သိန်း ၄၀ အထက် အင်းများကို အခြေခံကြမ်းခင်းဖြင့်သာ လုပ်ကိုင်ခွင့်ပေးလိုက်ပါက နိုင်ငံတော်အစိုးရ၏ အင်းခွန်တော် ဘဏ္ဍာငွေများ လျော့ကျသွားနိုင်ကြောင်း ငါးလုပ်ငန်း ဦးစီးအရာရှိ အငြိမ်းစား ဦးမြတ်အောင်က သုံးသပ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အင်း ၁၇၇၀ ကျော် ရှိသည့်အနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကျပ်သိန်း ၄၀ နှင့်အောက်အင်းပေါင်း ၄၂၀ ကို အခြေခံ ရေလုပ်သားငယ်များ အစုအဖွဲ့အား ကြမ်းခင်းဈေးဖြင့် လုပ်ကိုင်ခွင့် ချထားပေးခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေး၊ စိုက်ပျိုးရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

■ R 12

# မွန်တွင် ဒူးရင်းသီး အထွက်နည်းပြီး ဈေးကောင်းမရ

**မော်လမြိုင်၊ မေ ၉**

မွန်ပြည်နယ်ထွက် ဒူးရင်းသီးများမှာ ယခုနှစ်တွင်အထွက်နည်းပြီး ဈေးကောင်းမရသည်နှင့် ကြုံနေရကြောင်း ဒူးရင်းခြံရှင်များထံမှ သိရသည်။

ဒူးရင်းသီးအထွက်နှုန်းမှာ ယခင်နှစ်ထက် ထက်ဝက်မကနည်းပြီး ရာသီဥတုပူပြင်းကာ အပင်ခြောက်၍ အကင်းများကြွေသဖြင့် အသီးမအောင်ခြင်းများ ကြုံခဲ့ရကြောင်း ရေးမြို့မှ ဒူးရင်းခြံပိုင်ရှင် ကိုမိုးကျော်က ပြောသည်။

ယခင်နှစ်များတွင် ဒူးရင်းသီး တစ်ရက်လျှင် အလုံး ၅၀ ခန့်ကျသော်လည်း ယခုနှစ်တွင် တစ်ရက်လျှင် ၅ လုံးခန့်သာ ရရှိကြောင်း၊ တစ်နှစ်လျှင် ဒူးရင်းသီး အလုံး ၁၀၀၀ကျော်ရရှိနေသော်လည်း ယခုနှစ်တွင် ၁၀၀ကျော်သာ ရရှိကြောင်း ၎င်းက ပြောသည်။

“ဈေးကလည်း ဒီနှစ်မှာ တစ်လုံးကို ၁၇၅၀ လောက်ပဲ ရတယ်၊ မနှစ်ကဆိုရင် ၁၈၀၀၊ ၂၀၀၀ လောက်ရနေတာ၊ ဈေးလည်းမကောင်းဘူး၊ ဒါက ဒိုင်ကိုပေးတဲ့ဈေးပါ၊ သူတို့ပြန်ရောင်းရင် ၂၅၀၀ လောက် ပြန်ရတယ်” ဟု ကိုမိုးကျော်က ပြောသည်။

ယခုနှစ်တွင် မွန်ပြည်နယ်မှ ဒူးရင်းသီးများ အထွက်နည်းသည့်အပြင် အရောင်းအဝယ်လည်း မလိုက်ကြောင်း၊ အကြောင်းမှာ ရာသီဥတုပူပြင်း၍ စားသုံးသူ နည်းပါးကြောင်း ဒူးရင်းသီးရောင်းဝယ်သူများက ပြောသည်။

ဒေသထွက်သဘာဝ ဒူးရင်းသီး အရိုင်းသီးများကိုမူ အနိမ့်ဆုံး ၅၀၀ ကျပ်မှ စ၍ အမြင့်ဆုံး ၃၀၀၀ ကျပ်အထိ ခြံရှင်များထံမှ ဝယ်ယူရကြောင်း၊ မိမိတို့ဝယ်ယူထားသည့် ဒူးရင်းသီးများကိုမူ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြင် လားရှိုးအထိ တင်ပို့ရောင်းချကြောင်း ဒူးရင်းသီးအဝယ်ဒိုင် မခင်သက်မွန်က ပြောသည်။

“ခြံသီးတွေက ၆ လပိုင်းလောက်ဆိုရင် ကုန်ပြီး၊ မိုးရွာပြီဆိုရင် အထဲက မကောင်းတော့ဘူး၊ ကျွန်တော်တို့ကတော့ ခြံသမားတွေကနေဝယ်ပြီး တစ်ဆင့်ပြန်ရောင်းတာပါ”ဟု စိန် ၃ လုံး သစ်သီးဆိုင်မှ ကိုသိန်းစိုးက ပြောသည်။

လက်ရှိမွန်ပြည်နယ်တွင် လက်လီလက်ကားအရောင်းဆိုင်များတွင် သဘာဝ ဒူးရင်းသီးဈေးမှာ အနည်းဆုံး ၁၅၀၀ ကျပ်မှ ၈၀၀၀ ကျပ်၊ ကိုင်းဆက်သီးများမှာမူ တစ်ကီလိုလျှင် ၄၀၀၀ ကျပ်ဈေးရှိနေကြောင်း ဒူးရင်းသီး အရောင်းဆိုင်များမှ သိရသည်။ ■



ဓာတ်ပုံ- ဓတ္တာနွန်

# “ကျောင်းသားတွေ ဘာမှမကြောက်ပါနဲ့။ ပိုပြီးလွယ်ကူအောင် ပြောင်းထားတာပါ”

## ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိုမိုသန့်နှင့် တွေ့ဆုံခြင်း

မြဇာခြည်သင်း



ဓာတ်ပုံ-Dr.MMT FB

**ယခုပညာသင်နှစ် (၂၀၁၈-၂၀၁၉) မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို မေးခွန်းပုံစံသစ်ဖြင့် စစ်ဆေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ကြေညာပြီးနောက် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်များကို နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ပြည်သူလူထုထံ တစ်ဘာသာချင်း၊ တစ်နေ့ချင်း မိတ်ဆက်သည်။ ယခုနှစ် ပြောင်းလဲမည့် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် မေးခွန်းပုံစံသစ်အကြောင်း ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိုမိုသန့်၏ ဆွေးနွေးချက်များကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**Voice ៖ သမိုင်းဘာရပ်နဲ့ မေးခွန်းပုံစံသစ်ပြောင်းလဲရတဲ့အကြောင်းကို ရှင်းပြပေးပါဦး။**

**Dr.MMT ៖** မေးခွန်းပုံစံက ခုမှ ချက်ချင်းပြောင်းလိုက်တာမဟုတ်ပါဘူး။ ပြောင်းဖို့လုပ်ထားတာ ကြာပြီပေါ့။ ကျွန်မအရင် ဒီတက္ကသိုလ်(ရန်ကုန်တက္ကသိုလ်) မှာ အရင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ပါမောက္ခလက်ထက်ကတည်းက လုပ်ထားတာပါ။ မြန်မာနိုင်ငံရဲ့ပညာရေးက ရပ်တန့်နေလို့မရဘူး။ ပြောင်းတယ်ဆိုတာက ကောင်းဖို့ပြောင်းတာပါ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်ဟာကောင်းတယ်ဆိုတာ အမြဲစဉ်းစားနေတာပါ။ ဖတ်စာအုပ်ထဲကဟာကို အလွတ်ကျက်ပြီး ဖြေဆိုနေရတာ လျော့နည်းသွားအောင် ကျောင်းသားရဲ့စဉ်းစားဉာဏ်ကိုပေါ်လွင်လာအောင် ဖောင်းပေးတဲ့ မေးခွန်းပုံစံကို သွားချင်တာကြောင့် ပြောင်းလဲဖို့လုပ်တာပါ။ စာပိုဒ်တစ်ပိုဒ်ကို ဆရာမသင်ပေးလိုက်တဲ့ပုံစံတင်မဟုတ်ဘဲ ဒီပေါ်မှာစဉ်းစားတွေးခေါ်တတ်အောင်၊ ဝေဖန်ချက်တွေထွက်ပေါ်လာအောင် ပြောင်းတာပါ။ ဒီအပေါ်မှာ မိဘတွေအနေနဲ့ ငါ့သားသမီးအလှည့်ကျမှ မေးခွန်းပုံစံအသစ်ကြီးနဲ့ မေးမှာပဲဆိုတာမျိုးမဖြစ်စေချင်ဘူး။ ကျောင်းသူ၊ ကျောင်းသားတွေရော မိဘတွေရော အကြီးအကျယ် စိတ်ပျက်သွားတာမျိုး မဖြစ်စေချင်ဘူး။ ၂၀၁၈ နဲ့ ၂၀၁၉ မေးခွန်းပုံစံမှာဆိုရင် တအားကြီးကွာသွားတာ မရှိပါဘူး။ ကျောင်းသားအတွက် သိပ်ပြီးအကျိုးမရှိဘူးထင်တဲ့ အပိုင်းလေးတွေကို ဖြုတ်လိုက်တာပါ။ မေးမယ့်ပုံစံကလည်း ကျောင်းသားတွေကို ပိုတွေးခေါ်လာနိုင်မယ့် မေးခွန်းတွေ ပြင်ဆင်ထားမှာပါ။ ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲ့အနေအထားကိုနားလည်ပါတယ်။ ကျောင်းသားကိုသတ်ဖို့အတွက်လည်း မဟုတ်ပါဘူး။ မိဘတွေလည်း စိတ်မပန်းအောင် ကျောင်းသားတွေအတွက်လည်း အခက်အခဲမဖြစ်အောင် တဖြည်းဖြည်းချင်း ပြောင်းလဲတာပါ။ သင်နေတဲ့ ဆရာတွေအတွက်လည်း အဆင်ပြေမယ့်နည်းလမ်းအတိုင်း ပြောင်းလဲတာပါ။

**Voice ៖ မေးခွန်းပုံစံသစ်မှာ ဘာအကြောင်းအရာတွေ ထည့်မေးထားပါသလဲ။ အဟောင်းနဲ့ ဘာတွေကွာခြားသွားပါသလဲ။**

**Dr.MMT ៖** အတိုချုပ်ပြောရရင် မေးခွန်းမှာ (က)၊ (ခ)၊ (ဂ)၊ (ဃ) ဆိုပြီး အပိုင်း ၄ ပိုင်းပါတယ်။ ၄ ပိုင်းစလုံးဖြေဆိုရမယ်။ အပိုင်း (က)မှာ ကျောင်းသားတွေ ဘယ်လိုစဉ်းစားတတ်သလဲဆိုတာမေးဖို့ ကွက်လပ်ဖြည့် ၁၀ ပုဒ်မေးထားတယ်။ ကမ္ဘာ့သမိုင်းက ၅ ပုဒ်နဲ့ မြန်မာသမိုင်းက ၅ ပုဒ်မေးမယ်။ အဲဒါက ၂၀၁၈ နဲ့ အတူတူပဲ။ နောက် နံပါတ် ၁ (ခ) မှာ အရင်တုန်းက မှား၊ မှန်မေးတယ်။ အဲဒါက ကျောင်းသားအတွက် သိပ်ပြီး Affective မဖြစ်ဘူး။ အဲဒါကိုဖြုတ်လိုက်တယ်။ အဲဒီအစား ၂၀၁၉ မေးခွန်းမှာ Multiple Choice လို့ခေါ်တဲ့ မေးခွန်းတွေ ပိုများပြီးထည့်ထားတယ်။ ဒါကိုဖြေမယ်ဆိုရင် ကျောင်းသားက သူကြည့်ထားသမျှကို ပြန်စဉ်းစားပြီး ဖြေလို့ရတယ်။ မှား၊ မှန်ထက် ပိုပြီးအကျိုးသက်ရောက်မှုရှိတယ်။ အဲဒီမှာ အပုဒ်ရေတိုးထားတယ်။ ဒါတွေက မြန်မာသမိုင်းပြဋ္ဌာန်းစာအုပ်နဲ့ ကမ္ဘာ့သမိုင်းပြဋ္ဌာန်းစာအုပ်ထဲကနေ တစ်ခန်းတည်း စုပြုံမေးတာမျိုးမဟုတ်ဘဲ အခန်းတိုင်းပါသင့်တဲ့မေးခွန်းတွေကို မျှမေးထားတယ်။ အပိုင်း (ခ) က မှတ်စုတိုမေးခွန်းတွေ။ ဒီစာတစ်ပုဒ်ထဲက ကျောင်းသားက အရေးကြီးတဲ့ ဘယ်အချက်ကို လေ့လာနိုင်သလဲဆိုတာမေးတာ။ မြန်မာ့သမိုင်းက ၄ ပုဒ်နဲ့ ကမ္ဘာ့သမိုင်းက ၄ ပုဒ် ပေါင်း ၈ ပုဒ်မေးမယ်။ အဲဒီထဲက ကြိုက်နှစ်သက်ရာ ၄ ပုဒ်ဖြေရမယ်။ အဲဒါလည်း အရင်တိုင်းပဲ မပြောင်းလဲဘူး။ အပိုင်း (ဂ) မှာလည်း မေးခွန်းပုံစံတူတယ်။ ဒါပေမဲ့ အရင်နှစ်က ၅ ပုဒ်မေးတယ်။ ဒီနှစ် အဲဒါကို ၄ ပုဒ်ပဲမေးတော့မယ်။ ဒီထဲကမှ ၂ ပုဒ်ဖြေရမယ်။ အရင်ကတော့ ကျောင်းသားကို ရိုးရိုးသားသား ဒီအကြောင်းအရာကို ဖော်ပြပါ ဒီလောက်ပဲမေးတာ။ ဒီနှစ်မေးခွန်းမှာတော့ အဆိုအမိန့်တွေတင်ပြပြီးတော့ ကျောင်းသားရဲ့ထင်မြင်ချက်၊ ကျောင်းသားရဲ့ဝေဖန်ပိုင်းခြားမှုတွေပေါ်ထွက်လာနိုင်တဲ့ မေးခွန်းလေးတွေ ပြင်ဆင်မှာပါ။ (ဃ) အပိုင်းမှာလည်း ပုဒ်ရှည် Presentation တင်ဆက်ပုံတွေပါမယ်။ ကျောင်းသားက ဒါကြီးကို အလွတ်ကျက်ထားတာထက် စာတစ်ပုဒ်ရဲ့အကြောင်းအကျိုးလေးတွေကို စာစီစာကုံးရေးသလို ကြောင်းကျိုးဆက်စပ်ပြီး ကွင်းဆက်အလိုက်ရေးရတဲ့ပုံစံပါမယ်။ အောက်ဆုံးမှာ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဝေဖန်ပိုင်းခြားမှု သုံးသပ်မှုတွေ ပါချင်မှပါမယ်။ အဲဒါကို ကျောင်းသားက ဘယ်လိုမြင်တယ်ဆိုတဲ့ သုံးသပ်ချက်ပါရမယ်။ ဒီသုံးသပ်ချက်ပေါ်မူတည်ပြီး အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်ပေးမယ်။ ဒီ Presentation ကိုကျောင်းသားက ဘယ်လိုလှလှပပတင်ဆက်နိုင်တယ်ဆိုတာကိုကြည့်ပြီး အမှတ်ပေးမယ်။ ဒီလိုသုံးသပ်ချက်တွေမေးမှာက အပိုင်း(ဂ) နဲ့(ဃ) ၂ ပိုင်းလုံးမှာပါမယ်။ အားလုံးခြုံပြောရင် ပြောင်းတာက အပိုင်း(က) က နံပါတ် ၁ မှာ (ခ)ကိုဖြုတ်လိုက်တယ်။ ပြီးရင် အပိုင်း(ဂ) နဲ့ (ဃ) မှာမေးတဲ့ အပုဒ်ရေလျော့သွားတယ်။ အဲဒါအပြောင်းအလဲပဲ။

**Voice ៖ ပြောင်းလဲတဲ့မေးခွန်းပုံစံက လွယ်လွယ်ကူကူမေးထားတယ်ဆိုပေမယ့် ကျောင်းသားတွေဘက်က မေးခွန်းကိုဖြေဆိုနိုင်ဖို့ ဘာတွေပြင်ဆင်ထားဖို့လိုပါမလဲ။**

**Dr.MMT ៖** ဒါက ဆရာမဘက်က လွယ်ကူတယ်ဆိုပေမယ့် ကျောင်းသားဆိုတာက ဘယ်ဘာသာဖြစ်ဖြစ် ခက်မှာပဲ။ ကျောင်းသားဘက်က ဘာပြင်ဆင်ရမလဲဆိုရင် ပြဋ္ဌာန်းစာအုပ်ပေးထားတယ်။ အဲဒီပြဋ္ဌာန်းစာအုပ်ကို ဆရာမသင်တဲ့အပိုင်းလောက်တင်မကဘဲ အလွတ်ကျက်ရမယ်လို့ မပြောဘူး။ ဘာပါရင် ဘာမေးနိုင်မလဲဆိုတာ သိအောင် ကောင်းကောင်းဖတ်ရမယ်။ တချို့ကလေးတွေက ပြဋ္ဌာန်းစာအုပ်ဖတ်ဖို့ ပျင်းကြတယ်။ ဒီပြဋ္ဌာန်းစာအုပ်ထဲမှာ သမိုင်းကွင်းဆက်တွေကို ချိန်ပြီးထည့်ထားတာ။ ဒီကွင်းဆက်ကိုသဘောပေါက်မှ ကျောင်းသားတွေ အခက်အခဲမဖြစ်မှာ။ နောက်မှာချင်တာက ကျောင်းသားတွေက ရွေးကျက်တတ်ကြတယ်။ သမိုင်းကွင်းဆက်သိမထားဘဲ ရွေးကျက်လိုက်တဲ့အခါ ကျက်ထားတာနဲ့ မတိုးရင်မဖြေနိုင်ဘူးဆိုတာမျိုးဖြစ်တတ်ကြတယ်။ ရွေးလည်း မကျက်ပါနဲ့။ ဖတ်စာအုပ်ကို စလယ်ဆုံးကျေညက်အောင် ကျက်တာထက် နားလည်သဘောပေါက်အောင် ဖတ်ထားရမယ်။

**Voice ៖ သင်ကြားမယ့်ဆရာ၊ ဆရာမတွေအနေနဲ့ရော ဘာတွေပြင်ဆင်ထားရပါမလဲ။**

**Dr.MMT ៖** မေးခွန်းပုံစံပြောင်းမယ်ဆိုရင် အခြေခံမှာဆိုရင် သင်တန်းအဆင့်ဆင့်ပေးထားမှာပါ။ ကျောင်းသားကို ကျောင်းစတက်ကတည်းက ပြဋ္ဌာန်းစာအုပ်ပေးလိုက်တယ်ဆိုတာ ဆရာမက ဖတ်ခိုင်းမှ ဖတ်ရမှာမဟုတ်ဘူး။ ကျောင်းသားကိုယ်တိုင်က သူ့ဘာသာဖတ်ထားရမှာ။ ဆရာ၊ ဆရာမတွေကလည်း သင်ကြားနည်းကို သူတို့ဘာသာ ပြောင်းပါလိမ့်မယ်။ အခြေခံပညာရေးတစ်ခုလုံးပြောင်းဖို့ဆိုတာ အခြေခံနဲ့ တက္ကသိုလ်က ချိတ်ဆက်ထားမှာပါ။ လက်တွေ့မှာ ကျောင်းသားတွေနဲ့နီးကပ်နေတဲ့ ဆရာ၊ ဆရာမတွေကလည်း အဆင်သင့်ဖြစ်ပြီးသားပါ။

**Voice ៖ ဒီမေးခွန်းက အရင်ကထက်ပိုပြီး လွယ်ထားတယ်ဆိုတော့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အရင်နှစ်ကထက် ဒီသမိုင်းဘာသာရပ်မှာ ဘယ်လောက်ပိုဖြေဆိုလာနိုင်မယ့်လို့ မျှော်လင့်ထားပါသလဲ။**

**Dr.MMT ៖** အဲဒါကတော့ အပြောင်းအလဲတစ်ခုကို ပြောင်းသွားမယ်ဆိုရင် အကောင်းဆုံးဖြစ်မယ့်နည်းကို စဉ်းစားပြီးပြောင်းတာပါ။ သူတို့ဖြေနိုင်မလားဆိုတာ သူတို့အတွက် မခက်ပါဘူးလို့ပဲပြောနိုင်တယ်။ စဉ်းစားတွေးခေါ်နည်းတွေကို သူတို့ပြဋ္ဌာန်းစာအုပ်ကို ကျေညက်အောင်ဖတ်ထားရင် စဉ်းစားတတ်ကြပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြည့်ပြည့်ဝဝ ပါပြီးသားပါ။ ဒီမေးခွန်းပုံစံက မခက်ခဲအောင် အကောင်းဆုံး လုပ်ထားတာပါ။ မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှုအရ တွေ့ရတဲ့အတွေ့အကြုံ၊ စာစစ်ချိန်မှာ တွေ့ရတဲ့အတွေ့အကြုံတွေအရ၊ ကျောင်းစာသင်ခန်းမှာ ဖြစ်ပျက်နေတာတွေအရ အဲဒါတွေ အကုန်လုံးကိုပေါင်းစပ်ပြီးမှ ဖြစ်နိုင်တယ်ဆိုတဲ့ဟာကို ပြောင်းတာပါ။

**Voice ៖ နောက်ဆုံးအနေနဲ့ ဘာများပြောချင်တာ ရှိပါမလဲ။**

**Dr.MMT ៖** ကျောင်းသားတွေ ဘာမှမကြောက်ပါနဲ့။ ပိုပြီးလွယ်ကူအောင် ပြောင်းထားတာပါ။ မိဘတွေလည်း ဘာမှ ရတတ်မအေးမဖြစ်ကြပါနဲ့လို့လည်း ပြောချင်တယ်။ ပြောင်းလိုက်ပြီဆိုပြီး ရင်တုန်ပမ်းတုန် ဖြစ်မသွားကြပါနဲ့။ အပြောင်းအလဲတစ်ခုကိုလုပ်တိုင်း မိဘ၊ ပြည်သူ၊ ကျောင်းသားအားလုံးကို ထည့်စဉ်းစားပြီးမှ ပြောင်းတာပါ။

**Voice ៖ အခုလိုအချိန်ပေးပြီး ဆွေးနွေးပေးတာ ကျေးဇူးတင်ပါတယ်။**

■

> “စာပိုဒ်တစ်ပိုဒ်ကို ဆရာမသင်ပေးလိုက်တဲ့ပုံစံတင်မဟုတ်ဘဲ ဒီပေါ်မှာစဉ်းစားတွေးခေါ်တတ်အောင်၊ ဝေဖန်ချက်တွေထွက်ပေါ်လာအောင် ပြောင်းတာပါ”

# ကိုအောင်မှိုင်းဆန်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတို့ တရားရုံးကို သပိတ်မှောက်မည်

**မန္တလေး၊ မေ ၉**

ဖမ်းဆီးခံထားရသော ဗကသ အဖွဲ့ဝင်ဟောင်း ကိုအောင်မှိုင်းဆန်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင်(ခ) ဒိန်းဒေါင်တို့က တရားရုံးကို သပိတ်မှောက်မည်ဖြစ်ကြောင်း မေလ ၉ ရက်နေ့က ချမ်းအေးသာစံမြို့နယ်တရားရုံးတွင် ရုံးထုတ်ခဲ့ရာ၌ ပြောကြားခဲ့သည်။

"တရားရေးမဏ္ဍိုင်ကို အယုံအကြည်မရှိတဲ့အတွက် တရားရုံးနဲ့ပူးပေါင်းဆောင်ရွက်မှာမဟုတ်ဘူး။ ရှေ့နေလည်း ငှားမှာမဟုတ်ဘူး။ တရားရုံးကမေးလည်း ပြန်ဖြေမှာမဟုတ်ဘူး။ အာမခံလည်း မယူဘူး" ဟု ဖမ်းဆီးခံရသူ ကိုအောင်မှိုင်းဆန်းက ပြောကြားသည်။

ဗကသအဖွဲ့ဝင်ဟောင်း ကိုအောင်မှိုင်းဆန်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင် (ခ) ဒိန်းဒေါင်တို့ကို မေလ ၈ ရက်နေ့ ညနေပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများကြောင့် ပိတ်မိနေသည့်ပြည်သူများ လွတ်ပေးရေးနှင့် စစ်ပွဲများရပ်တန့်ရေးအတွက် မန္တလေးမြို့တော်၌ မေလ ၆ ရက်နေ့က ဆန္ဒပြတောင်းဆိုရာတွင်ပါဝင်ခဲ့သောကြောင့် အဖမ်းခံထားခြင်းဖြစ်သည်။

ဗကသခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်သူ ကိုအောင်မှိုင်းဆန်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင် (ခ) ဒိန်းဒေါင်တို့ကို မေလ ၉ ရက်နေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် တရားရုံးတွင် ချုပ်ရက်ရမန်ယူခဲ့ရာ ယင်းသို့ ချုပ်ရက်ရမန်ယူစဉ် မြို့နယ်တရားသူကြီးက မေးမြန်းရာ၌ ၎င်းတို့နှစ်ဦးက အပြစ်မရှိကြောင်းနှင့် အာမခံယူမည်မဟုတ်ကြောင်း ဖြေကြားခဲ့သည်။



ဓာတ်ပုံ-မောင်ရဲနွေ

ကိုအောင်မှိုင်းဆန်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင် (ခ) ဒိန်းဒေါင်တို့ကို ချမ်းအေးသာစံမြို့နယ်တရားရုံးတွင် ရုံးထုတ်ခဲ့စဉ်

နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ကဗျာဆရာစာရေးဆရာများနှင့် စစ်ပွဲများကို ရပ်တန့်စေလိုသည့် လူငယ်အချို့သည် မန္တလေးမြို့၌ မေလ ၆ ရက်နေ့ ညနေပိုင်းက ဈေးချိုရှေ့မှစတင်ကာ ဓာတ်ပုံများ၊ ပိုစတာများနှင့် ဗီနိုင်းများကိုင်ဆောင်ကာ ဆိုင်ကယ်များဖြင့် လှည့်လည်ပြီး ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် ကေအိုင်အေလက်နက်ကိုင်တပ်ဖွဲ့တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ပိတ်မိနေသည့်ပြည်သူများ အမြန်ဆုံးလွတ်မြောက်ရေးနှင့် တပ်မတော်ဘက်က ထိုးစစ်များရပ်တန့်ပေးရေးလှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးကို မန္တလေးအိုးဘိုအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားပြီး မေလ ၁၈ ရက်နေ့တွင် တရားရုံးက ထပ်မံချိန်းဆိုထားသည်။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေဖြင့် ရဲတပ်ဖွဲ့က အမှုဖွင့်ရာတွင် ဗကသကျောင်းသားဟောင်းတစ်ဦး ဖြစ်သူ ကိုအောင်မှိုင်းဆန်း၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင် (ခ) ဒိန်းဒေါင်နှင့် ကဗျာဆရာ ကလင့် (မန္တလေး) တို့ ပါဝင်သည်။

ကျန်ရှိသူတစ်ဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်နေသည်ဟု ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖမ်းဆီးခံရသူများအနက် ဗကသအဖွဲ့ဝင်ကိုအောင်မှိုင်းဆန်းသည် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ၏ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သည်။

ကိုအောင်မှိုင်းဆန်းနှင့်ကိုဒိန်းဒေါင်တို့သည် မန္တလေးမှရန်ကုန်သို့လမ်းလျှောက်ချီတက်ခဲ့သော ၂၀၁၅ ခုနှစ် ကျောင်းသားသပိတ်စစ်ကြောင်းတွင် ပါဝင်ခဲ့ပြီး လက်ပံတန်းမြို့တွင် ဖမ်းဆီးခြင်းခံရာမှ ၂၀၁၆ ခုနှစ် ဧပြီလတွင် ပြန်လည်လွတ်မြောက်ခဲ့သူများဖြစ်သည်။ ■ M-01

# ကျောက်စိမ်းဓာတ်ပုံပြပွဲ ကျင်းပမည်

**မန္တလေး၊ မေ ၉**

ကျောက်စိမ်းတူးဖော်မှုနှင့် ပတ်သက်သည့် ဓာတ်ပုံများကိုပြသမည့် Journey of Blood Jade အမည်ရှိ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ အလုံလမ်းရှိ Yangon Gallery တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

ကျောက်စိမ်းတူးဖော်မှုအခြေအနေနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော ပြဿနာများကို ကျောက်စိမ်းနှင့်ဆက်စပ်သည့် အစိုးရဌာနဆိုင်ရာများ သတိထားမိစေရန် ဓာတ်ပုံပြပွဲကျင်းပရခြင်းဖြစ်ကြောင်း အဆိုပါပြပွဲကျင်းပရန် ကူညီပေးသည့် သဘာဝသယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ NRGI -Natural Resoruce Governance Institute ဝင် ဦးဟိုစနာချောက ပြောကြားသည်။

"ကျောက်စိမ်းနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုပိုင်းတွေမှာ အစိုးရရောလုပ်ငန်းရှင်တွေရောအများကြီးလိုနေသေးတယ်။ သူ့ရဲ့ Side Effect တွေက အရမ်းကြီးလွန်းတယ်။ နောက်ဆုံးလူတွေသေကျေပျက်စီးကြရတာမျိုးတွေဖြစ်လာတယ်။ သယံဇာတဆုံးရှုံးမှုတွေလည်း အများကြီးဖြစ်လာတယ်" ဟု ဓာတ်ပုံပေါင်း ၅၀ ခန့် ပါဝင်ပြသမည့် ဓာတ်ပုံဆရာဇော်မိုးထက်က ပြောဆိုသည်။

ကျောက်စိမ်းကို လူအင်အားဖြင့်တူးဖော်ပုံ၊ စက်ယန္တရားအငယ်စားများဖြင့်စတင်တူးဖော်ပုံ၊ လက်ရှိ ဖားကန့်ဒေသတွင် စက်ယန္တရားကြီးများဖြင့်တူးဖော်နေပုံစသည့် ခေတ်အဆက်ဆက်တူးဖော်ပုံမြင်ကွင်းများကို ဦးစိုးဝင်းငြိမ်း၊ ကိုဇော်မိုးထက်၊ ကိုညဏ်လှိုင်လင်းနှင့် ကိုဇော် (ဖားကန့်) တို့ ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၇၀ ခန့်ဖြင့် ပြသမည်ဖြစ်ပြီး ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်နေပုံ၊ မြေပြိုရာတွင် ပိတ်မိနေသည့် အလောင်းများကိုရှာဖွေတူးဖော်ပုံ၊ ကျောက်စိမ်းလုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူများ ဝင်ရောက်ကြပုံ၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးနေပုံနှင့် မြစ်၊ ချောင်းများ တိမ်ကောလာပုံ စသည့် ဗီဒီယိုဖိုင်များကိုလည်း ပြသထားမည်ဖြစ်သည်။

အဆိုပါပြပွဲကို ရန်ကုန်သတင်းစာပညာကျောင်း (Yangon Journalism School) နှင့် NRGI -Natural Resoruce Governance Institute) က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး မေလ ၁၆၊ ၁၇ နှင့် ၁၈ ရက်တို့တွင် နံနက် ၁၀ နာရီခွဲမှ ညနေ ၆ နာရီထိ ပြသမည်ဖြစ်သည်။ ■ M-07

# သင်္ဂဇာချောင်းအနောက်ခြမ်း လမ်းဖောက်ရန် စည်ပင်က မြေအလှူခံ

**မန္တလေး၊ မေ ၉**

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်သုံးခုကိုဖြတ်သန်းစီးဆင်းနေသော သင်္ဂဇာချောင်းအနောက်ဘက်ခြမ်းကို ၄၁ လမ်းမှ ကန်တော်ကြီးအထိ လမ်းဖောက်မည်ဖြစ်၍ မြေအလှူခံနေကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်၊

သင်္ဂဇာချောင်းသည် ချမ်းအေးသာစံနှင့်မဟာအောင်မြေမြို့နယ်ကိုဖြတ်သန်းပြီး ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီးအတွင်းသို့ စီးဝင်သော ချောင်းဖြစ်သည်။

ချောင်းတစ်လျှောက် ဘေးနှစ်ဖက်တွင် လမ်းများရှိသော်လည်း ၄၁ လမ်းမှ ကန်တော်ကြီးအထိလမ်းတစ်လျှောက်အနောက်ဘက်ခြမ်း၌ လမ်းပိတ်နေသည့်အိမ်နှင့်ဆိုင်များရှိခြင်း၊ အိမ်ဥပစာ ရှေ့တိုးဆောက်လုပ်ထားခြင်း၊ ချောင်းမြေကိုဖို့ကာ ကျူးကျော်နေထိုင်မှုများရှိနေခြင်းတို့ကြောင့် လမ်းဖောက်ရခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဇောအောင်က ပြောကြားသည်။

မော်တော်ယာဉ်များ သွားလာရာတွင် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး၊ ရပ်ကွက်ဖွံ့ဖြိုးရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် လမ်းဖောက်ရခြင်းဖြစ်ကြောင်း၊ မူလလမ်းမြေ ပေ ၂၀ ခန့်ရှိရာမှ အကျယ် ၂၅ ပေမှ ပေ ၃၀ အထိရှိသော လမ်းဖောက်လုပ်ရန် လျာထားကြောင်း၊ လက်ရှိတွင် မြေသားလမ်း ၁၀ ပေခန့်အကျယ်ရှိပြီး အချို့သောနေရာများတွင် လမ်းနယ်မြေမရှိသောကြောင့် ကျောက်လမ်းအဖြစ် တစ်ပြေးညီဖော်ဆောင်မည်ဖြစ်ကာ နိုင်လွန်လမ်းအထိ အဆင့်မြှင့်ရန်ရှိကြောင်း၊ လမ်းဖောက်မည့်စီမံကိန်းကို ဇန်နဝါရီလကစတင်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ ထပ်မံသိရသည်။

ယင်းသို့လမ်းဖောက်မည်ဖြစ်သောကြောင့် ချောင်းနှင့်ကပ်လျက်ရှိနေသည့် ဦးပိုင်မြေပိုင်ရှင်များအနေနှင့် လိုအပ်သည့်မြေနေရာအတွက် လှူပေးရန်၊ အိမ်ဥပစာ ရှေ့တိုးဆောက်သူများအနေနှင့် နောက်ဆုတ်ပေးရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မေတ္တာရပ်ခံထားသည်။

သင်္ဂဇာချောင်းသည် မန္တလေးမြို့တွင်ရှိသော အဓိကကျသည့် မြောင်းကိုးခုအနက် တစ်ခုဖြစ်သည်။ ■ M-07



ဓာတ်ပုံ-ကျော်ဇောအောင်FB

# BOOK GUIDE

# သူတို့ပြောသည့် မြန်မာ့သတင်းမီဒီယာသမိုင်း

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ




မြန်မာနိုင်ငံသတင်းမီဒီယာနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များစုပေါင်းပြီး မြန်မာ့သတင်းမီဒီယာသမိုင်းကို စုပေါင်းဖော်ထုတ်တင်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဦးခင်မောင်လေး၊ ဦးကျော်စွာမင်း၊ ဦးအောင်လှထွန်း၊ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်လှိုင်၊ ဦးကျော်ရင်မြင့်၊ ဦးချစ်နိုင်၊ ဦးတင်မောင်ဦး၊ သန်းမြင့်အောင်၊ ဦးဟန်ညွှန့်၊ ဒေါက်တာတင်ထွန်း၊ သင်းသင်းသာ၊ သားကြီးမောင်ဇေယျ၊ မျိုးကိုမျိုးတို့ စုပေါင်းရေးသားထားသည့် မြန်မာ့သတင်းစာသမိုင်းအတွက် အရေးကြီးသော မှတ်တမ်းများကို ဖတ်ရှုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် စတင်ဖွဲ့စည်းသည်။ လွတ်လပ်သော အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ရပ်တည်နေပြီး မြန်မာနိုင်ငံ သတင်းမီဒီယာသမိုင်းကို ပြည်သူများနှင့် သတင်းမီဒီယာသမားများ လေ့လာသိရှိနိုင်ရန်ဆိုကာ ၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ပထမဆုံးအကြိမ်အဖြစ် စာတမ်းဖတ်ပွဲကျင်းပသည်။ ယခု စာအုပ်သည် ထိုစာတမ်းဖတ်ပွဲတွင် စာတမ်းရှင်းများ ဖတ်ကြားခဲ့သည့် စာတမ်း (၁၂ စောင်) ကို စုပေါင်းပြီး စာအုပ်အဖြစ် ပြန်လည် ထုတ်ဝေပေးထားခြင်းဖြစ်သောကြောင့် မှတ်တမ်းတစ်ခုအနေနှင့် သိမ်းဆည်းထားရန် တန်ဖိုးရှိသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးသတင်းစာသည် ၁၈၃၆ ခုနှစ်၊ မတ်လ ၃ ရက်၊ ကြာသပတေးနေ့တွင် မော်လမြိုင် ခရော်နီကယ်လ် (The Maulmain Chronicle) အဖြစ် ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသတင်းစာသည် အောက်မြန်မာနိုင်ငံတွင်ထုတ်ခဲ့ပြီး၊ ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ British Burma News သတင်းစာ ပေါ်ထွက်ခဲ့သည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် အထက်မြန်မာနိုင်ငံ၌ ပထမဆုံး သတင်းစာ ပေါ်ထွက်ခဲ့သည်။ ရတနာပုံ နေပြည်တော်သတင်းစာ (The Mandalay Gazeettee) ဟု အမည်ပေးထားသည်။ ၁၈၇၅ ခုနှစ်မတ်လ ၂၀ တွင် စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

မင်းတုန်းမင်းကြီးလက်ထက်က သတင်းစာ၏ ယုံကြည်ချက်နှင့်ဦးတည်ချက် သဘောတရား ၁၁ ချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်း ၁၁ ချက်သည် သတင်းစာတိုက်၏ ဥပဒေတစ်ရပ်ဖြစ်ပြီး ပုရပိုက်ပေါ်တွင်ရေးသားကာ မင်းတရားကြီးအမိန့်တော်ဖြင့် အတည်ပြုပြဋ္ဌာန်းသည်။ ထို့ပြင် မင်းတုန်းမင်းကြီးက အထူးအမိန့် ပြန်တမ်းကို သတင်းစာတိုက်အတွက် အောက်ပါအတိုင်း ထုတ်ပြန် ပေးသည်။

"ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရား မကောင်းလျှင် ငါ့မိဖုရားကိုရေး၊ ငါ့သားသမီး မကောင်းလျှင် ငါ့သားသမီးကိုရေး၊ မြို့ဝန်မကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာတိုက်၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်မှ မည်သူမဆို အတားအဆီးမရှိ ဝင်ထွက်စေ"

မြန်မာနိုင်ငံသတင်းစာသမိုင်းတွင် ပထမဆုံး သတင်းစာဆရာကြီးတစ်ဦး လုပ်ကြံခံရမှုသည် ၁၉၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသူမှာ မြန်မာ့အလင်းသတင်းစာသစ် အယ်ဒီတာချုပ် ဆရာသင် ဖြစ်သည်။ ဆရာသင်ကို လုပ်ကြံသူမှာ ထိုခေတ်က နာမည်ကြီး လူဆိုးငမိုးဖြစ်သည်။ ဆရာသင်သတ်မှုဖြင့် လူဆိုးငမိုးမှာ ထောင်ဒဏ်တစ်သက်ကျခံသွားရသည်။

၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက်နေ့ ဖဆပလခေါင်းဆောင်များ ဦးစီးကာ ဗန္ဓုလပန်းခြံတွင် လူထုအစည်းအဝေးဖြင့် သတင်းစာများ ရှုတ်ချပွဲကျင်းပသည်။ သတင်းစာရှုတ်ချရုံမက ဟစ်တိုင်၊ အိုးဝေနှင့် စီးပွားရေးသတင်းစာတိုက်များကိုသွားပြီး စာပုံနှိပ်စက်များကို ရိုက်ချိုးဖျက်ဆီးကြသည်။ အကြောင်းမှာ အိုးဝေသတင်းစာက ဖဆပလ ဝန်ကြီးတစ်ဦး၏ ဓာတ်ရုပ်ကို တယ်ရုပ်တဲ့ဝန်ကြီးဟု ဖော်ပြကာ ဝန်ကြီး မီးခွက်မှုတ်ခဲ့သည့် အကြောင်းများအား ဖော်ထုတ်ဖွင့်ချလိုက်သောကြောင့်ဖြစ်သည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် နယူးတိုင်းဘားမားအော့ဗ်ဇားဗား (အင်္ဂလိပ်) သတင်းစာ အယ်ဒီတာချုပ် ဦးတင်ထွဋ်အား သတင်းစာတိုက်မှအပြန် ကားထဲတွင် ဗုံးထည့်ဖောက်ခွဲပြီး လုပ်ကြံခြင်းခံရသည်။ မည်သူလုပ်ကြံမှန်းယနေ့တိုင်မသိရပေ။

၁၉၆၂ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ထုတ်ဝေနေသည့် သတင်းစာ အစောင် ၄၀ ကျော်ရှိသည်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တော်လှန်ရေးကောင်စီတက်လာပြီးနောက် သတင်းစာတွေ တစ်စောင်ပြီး တစ်စောင်ကွယ်ပျောက်ကုန်သည်။ တော်လှန်ရေးကောင်စီမူဝါဒနှင့် ဖိနှိပ်မှုများကြောင့်ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် သတင်းစာ အစောင် ၂၀ ပြန်ထုတ်လာကြောင်းတွေ့ရသည်။

သတင်းစာသမိုင်းတွင် အလွတ်လပ်ဆုံး သတင်းစာထုတ်ဝေမှုသည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည်။ တစ်ပါတီ အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး အမြို့မြို့အနယ်နယ်တွင် လွတ်လပ်စွာ သတင်းစာများထုတ်ကြသည်။ သတင်းစာ ၂၃ စောင်ခန့်မှတ်တမ်းတင်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံးတွင်ထုတ်ဝေနေသောကြောင့် ထို့ထက်လည်း များနိုင်သည်။ သတင်းစာအရည်အသွေး ဖြစ်သလိုထုတ်ကြရသဖြင့် အရည်အသွေးညံ့သည်။ သတင်းထုတ်ပြန်လိုသောကြောင့်သာ ထုတ်ကြခြင်းဖြစ်ပြီး သတင်းတင်ပြချက်မကောင်းသည့်အပြင် သတင်းစာကျင့်ဝတ်နှင့် ညီသော သတင်းစာများမဟုတ်သည်ကိုပင် တွေ့ရသည်။

၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူတစ်ဦး ရောက်လာပြီး မြန်မာဘာသာဖြင့် ဂျာနယ်တစ်စောင် ထုတ်ဝေရန်ကြိုးစားသည်။ ထိုအချိန်ကစတင်ပြီး လစဉ်ထုတ်မဂ္ဂဇင်းနှင့် အပတ်စဉ်ထုတ် ဂျာနယ်များ တစ်စောင်ပြီး တစ်စောင်ပေါ်ထွက်လာသည်။ ဂျာနယ်ခေတ် တစ်ခေတ်ဆန်းလာသည်။ သို့သော် စစ်အစိုးရ ခေတ်က စာပေစိစစ်ရေးကို အသုံးပြုပြီး မီဒီယာကို ဖိနှိပ်ခဲ့သည်သာဖြစ်သည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၀ တွင် စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။

၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သတင်းမီဒီယာ ဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ သတင်းလွတ်လပ်ခွင့်ကို မျက်ကွယ်ပြုပြီး အစိုးရအလိုကျ ရေးဆွဲထားသည့် သတင်းသမားများနှင့် သတင်းမီဒီယာကောင်စီ (ယာယီ) ကို ဖွဲ့စည်းသည်။ သတင်းသမားများက ဥပဒေကို ကြိုဆို ထောက်ခံခြင်း မရှိခဲ့ကြပေ။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် သတင်းမီဒီယာနည်းဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းသမားများကို အသိမပေးဘဲ လက်ဦးမှုရယူကာ အမိန့်ကြော်ငြာစာ အမှတ် (၄၅/ ၂၀၁၅) အား ထုတ်ပြန်သည်။ သတင်းသမားများကို နှိပ်ကွပ်ရန် ရည်ရွယ်ထားသဖြင့် မီဒီယာကောင်စီနှင့် ပြန်ကြားရေးတို့ကြားတွင် တင်းမာမှုများဖြစ်ခဲ့သည်။

"သတင်းသမားများသည် အာဏာလက်ဝယ်ရှိ အစိုးရများနှင့် ထိပ်တိုက်တွေ့သောအခါ ခါးသီးသောအတွေ့အကြုံများကို ခံစားရသည်။ သို့သော် ပြည်သူကို မျက်နှာမူသော မီဒီယာတို့သည် အင်အားဘယ်လောက်ပင် ကြီးပါစေ ကျဆုံးသွားကြသည်ကို သတိပြုမိပါသည်။" **(မြန်မာ့မီဒီယာနှင့် မြန်မာနိုင်ငံရေး)**

■ **စာကြမ်းပိုး**

# ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ မြောင်းမြမြို့နယ်၊ ကမကိုင်အုပ်စု၊ ဝါးဘိုးတောင်ရွာမှာနေထိုင်တာဖြစ်ပြီး ဆီးချိုနဲ့ ကျောက်ကပ်ရောဂါကိုခံစားနေရတာဖြစ်ပါတယ်။ ဆီးချိုနဲ့ ကျောက်ကပ်ရောဂါခံစားနေရတဲ့ သမီးငယ်လေးမှာ ရောဂါကြောင့် လတ်တလောမှာတော့ ခြေထောက်အောက်ပိုင်းမှာ အနာတွေဖြစ်နေပြီး အနာတွေကလည်း တဆစ်ဆစ်ကိုက်ခဲနေတာလည်း ဖြစ်ပါတယ်။ မိဘတွေကလည်း ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေရတာကြောင့် ဆေးမြီးတိုတွေနဲ့ကုသနေတာဖြစ်ပြီး ဆေးဆက်လက်ကုသဖို့ အခက်အခဲကြုံတွေ့နေရတာဖြစ်ပါတယ်။ ရောဂါဝေဒနာခံစားနေရတဲ့ သမီးငယ်လေးအတွက် တတ်အားသရွေ့ငွေကြေးပြုချင်ရင်တော့ ဖုန်း ၀၉-၇၉၁၄၀၀၃၆၁ ကို တစ်ဆင့်ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■





## ဈေးဝယ်လမ်းညွှန်

# ကားထဲမှာ ရှုပ်ပွနေတာတွေ တစုတစည်းတည်း ထည့်သိမ်းနိုင်မယ့်အိတ်

ကားထဲမှာ ပစ္စည်းတွေ ဟိုဟိုဒီဒီရှုပ်နေတာ မကြိုက်တဲ့လူတွေအတွက် ကားခုံကြားထဲမှာ ညှပ်ထည့်ထားလို့ရပြီး ပစ္စည်းတွေ သိမ်းထားနိုင်မယ့် အိတ်လေးကို ညွှန်ပေးချင်ပါတယ်။ ဖုန်း၊ စာရွက်စာတမ်း၊ ပိုက်ဆံအိတ် စတာတွေ အလွယ်တကူ ထည့်သိမ်းနိုင်မယ့် အိတ်လေးဖြစ်ပြီး ထည့်စရာရှိတာ ထည့်ပြီး ခုံကြားလေးထဲ ညှပ်ထားလို့ရတာမို့ အိတ်အတွက်လည်း နေရာသတ်သတ်ထပ်ပေးစရာ မလိုတော့ပါဘူး ။ ဒီ Car Seat Side Pocket လေးရဲ့ဈေးနှုန်းက နှစ်ခုကို ၃၅၀၀ ကျပ်ကျသင့်မှာဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် 8 Ray အမှတ် ၄၉ ၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် ၊ ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃ ၊ ၀၉ ၄၅၀၁ ၂၇၃၀၄ ၊ ၀၉ ၄၅၀၁ ၂၇၃၀၅ ကို ဆက်သွယ်ပြီး ဝယ်နိုင်ပါတယ်။ ■




ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




**လူ့အမှိုက်များကို ရှာဖွေရန်၊ ဖမ်းဆီးရန်၊ တရားစွဲဆိုတင်ပို့ရန်နှင့် အကျဉ်းထောင်များသို့ ပို့ဆောင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်၏ တာဝန်ဖြစ်သလို သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်၏ တာဝန်လည်း ဖြစ်ပါသည်။ သို့သော် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းမှာ တိုင်းဒေသကြီးအစိုးရမှသည် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများပင် ဖြစ်ပါသည်။**

အမှိုက်ဆိုသည်ကို မြန်မာအဘိဓာန်အကျဉ်းချုပ်က 'အသုံးမလို၍ စွန့်လိုက်သောအစအန၊ အညစ်အကြေးများ' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ 'ဒိုက်' ဆိုသည်ကိုလည်း 'ရေစီးတွင်မျောလိုက်ကမ်းတွင်တင် လိုက်ရှိသော အမှိုက်စု' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ 'စရိုက်' ဆိုသည် ကိုတော့ 'အပြုအမူ အလေ့အကျင့်' ဟူ၍ ဖွင့်ဆိုပါသည်။

## မြစ်ထဲကအမှိုက် ဒိုက်

ရန်ကုန်မြို့ကြီးကို ပတ်လည်ဝိုက်၍ စီးဆင်းနေသော ရန်ကုန်မြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ် စသည်တို့အပြင် ငမိုးရိပ်ချောင်း၊ ပုဇွန်တောင်ချောင်း စသည်တို့၏ ချောင်းစပ်ကမ်းနားများကို ခါတစ်ခါက်အလည်ရောက်၍ ကြည့်လိုက်မည်ဆိုပါက အမှိုက်သရိုက် ဒိုက်ပေါင်းစုံတို့ဖြင့် မလှပသော မြင်ကွင်းပေါင်းစုံတို့က သင့်ကိုဆီးကြိုနေပါလိမ့်မည်။ ထိုအမှိုက် ဤအမှိုက် ဒိုက်သရိုက်တို့အားရှင်းလင်းရန် တာဝန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏တာဝန်ပေလား၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ တာဝန်ပေလားဟူ၍ ကျွန်တော်မသဲကွဲပါ။ အများပြည်သူများလည်း ကျွန်တော့်လိုပင် မသိသလို သိသလို ဝိုးတဝါးဖြစ်နေကြလိမ့်မည်ဟု ထင်ပါသည်။ ဆိုရလျှင် ရန်ကုန်မြို့ကြီး၏ ပတ်လည်ရှိမြစ်ချောင်းများအတွင်း မျောပါစီးဆင်းလျက်ရှိသော အမှိုက်သရိုက် ဒိုက်တို့သည် ရန်ကုန်မြို့တော်စည်ပင်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အကြား သူ့တာဝန်၊ ကိုယ့်တာဝန် မကွဲပြားခြင်းဖြင့် ရန်ကုန်မြို့သူ မြို့သားအပေါင်း၏ မကျန်းမာရေးကို အထောက်အကူပြုနေပါတော့သည်။

## ကုန်းပေါ်က အမှိုက်သရိုက်

ထိုနည်းတူစွာ ရန်ကုန်မြို့သူ မြို့သားတို့၏ မကျန်းမာရေးကိုအထောက်အကူပြုနေသည်ကား မြို့တော်အတွင်း နေရာအနှံ့အပြားတွင်ရှိနေကြသည့် မြို့ကျက်သရေဆောင် အမှိုက်ပုံကြီးငယ်များပင်ဖြစ်ပါသည်။ ရန်ကုန်မြို့တော်အနှံ့တွင် တစ်ချိန်က အမှိုက်ပုံနေရာများကို သတ်မှတ်ပေးထားခဲ့သည်။ သို့သော် စည်းကမ်းမဲ့ပြည်သူတို့က အမှိုက်ပစ်ရာတွင် အမှိုက်ပုံရှိရာသို့ ရောက်အောင်မသွား။ အမှိုက်ပုံအနီးသို့အရောက်တွင် အမှိုက်တွေကိုဝဲ၍ ပစ်ခဲ့သဖြင့် အမှိုက်ပုံအနီးတစ်ဝိုက်တွင် အမှိုက်များမှာပြန့်ကြဲလျက်။ ယင်ကောင်တရုန်းရုန်း၊ ခွေးတွေတဝုန်းဝုန်း၊ အနံ့တထောင်းထောင်းဖြင့် မြင်မကောင်း ရှုမကောင်း၍ 'ဤနေရာတွင် အမှိုက်မပစ်ရ' ဆိုင်းဘုတ်ထောင်သော်လည်း ဆိုင်းဘုတ်က အမှိုက်ပုံအောက်သို့ ရောက်သွားသည်။

ယခုအခါတွင်မူ မြို့နယ်အများစု၌ လမ်းဆုံလမ်းခွများတွင် အမှိုက်ပုံးများထားရှိလာပြီး အချိန်မှန်အမှိုက်သိမ်းသဖြင့် အထိုက်အလျောက် သန့်ရှင်းမှုရှိလာပါသည်။ သို့သော် လူအချို့က အမှိုက်ပုံးရှိရာသို့သွားမပစ်ဘဲ ကြုံရာနေရာတွင် အမှိုက်ပစ်ကြသဖြင့် အတွင်းလမ်းများတွင် အမှိုက်ပုံငယ်များ အပုံပုံအစုစုဖြင့် မြင်နေရသလို အပေါ်ထပ်တိုက်ခန်းများတွင် နေထိုင်သူများကလည်း နောက်ဖေးလမ်းကြားသို့ အမှိုက်ပစ်ချနေကြသည်များမှာလည်း ပညာပေး၍မဆုံးနိုင်ဖြစ်နေကြသည်။

အမှိုက်ပုံ၊ အမှိုက်ပုံး၊ စည်ပင်သာယာနှင့် ပြည်သူတို့မှာ ကျွန်တော်တို့ငယ်ငယ်က ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ကစားသလိုဖြစ်နေသည်။ စနစ်တကျအမှိုက်မပစ်သူများအား အရေးယူရန် တာဝန်ရှိသူတို့ဘက်မှ အားနည်းလျက်ရှိသည်မှာကား အမှန်ပင်ဖြစ်သည်။

## လမ်းပေါ်ကအမှိုက်

ကမ္ဘာပေါ်ရှိ မြို့ကြီးများအနက် တစ်မြို့တည်းသာရှိမည်ဟုယူဆရသည့် မြို့တော်ရန်ကုန်၏ ထူးခြားချက်မှာ ကားကောင်း ကားသန့်တွေစီးကြသည့် အမျိုးကောင်းသား / သမီး၊ မြို့ကြီးသူ / မြို့ကြီးသားတွေကလည်း မိမိတို့စီးနေသည့်ကားကိုမှ အားမနာ ကားပေါ်က အမှိုက်ပစ်ချကြသည်။ တစ်ခါတစ်ရံ ကားပေါ်မှပစ်ချသည့် မုန့်ထုပ်စက္ကူလှလှလေးများ လေတွင်ပျံ့ဝဲနေသည်မှာ ကြည့်၍ပင်ကောင်းသေးတော့သည်။ ဘတ်စ်ကားယာဉ်မောင်းတွေက ကွမ်းစားပြီး ကွမ်းသွေး(ကွမ်းတံတွေး)ကို ပလတ်စတစ်အိတ်ကလေးဖြင့် ခံ၍ထွေးကြသော်လည်း တက္ကစီယာဉ်မောင်းအချို့ကမူ မီးပွိုင့်တွင်ရပ်နေစဉ် ကားတံခါးလေးအသာဖွင့်၍ ကွမ်းသွေးထွေးကြပြန်သေးသည်။ တစ်ခါတစ်ရံ ရန်ကုန်မြို့က ကတ္တရာလမ်းမည်းမည်းတွေပေါ်မှာ ကွမ်းသွေးအကွက်ကွက်ဖြင့် လှပစွာတန်ဆာဆင်ထားသည်ကို နိုင်ငံခြားသားများက အထူးအဆန်းသဖွယ် ဓာတ်ပုံရိုက်နေကြသည်ကိုလည်း မြင်တွေ့ရဖူးပါသည်။

## မြို့ကျက်သရေဆောင် အမှိုက်ပုံကြီးများ

တစ်ချိန်က ရန်ကုန်မြို့တွင် အလွန်ကြီးမားသော အမှိုက်ပုံကြီးနှစ်ပုံရှိသည်။ တစ်ပုံမှာ အလုံမြို့နယ် ကမ်းနားလမ်းတွင်ရှိပြီး နောက်တစ်ပုံမှာ မင်္ဂလာတောင်ညွန့်မြို့နယ် (ယခု ယုဇနပလာဇာ၏အနောက်ဘက်)တွင် ရှိပါသည်။ အလုံမြို့နယ်ရှိအမှိုက်ပုံမှာ အတော်မြင့်မားပြီး ကားလမ်းဘေးတွင်တည်ရှိသောကြောင့် ဖြတ်သန်းသွားလာသူတိုင်းက တမေ့တမောမော်၍ကြည့်ကြရပါသည်။ နောက်ပိုင်းတွင် ယင်းအမှိုက်ပုံမှာ လှိုင်သာယာသို့ရွှေ့ပြောင်းသွားပြီး ထိုနေရာတွင် အာရှနေဘဏ်ရုံးချုပ်အဆောက်အအုံကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရှိရပါသည်။ အာရှနေဘဏ် ရပ်ဆိုင်းသွားပြီးနောက် ယခုအခါ ရွှေတောင်ကုမ္ပဏီ၏ရုံးချုပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှ အမှိုက်ပုံကြီးမှာ ဒေါပုံသို့ပြောင်းရွှေ့သွားသည်ဟုထင်ရပြီး ၎င်းနေရာတွင် ယခုအခါ လုံးချင်းအိမ်ရာများကို တွေ့ရှိရပါသည်။ ယုဇနပလာဇာအကျော် လမ်းကျယ်ဟုခေါ်သော အောင်မင်္ဂလာလမ်းအတိုင်းဝင်သွားလျှင် လက်ယာဘက်တွင် မြင်တွေ့ရသည့် အိမ်ရာများဖြစ်ပါသည်။ ယခုအခါ ယခင်ကတည်ရှိခဲ့သော အမှိုက်ပုံကြီးများပျောက်ကွယ်သွားသည်မှာ ဆယ်စုနှစ်တစ်ခုမက ကျော်လွန်ခဲ့ပြီဖြစ်၍ ပြည်သူများကလည်း ယင်းအမှိုက်ပုံကြီးများကို မေ့နေကြပြီဖြစ်ပါသည်။

## အမှိုက်ပုံကြီးက မီးထလောင်ပြီ

ပြီးခဲ့သည့် သင်္ကြန်ကာလ နှစ်သစ်ကူးအလွန် ဧပြီလ ၂၁ ရက်နေ့က လှိုင်သာယာမြို့နယ်၊ ထိန်ပင်ရှိ ဧက ၃၀၀ ခန့်ကျယ်ဝန်းသည့်မြေနေရာတွင် ဧကတစ်ရာခန့်ရှိအမှိုက်ပုံကြီးက အလိုအလျောက်စတင်၍ မီးလောင်ခဲ့ပါသည်။ အဆိုပါအမှိုက်ပုံမီးလောင်မှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် မေလ ၂ ရက်နေ့တွင် မီးငြိမ်းသတ်နိုင်ခဲ့ပါသည်။ အမှိုက်ပုံဟုသာဆိုရသော်လည်း တကယ်တော့ ဤမျှကြီးမားသည့်အမှိုက်ပုံကြီးသည် သုံးတတ်လျှင် ရွှေဖြစ်ပါသည်။

ရှေးလူကြီးသူမများက 'အမှိုက်သည် ရွှေ' ဟူ၍ပင် တင်စားပြောဆိုခဲ့ကြပါသည်။ တကယ်တော့ အမှိုက်ကနေ ရွှေလိုတန်ဖိုးရှိသည့်ဓာတ်ငွေ့တွေ၊ စွမ်းအင်တွေ၊ လျှပ်စစ်ဓာတ်တွေ ထုတ်ယူနေကြသည်ကိုလည်း ဗဟုသုတရှိသူတိုင်း ကြားဖူးကြမည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံက အမှိုက်မှနေ၍ လျှပ်စစ်ဓာတ်အားပြန်ထုတ်ကာ ရောင်းစားနေသလို ကျွန်တော်တို့နိုင်ငံမှ တာဝန်ရှိသူတွေကလည်း ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုနှင့်ညှိနှိုင်း၍ လျှပ်စစ်ဓာတ်ထုတ်ရန်စီစဉ်နေဆဲမှာပင် ယခုလို မီးလောင်သွားခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန်က ပြောသည်ဟု သတင်းများက ဆိုပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက "တစ်နေ့လျှင် တန် ၃၀၀ မီးရှို့နိုင်သည့် အမှိုက်မီးရှို့စက်ရုံတစ်ရုံတည်ဆောက်ရန် စည်ပင်သာယာမှ တာဝန်ရှိသူကိုခေါ်ဆောင်၍ တရုတ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း၊ မြို့တော်ဝန်ကိုလည်း ထိုကဲ့သို့သောစက်ရုံမျိုး တည်ဆောက်သင့်ကြောင်း ပြောကြားခဲ့သည့်အပြင် လွှတ်တော်တွင်တင်ပြခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်က ကျပ်သန်းပေါင်း သုံးသိန်းခြောက်သောင်းကျော် ခွင့်ပြုပေးခဲ့သော်လည်း အရာမထင်ခဲ့ကြောင်း" စသည်ဖြင့်ပြောကြားသည်ဟု လူမှုကွန်ရက်တွင် တင်ထားသည်ကို ပြန်လည်မျှဝေခဲ့ကြပါသည်။

## စိုးရိမ်ပူပန်မှုများနောက်ကွယ်မှ ဝေဖန်ပြောဆိုချက်များ

လှိုင်သာယာအမှိုက်ပုံမီးလောင်သည့်အခါ ပြည်သူတို့က စိုးရိမ်ပူပန်မှုဖြင့် ပြောဆိုမှုများရှိကြသလို ဤသို့သောအခြေအနေအထိ ရောက်ရှိခဲ့ရသည့်အတွက် စီမံခန့်ခွဲမှုအားနည်းသည့် တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း ပြစ်တင်ဝေဖန်ပြောဆိုခဲ့ကြပါသည်။ ဤမျှကြီးမားများပြားသည့် အမှိုက်ပုံကြီးဖြစ်လာသည်အထိ အမှိုက်များကိုတစ်နေရာတည်းတွင်စုပုံရသည့်အကြောင်း၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် မြေတန်ဖိုး မတန်တဆ ကြီးမြင့်နေသည့်အချိန်မျိုးတွင် ဤမျှကျယ်ဝန်းသည့်မြေဧရိယာကို ပိုမိုအကျိုးရှိသည့် အခြားလုပ်ငန်းတစ်ခုခုအတွက် အသုံးမပြုနိုင်ဘဲ အမှိုက်ပုံအဖြစ်သာ အသုံးပြုသည့်အကြောင်း စသည်တို့အပြင် နဂိုကတည်းက အမှိုက်ကိုစနစ်တကျခွဲခြားစွန့်ပစ်၍ ဖျက်ဆီးသင့်ကြောင်း စသည့်အချက်များလည်းပါဝင်ခဲ့ပါသည်။

## ဘယ်သူ့တာဝန်လဲ

ယခုမီးလောင်ခဲ့သောအမှိုက်ပုံသည် ယခင်အစိုးရများလက်ထက်ကတည်းကရှိခဲ့သော၊ အသုံးပြုခဲ့သော အမှိုက်ပုံဟူ၍ အချို့က ယိုးမယ်ဖွဲ့၍ ရမယ်ရှာကာ ပြောချင်ပြောကြပါဦးမည်။ ဆိုရလျှင်တော့ ယခုလိုအချိန်အခါမျိုးတွင် သူ့ကြောင့်၊ ငါ့ကြောင့်၊ သူထားခဲ့လို့၊ သူလုပ်ခဲ့လို့ဆိုသော တရားခံရှာပြစ်တင်ပြောဆိုမှုများ ပြုလုပ်နေရမည့်အချိန် မဟုတ်တော့ပါ။

လက်ရှိအချိန်တွင် တာဝန်ယူထားသူ၊ လက်ရှိအချိန်တွင် တာဝန်ရှိသူကသာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်သာဖြစ်ပါသည်။ ထို့ကြောင့် လတ်တလော သွေးပူနေသည့်အချိန်တွင် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့အနေနှင့် ရန်ကုန်မြို့၏အမှိုက်ပြဿနာကို အရေးကြီးကိစ္စတစ်ရပ်အနေနှင့် သဘောထားလျက် မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့်လည်း အမှိုက်ပြဿနာဖြေရှင်းရေးအတွက် ကောင်းမွန်သောအစီအမံများကို အမြန်ဆုံးချမှတ်ဆောင်ရွက်သင့်ပါသည်။

## အမှိုက်ပုံနဲ့တူတဲ့ စရိုက်စုံလူများ

ယခုခေတ် အမှိုက်ပုံများတွင် အဖိုးတန်အိမ်သုံးပစ္စည်းများမှသည် အဖိုးမတန်သည့် ပလတ်စတစ်အိတ်ဟောင်းများအပါအဝင် ပစ္စည်းအစုတ်ပလုတ်များ အမျိုးအစားစုံလင်စွာ ပါဝင်လျက်ရှိကြပါသည်။ အလားတူစွာပင် ရန်ကုန်မြို့ကြီးတွင် နေထိုင်လျက်ရှိကြသူများမှာ ကြီးမားကျယ်ဝန်းခမ်းနားသည့် တိုက်ကြီးပေါ်တွင်နေထိုင်သည့် သူဌေးကြီးများမှသည် အလွန်ဆင်းရဲမွဲတေ၍ 'အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ ဘုံမိကမ္ဗလာ မြေမွေ့ရာထက်တွင်' နေထိုင်ကြသည့် ကာကဝလိယ ဇနီးမောင်နှံလိုဆင်းရဲသားမျိုးကလည်း အမြောက်အမြားပင်ရှိကြပါသည်။

ထို့အပြင် အပေါ်မရောက် အောက်မရောက် လူလတ်တန်းစားများကလည်း ဒုနဲ့ဒေးပင်။ ထူးခြားသည်မှာကား အနယ်နယ်အရပ်ရပ်မှ လာရောက်ကြပြီး အလုပ်အကိုင်ရှာဖွေကြသည့် ရွှေ့ပြောင်းလူတန်းစားကလည်း သိန်းနှင့်ချီ၍ရှိနေခြင်းပင်။ ထိုသို့သောလူတန်းစားမျိုးစုံတွင် ကောင်းသည့်လူရှိသလို မကောင်းသည့်လူကလည်း အများအပြားရှိကြမည်သာပင်။ ထို့ကြောင့်လည်း ရန်ကုန်မြို့ကြီးတွင် နေ့ညမဟူ ဖောက်ထွင်းခိုးယူမှုများ၊ လုယက်မှုများ၊ မုဒိမ်းမှုများနှင့် လူသတ်မှုများကို နေ့စဉ်နှင့်အမျှ ကြားသိနေရခြင်းဖြစ်ပါသည်။ ပြောရလျှင် ထိုသူများမှာ လူ့အမှိုက်များပင်ဖြစ်ပါသည်။ ထိုသူများကိုရော မည်ကဲ့သို့ရှင်းလင်း၍ မည်သည့်အမှိုက်ပုံသို့ ပို့ကြမည်နည်း။ မည်သူ့တွင် တာဝန်ရှိပါသနည်း။

လူတို့စွန့်ပစ်သောအမှိုက်များကို သိမ်းဆည်းရန်၊ စနစ်တကျစွန့်ပစ်ရန်နှင့် ဖျက်ဆီးရန် အဓိကတာဝန်ရှိသူသည် မြို့တော်စည်ပင်သာယာရေးဖြစ်သလို၊ လူ့အမှိုက်များကို ရှာဖွေရန်၊ ဖမ်းဆီးရန်၊ တရားစွဲဆိုတင်ပို့ရန်နှင့် အကျဉ်းထောင်များသို့ပို့ဆောင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်၏ တာဝန်ဖြစ်သလို သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်၏ တာဝန်လည်းဖြစ်ပါသည်။ သို့သော် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းမှာ တိုင်းဒေသကြီးအစိုးရမှသည် အဆင့်ဆင့်သောအုပ်ချုပ်ရေးအဖွဲ့စည်းများပင် ဖြစ်ပါသည်။

နိဂုံးချုပ်ရလျှင် ကိုယ့်အလုပ် ကိုယ်လုပ်ကြဖို့လိုပါသည်။ ကိုယ့်တာကိုယ်လုံဖို့လိုပါသည်။ လူတို့စွန့်ပစ်သည့် အမှိုက်များကို စနစ်တကျစွန့်ပစ်ဖို့လိုသလို လူ့အမှိုက်များကိုလည်း စနစ်တကျ ထိန်းချုပ်ဖို့လိုပါသည် ...။

■ သိန်းထက်အောင်



**အခြေခံပညာရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေကြရာတွင် အစိုးရကျောင်းများသာမက အမျိုးသားပညာရေး ဥပဒေအရ ခွင့်ပြုထားပြီးဖြစ်သည့် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများလည်း အကျုံးဝင်ရန် လိုအပ်ပါသည်။ တစ်ကျောင်း တစ်ဂါထာ မဖြစ်စေရန် သက်ဆိုင်ရာပညာရေးဥပဒေများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ် လမ်းညွှန် ဖြည့်ဆည်းပေးကြပါမည်လား ဆိုခြင်းကလည်း ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ရပ် ဖြစ်ပါသည်။**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ ဘာသာရပ်အသီးသီးအတွက် မေးခွန်းပုံစံများကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြပေးနေပြီ ဖြစ်ပါသည်။ ပြောင်းလဲမှုတစ်ခုပြုလုပ်သည့်အခါတိုင်း ကြိုက်ခြင်း မကြိုက်ခြင်း စသောတုံ့ပြန်တတ်သည့်အခြေအနေများကို ကြားသိနေရပါသည်။ လောကသဘာဝအရကြိုက်နှစ်သက်သူများရှိသကဲ့သို့လက်ခံရန် ငြင်းဆန်လိုသူများလည်း ရှိနေကြပါသည်။ မိမိ၏သဘောထားအရမှာမူ လက်ခံလိုခြင်းမရှိသကဲ့သို့ ကန့်ကွက်ရန်လည်းဆန္ဒမရှိပါ။ မိမိကိုယ်တိုင်က ပြုပြင်ပြောင်းလဲလိုသူတစ်ဦး ဖြစ်သည့်တိုင်အောင် ပညာရေးစီမံခန့်ခွဲမှု အရည်အသွေးချတ်ခြုံကျနေပြီဖြစ်သော အခြေခံပညာအဆင့်၏ ပကတိပညာရေး သဘောထားအမြင်များ၊ လုပ်နည်းလုပ်ဟန်များနှင့် အကောင်အထည် ဖော်ရမည်ဆိုပါက ထပ်မံစတေးခံရဦးမည့် ပညာရေးဖြစ်သွားမည်ဆိုခြင်းကိုတော့ စိုးရိမ်မိပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းပုံစံပြုစုသူများမှာ တက္ကသိုလ်မှ ဘာသာရပ် ပါမောက္ခများ ဖြစ်ကြပါသည်။ မေးခွန်းပုံစံပြောင်းရန် ဦးဆောင်လမ်းညွှန်ခဲ့ကြသည့် ပညာရေးဝန်ကြီးအပါအဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများမှာ အဆင့်မြင့်ပညာက ဖြစ်ပါသည်။ လက်တွေ့လေ့ကျင့် သင်ကြားပေးရမည့်သူများမှာ အခြေခံပညာက ဆရာ / ဆရာမများ ဖြစ်ပါသည်။ သင်ကြားခြင်းခံရမည့်သူများမှာ အခြေခံပညာက ကျောင်းသား ကျောင်းသူများ ဖြစ်ပါသည်။ သင်ကြားသင်ယူမှု ထိရောက်ခြင်း ရှိမှု မရှိမှုကို ကြီးကြပ်လမ်းညွှန်ပေးကြမည်မှာ အခြေခံပညာက အရာရှိများဖြစ်ပါသည်။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များမှ ထွက်ပေါ်လာသောအကျိုးရလဒ်ကို မိဘအုပ်ထိန်းသူ၊ ပြည်သူနှင့် နိုင်ငံ၏အနာဂတ်က မျှော်လင့်လျက်ရှိပါသည်။ ပညာရေးလုပ်ငန်းစဉ်များအပေါ် ပညာရေးနှင့် ဆက်စပ်ပတ်သက်နေသူအားလုံး၏ သဘောထားအမြင်မှန်ကန်ရန်၊ လုပ်ငန်းကျွမ်းကျင်မှုပြည့်ဝရန်၊ အတူပူးပေါင်း ဆောင်ရွက်လိုစိတ် ထက်သန်စေရန် လိုအပ်နေခြင်းကလည်း ပြုပြင်ပြောင်းလဲမှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းသည် အလွတ်ကျက်မှတ်မှုကို အားပေးသော မေးခွန်းပုံစံအစား ၎င်းတို့၏ စဉ်းစားဆင်ခြင်တွေးခေါ်နိုင်မှုနှင့် ကိုယ်တိုင်အတွေးအမြင် အယူအဆများကို ဦးစားပေးသော မေးခွန်းပုံစံဖြစ်စေရန် ပြောင်းလဲခြင်းသာ ဖြစ်ပါသည်ဟု ရှင်းလင်းချက်တွင် ဖော်ပြထားပါသည်။ ပညာရေးသမားတစ်ဦးအနေနှင့် အထူးမျှော်လင့်ထားသော အရည်အသွေးများ ဖြစ်ပါသည်။ သို့သော် အဆင်သင့် ဖြစ်ကြပါပြီလား ဆိုသောအချက်ကို မိမိအနေနှင့် စောဒကပြုလိုမိပါသည်။ မူဝါဒများကို ချမှတ်ပေးသည့် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ အဆင့်ဆင့်သော ပညာရေးအရာရှိများ၊ သင်ကြားသင်ယူမှုတွင် လက်တွေ့အကောင်အထည်ဖော်ကြရမည့် အခြေခံက ဆရာ၊ ဆရာမများ၊ လေ့လာသင်ယူကြမည့် ကျောင်းသား ကျောင်းသူများ၊ ပညာရေး၏ အသီးအပွင့်ကို မျှော်လင့်ကြီးစွာစောင့်စားနေကြသော မိဘပြည်သူများ ပညာရေးနှင့် ဆက်စပ်ပတ်သက်နေသူများအားလုံးတွင် ပြောင်းလဲလိုသည့်သဘောထား၊ ဆောင်ရွက်နိုင်ရန်ရှိကြရမည့်အရည်အသွေး၊ လုပ်ဆောင်ရမည့်နယ်ပယ်အလိုက် လိုအပ်မည်ဖြစ်သောရင်းမြစ်များ အဆင်သင့်ဖြစ်မှု အခြေအနေတွင် ရောက်နေပြီလားဆိုခြင်းအား ဆင်ခြင်သုံးသပ်ပေးရမည် ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲလိုက်သည့် မေးခွန်းပုံစံကြောင့် ရရှိလာမည်ဖြစ်သော ပညာရေးအရည်အသွေးသည် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်သည့် အမျိုးသားပညာရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်နိုင်စေရေးအတွက် မည်မျှသောအတိုင်းအတာအထိ ထောက်ကူဖြည့်ဆည်းပေးနိုင်မည်ဆိုခြင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ မည်သို့သောမေးခွန်းပုံစံကို အသုံးပြုသည်ဖြစ်ပါစေ ၂၁ ရာစု ပညာရေး မျှော်မှန်းချက်များနှင့်အညီ သတ်မှတ်ထားပြီးဖြစ်သည့် အမျိုးသားပညာရေးရည်မှန်းချက်များသည် စာမေးပွဲကိုအလေးထားပြီး စစ်ဆေးဆောင်ရွက်ခြင်းဖြင့် ရယူဖြည့်ဆည်းပေးနိုင်သော အရည်အသွေးများ ဖြစ်ခြင်း မဖြစ်ခြင်းကိုလည်း သတိပြု ဆင်ခြင်သုံးသပ်ကြရန် လိုအပ်မည် ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ အခြေခံပညာအဆင့်အလိုက် သင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းကို သက်ဆိုင်ရာ ပညာရေးဥပဒေ၏ နည်းဥပဒေများတွင် ထည့်သွင်း သတ်မှတ်ရမည်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းမပြုရသေးမီ ၁၉၉၈ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ်(ပထမဆင့်)၌ လမ်းညွှန်ထားသည့်အတိုင်း အခြေခံပညာ အထက်တန်းအဆင့်ကို သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပြီး တက္ကသိုလ်ဝင်ခွင့်အတွက် သက်ဆိုင်ရာတက္ကသိုလ်က စစ်ဆေးသည့် ဝင်ခွင့်စာမေးပွဲကိုဖြေဆိုပြီး တက်ရောက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ယခုကဲ့သို့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းပုံစံပြောင်းပြီး စာမေးပွဲကို အလေးထားမည့်အစား ပညာရေးဥပဒေ၊ ပညာရေးလမ်းညွှန်ချက်များနှင့်အညီသာ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

စဉ်းစားတွေးခေါ်မှုကိုအလေးထားသည့် မေးခွန်းများကို ဖြေဆိုနိုင်စေရန်မှာ ဆက်စပ်လျက်ရှိသော သင်ကြားသင်ယူမှု လုပ်ငန်းများအနက် အဓိကအားဖြင့် ကျယ်ပြန့်သောသင်ရိုးညွှန်းတမ်း ဖြစ်စေရပါမည်။ ကျယ်ပြန့်သောသင်ရိုးညွှန်းတမ်းဆိုသည်မှာ ကျောင်းသုံးစာအုပ်တစ်ခုတည်းကိုသာ လက်ကိုင်ပြု သင်ကြားပေးခြင်း မဖြစ်စေသင့်ပါ။ သင်နည်းစနစ်မှာလည်း အတူပူးပေါင်းပါဝင်ပြီး အပြန်အလှန်အသိပညာ ဖလှယ်နိုင်မည့်လုပ်ငန်းစဉ်များ ဖြစ်စေရပါမည်။ အထူးအားဖြင့် အတန်းစဉ်အလိုက် အလေ့အကျင့်မရှိဘဲ အထက်တန်းအဆင့်ဒသမတန်းရောက်မှသာ တက္ကသိုလ်ဝင်စာမေးပွဲဟုဆိုပြီး မေးခွန်းပုံစံ ပြောင်းလဲကျင့်သုံးမည်ဆိုပါက ကျောင်းသားများအတွက် ကြီးစွာသောအခက်အခဲ ဖြစ်စေနိုင်သည့်အပြင် အစဉ်အလာအရ ပညာရေးမူဝါဒများနှင့်အညီ ဆောင်ရွက်မှုမပြုနိုင်ခဲ့ခြင်းများကို သင်ခန်းစာယူရမည်ဖြစ်ပါသည်။ မေးခွန်းပုံစံပြောင်းခြင်းနှင့် အတူ လုပ်နည်းလုပ်ဟန်ကို အထူးအလေးထား ပြောင်းလဲရန် လိုအပ်မည်ဖြစ်ပါသည်။

ပညာရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာရေးနှင့်ဆက်စပ် ပတ်သက်နေသူအားလုံး၏ သဘောထားအမြင်မှန်ကန်ရေး၊ အတူပူးပေါင်းဆောင်ရွက်လိုစိတ် ထက်သန်ရေးတို့မှာ လုပ်ငန်းအောင်မြင်မှုအတွက် အဓိက စိန်ခေါ်မှုများ ဖြစ်ပါသည်။ အခြေခံပညာရေးလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်နေကြရာတွင် အစိုးရကျောင်းများသာမက အမျိုးသားပညာရေးဥပဒေအရ ခွင့်ပြုထားပြီးဖြစ်သည့် ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများလည်း အကျုံးဝင်ရန် လိုအပ်ပါသည်။ တစ်ကျောင်း တစ်ဂါထာမဖြစ်စေရန် သက်ဆိုင်ရာပညာရေးဥပဒေများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်လမ်းညွှန် ဖြည့်ဆည်းပေးကြပါမည်လား ဆိုခြင်းကလည်း ထည့်သွင်းစဉ်းစားရမည့်အချက်တစ်ရပ်ဖြစ်ပါသည်။

ထိရောက်သောစစ်ဆေးအကဲဖြတ်ခြင်းဖြစ်စေရန် စာမေးပွဲစစ်ဆေးခြင်းအပေါ် အထူးအလေးပေးနေခြင်းကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပြီး ထိရောက်ပြီး လက်တွေ့ကျသည့် အခြားသောစစ်ဆေးအကဲဖြတ် နည်းအမျိုးမျိုးကိုလည်း အသုံးပြုရမည်ဖြစ်သည်ဟု အမျိုးသားပညာရေးမူဝါဒကော်မရှင်က လမ်းညွှန်ထားပြီး ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူတတ်မြောက်မှုအတွက် အထောက်အကူဖြစ်ရေး၊ စဉ်ဆက်မပြတ် ဘက်စုံလွှမ်းခြုံစစ်ဆေးအကဲဖြတ်ရေး၊ ကလေးတိုင်းအကျုံးဝင်ပြီး သာတူညီမျှဖြစ်ရေး၊ လက်တွေ့လုပ်ကိုင် စီမံဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ရေး၊ စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီပြီး အကျိုးရှိထိရောက်ရေး၊ စစ်ဆေးအကဲဖြတ်လုပ်ငန်းတွင် ကျောင်းသားများနှင့်မိဘများ ပါဝင်ဆောင်ရွက်ရေးဆိုသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူဝါဒကိုလည်း ကော်မရှင်ကသတ်မှတ်ထားပြီး ပညာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများက သဘောတူလက်ခံထားပြီးဖြစ်ပါသည်။

အဓိကအားဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်၊ စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များသည် ဆရာများ အတတ်ပညာပြည့်ဝမှုအပေါ်တွင် အခြေခံပါသည်။ ဆရာသည် ကလေးများအခြေအနေ၊ ဘာသာရပ်သဘောသဘာဝ၊ ပညာသင်ကြားခြင်းရည်ရွယ်ချက်၊ လက်တွေ့ဘဝတွင် အသုံးဝင်မှု စသည်တို့ကို အခြေခံပြီး သင်ပြနည်းကို ရွေးချယ်ရပါသည်။ သင်ပြနည်းကို အခြေခံပြီး စစ်ဆေးအကဲဖြတ်ခြင်းကို ဆောင်ရွက်ရပါသည်။ မေးခွန်းသည် စဉ်းစားတွေးခေါ်မှုကို ဦးတည်ပါသည်ဟု မည်သို့ပင်ဆိုထားစေကာမူ အလွတ်ကျက်မှတ်မှုကို ဦးစားပေးသည့် သင်ပြနည်းများ ဖြစ်နေမည်ဆိုပါလျှင် ဆက်လက် စဉ်းစားကြစေလိုပါသည်။

ပညာရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း အကြံပြုလိုပါသည်-

(က) ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေ၊ ပုဒ်မ ၅၈(ခ) နှင့်အညီ ကျင့်သုံးပေးပါရန်၊

(ခ) အဓိက လိုအပ်လျက်ရှိသော ဆရာ၊ ဆရာမများ၏ သင်ကြားသင်ယူမှု အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်ပေးပါရန်၊

(ဂ) အဆင့်ဆင့်သော ပညာရေးအရာရှိများ၏ ပညာရေးစီမံခန့်ခွဲမှု အတတ်ပညာနှင့် အရည်အသွေးပြည့်ဝစေရန် ပညာရေးစကားဝိုင်းများကို ပြင်ပ ပညာရှင်များ၏အကြံဉာဏ်ကို ပူးပေါင်းရယူလျက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပါရန်၊

အခြေခံပညာအဆင့်သည် နယ်ပယ်ကျယ်ပြန့်ပါသည်။ အကြောင်းအရာ ကဏ္ဍစုံပါသည်။ အရေအတွက် များပြားပါသည်။ ပညာရေးအတွက် အခြေခံအကျဆုံးဖြစ်သောကြောင့် မှန်ကန်စနစ်ကျရန် လိုအပ်ပါသည်။ အခြေခံပညာကဏ္ဍ၏ ပညာရေးဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ် စည်းကမ်း ပညာ ကောင်းမွန်ပြည့်ဝရန် လိုအပ်ပါသည်။ ပညာရေးကို အမှန်တကယ်ကောင်းမွန်စေလိုသည်ဆိုပါလျှင် အခြေခံပညာအဆင့်၏ ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲပေးရပါမည်။ ပညာရေးစီမံခန့်ခွဲမှုအရည်အသွေး မြှင့်တင်ပေးရပါမည်။ ပညာရေးဝန်ကြီးတစ်ဦး လမ်းညွှန်ထားသကဲ့သို့ မူပြောင်းလိုလျှင် လူပြောင်းပေးရပါလိမ့်မည်။

■ **အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦး**

# မြစ်ကြီးနားတွင် ဓားထောက်အနုကြမ်းစီး၊ ငွေသိန်း ၇၇၀ လုယက်ခံရ

**မြစ်ကြီးနား၊ မေ ၉**

မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်တွင်းရှိ နေအိမ်တစ်လုံးတွင် မေလ ၈ ရက်နေ့ ည ၁၀နာရီက အသက် ၄၅ နှစ်အရွယ် အိမ်ရှင်အမျိုးသမီးကို အမည်မသိ လူနှစ်ဦးက ဓားထောက် အနုကြမ်းစီး၍ ငွေကျပ်သိန်း ၇၇၀ ကိုလုယူခဲ့မှု ဖြစ်ပွားခဲ့ကြောင်း ယင်းမြို့မရဲစခန်းမှ သိရသည်။

အနုကြမ်းစီးမှုဖြစ်ပွားခဲ့သော အိမ်တွင်နေထိုင်သူ ဒေါ်ရွယ်ဂျီးသည် နေအိမ်အရှေ့ခန်း မှန်တင်ခုံရှေ့တွင်ထိုင်နေစဉ် တံခါးခေါက်သံကြား၍ တံခါးသွားဖွင့်ပေးရာ အနက်ရောင်မျက်နှာဖုံးစွပ်ထားသည့် လူနှစ်ဦး ဓားထောက်၍ အော်လျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ ယင်းနောက် ၎င်းအား အမည်မသိလူတစ်ဦးက နှာခေါင်းနှင့် ပါးစပ်ပိတ်လိုက်ရာမှ သတိလစ်ပြီး လဲကျခဲ့ကြောင်း ယင်းရဲမှတ်တမ်းအရ သိရသည်။

ထို့နောက် ဒေါ်ရွယ်ဂျီးသည် ခဏအကြာသတိ ပြန်လည်ရလာသည့်အခါ ဘေးနားတွင် မိသားစုဝင်များရောက်ရှိနေသည်ကိုတွေ့ရပြီးနောက် ခင်ပွန်းဖြစ်သူက အိမ်ခန်းများ စစ်ဆေးကြည့်ရာ အိပ်ခန်းခုတင်ဘေးတွင် ဆာလာအိတ်ဖြင့်ထည့်ပြီး ချထားသည့် မြန်မာငွေ ကျပ်သိန်း ၇၇၀ တိတိမှာ မရှိတော့ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

"အမျိုးသမီးတစ်ဦးတည်း ရှိနေတာကို အခွင့်ကောင်းယူပြီး လာလုပ်သွားတာလို့ သုံးသပ်လို့ ရတာပေါ့" ဟု မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

အဆိုပါဖြစ်စဉ်ကို မြို့မရဲစခန်းတွင် (ပ) ၉၉/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂/၁၄၄ ဖြင့် အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

မြစ်ကြီးနားမြို့မြို့မရပ်ကွက်၊ ရတနာလမ်း၊ နယ်မြေ ၉၊ ဆိုင်ခန်း အမှတ် ၉၁ နှင့် ၉၂ တွင် ဖွင့်လှစ်ထားသည့် ကျော်မြန်မာရွှေဆိုင်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၉ နာရီခန့် က အမည်မသိလူနှစ်ဦးမှ အနုကြမ်းစီးမှုဖြစ်ပွားခဲ့၍ ရွှေ ၃ ပိဿာ ပါသွားခဲ့သည့် အမှုလည်း ယခုအချိန်ထိ စုံစမ်းနေဆဲဖြစ်သည်။

■ R-06

The VOICE Daily

CARTOON




Classifieds

ဆက်သွယ်လိုပါက -

ကိုအောင်

ဦးစင်မောင်သိန်း

သန့်စင်

(Car Air-con)

ကြယ်သုံးပွင့်

3 Stars
(Hair & Beauty Saloon)

Triple X

Top Star

I.E.M Company Limited
No.28, East Course Road,
Tamwe Township, Yangon, Myanmar.

(Mobile Accessories)

Shan Small Co.,Ltd.

TOYOTA GROUP

ကိုမောင်ဝင်းနှင့်ညီများ

# ဖင်လန်နိုင်ငံမှ ပညာရေးသင်ခန်းစာများ


Minghui

**ဖင်လန်** နိုင်ငံပညာရေးက လက်ရှိအနေအထားတွင် နာမည်ကျော်နေသဖြင့် လေ့လာမကုန်နိုင်အောင် ဖြစ်နေပါသည်။ နိုင်ငံတကာမှ ပညာရှင်များကလည်း သွားရောက်လေ့လာဆဲဖြစ်သည်။ ဖင်လန်က ယခုထွင်လိုက်ပြန်ပြီ။ ကျောင်းများတွင် သင်ကြားမည့် ဘာသာရပ်များကို ဖယ်ရှားဦး မည်ဟု ဆိုလိုက်ပြန်သည်။ အစဉ်အဆက် ကျောင်းတွင် ဘာသာရပ်ဗဟိုပြုကာ သင်ကြားလာနေသူများမျက်လုံးပြူးကုန်မည်ထင်သည်။

စင်ကာပူနှင့် တရုတ်နိုင်ငံတို့တွင် ဖင်လန်နိုင်ငံ၏ ပညာရေးစနစ်ကို အတုခိုးနိုင်အောင် ကြိုးစားနေကြရာ ဖင်လန်က ဘာသာရပ်သင်ကြားမှုများကိုဖြုတ်တော့မည်ဆိုသဖြင့် နားလည်ရခက်ပြီး လေ့လာဆန်းစစ်နေကြရပြန်သည်။ ဖင်လန်နိုင်ငံကလည်း သူ့အရပ်နှင့် သူ့ဇာတ် ပညာရေးကို အောင်မြင်အောင် လုပ်ဆောင်ပြနိုင်လွန်းသဖြင့် မအောင်မြင်ဟု ပြောရန်ကလည်း ခက်နေသည်။ ဖင်လန် အဘယ်ကြောင့် အောင်မြင်ရသနည်းဆိုသည့်အချက်မှာ သူတို့နိုင်ငံမှ ကလေးများသည် စိတ်ဖိစီးမှုလုံးဝမရှိသည့် ပညာရေးစနစ်ကို ပိုင်ဆိုင်နေကြခြင်းကြောင့်ဖြစ်သည်။ ဖင်လန်အတိုင်း လိုက်လုပ်ရန်ဆိုသည်မှာ ပညာရေးတွင် စိတ်ဖိစီးမှု မည်မျှကင်းသနည်းဆိုသည့်အချက်နှင့် တိုင်းတာပါက ကျန်နိုင်ငံများ နောက်ကောက်ကျကုန်သည်။

ဖင်လန်နိုင်ငံသည် ကျောင်းသင်ဘာသာရပ်များမရှိဆိုသည့် သဘောတရားကို လွန်ခဲ့သော ၂ နှစ်ခန့်ကတည်းက စမ်းသပ်နေကြသည်။ ကျောင်းရောက်လာလျှင် ဖတ်စာအုပ်ဖွင့် ဘာသင်မည်ဆိုကာ ဆရာများကပြောခြင်းထက်၊ ကျောင်းသားက သူဘာကို သင်ယူလိုသည်ဟုပြောခြင်းဖြင့် စတင်လိုက်မည်။ အစဉ်အလာက လုံးဝခွဲထွက်သွားသည့်စနစ် ဖြစ်သွားသည်။ သူတို့အတွက် ပြဌာန်းထားသည့် ဘာသာရပ်မရှိ။ သူက ဒုတိယကမ္ဘာစစ်အကြောင်း သိချင်သည်။ သိချင်သည်ကို လေ့လာနိုင်အောင် လုပ်ပေးမည်။ သူရွေးချယ်လိုက်သည့် ဒုတိယကမ္ဘာစစ်အကြောင်းကို သင်ပေးမည်။ ပထဝီ၊ သမိုင်း၊ အင်္ဂလိပ်စာ၊ သင်္ချာတို့နှင့် ဆက်စပ်လေ့လာနိုင်စေရန်လည်း လမ်းဖွင့်ပေးမည်။ သူတို့သိချင်သည့်အကြောင်းအရာသည် မျက်မှောက်ရေးရာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မည်သို့ဆိုစေ ဆရာက ကျောင်းသားသင်ယူချင်သည်ကို သင်ပေးရန်သာဖြစ်သည်။ ယင်းကိုပင် ဘာသာရပ်မဲ့ပညာရေးအဖြစ်အကောင်အထည်ဖော်ရန် စီစဉ်နေကြခြင်းဖြစ်သည်။

ကျောင်းသားက သူ ဒုတိယကမ္ဘာစစ်အကြောင်းသိချင်သည်ဟု ပြောလိုက်မည်။ မြေပုံတွေ ထုတ်ရတော့မည်။ စစ်ပွဲဖြစ်သည့်နေရာတွေကို မြေပုံထောက်ပြသင်ရမည်။ မြေပုံကို ပြရာတွင်လည်း ထိုခေတ်က မြေပုံနှင့် ယခုခေတ် မြေပုံကွဲပြားသွားကြောင်း ပြနိုင်ရမည်။ ဒုတိယကမ္ဘာစစ်အတွင်းက နယ်ခြားသတ်မှတ်ချက်များ ကွဲပြားကုန်သည်၊ အဘယ်ကြောင့် ကွဲပြားသွားသည်ကို ထောက်ပြရမည်။ ပထဝီသဘောတရားတွေပါလာသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ခေါင်းဆောင်တွေအကြောင်း ပြနိုင်သည်။ သူတို့ဘာတွေ ပြောခဲ့သနည်း လေ့လာခိုင်းနိုင်သည်။ ထိုစဉ်က တစ်နေရာနှင့်တစ်နေရာကို တင့်ကားတွေ ပြောင်းရွှေ့ကြသည်။ တပ်တွေကို ရွှေ့ကြသည်။ မိုင်အကွာအဝေးမည်မျှကို မည်သည့်နှုန်းဖြင့်ရွှေ့လျှင် မည်သည့်အချိန်တွင် ရောက်မည်နည်းဆိုသည်ကို သင်္ချာများဖြင့်တွက်ခိုင်းနိုင်သည်။ စစ်ပွဲဖြစ်သည့် နေရာတစ်နေရာနှင့် တစ်နေရာကို တပ်ရွှေ့သည့်နှုန်းများကို တွက်ချက်ခိုင်းခြင်းဖြင့် ပညာရနိုင်သည်။

ကျောင်းသားတစ်ဦး၏ သင်ယူလိုသည့်အကြောင်းအရာကို ဆရာက ချဲ့ထွင်ပြီး လမ်းကြောင်းပေးရမည်မှာ ဆရာ့အတွက်လည်း အလွန်ခက်ခဲသလို တပည့်များကိုလည်း တတ်မြောက်စေလိုသည့်စေတနာမထားလျှင် လုံးဝသင်ကြား၍ မရနိုင်သည့်သဘောဖြစ်နေသည်။ ဖင်လန်နိုင်ငံဆရာတွေက ပညာရေးစနစ်ကို လက်တွေ့ဘဝထဲ ဆွဲထုတ်နေခြင်းဖြစ်သည်။ ကျောင်းသင်ခန်းစာထဲက အချက်များကို ပြောင်းလဲသွားအောင် နှိုးဆွ သင်ကြားနိုင်စေရန် အားထုတ်နေကြခြင်းဖြစ်သည်။ အကန့်အသတ်မဲ့ ပညာရေးဟူ၍လည်း သူတို့က သတ်မှတ်ကြသည်။

တီထွင်ဖန်တီးသည့် ပညာရေးဆိုသည်မှာ တကယ့်ဘဝနှင့် ဆက်စပ်နေရမည်။ ကျောင်းသားကို ရွေးချယ်ခိုင်းခြင်းက ပညာရေးသည် မည်မျှအရေးကြီးသည်ကို ထင်ရှားစေသည်။ သူ့ဘဝအတွက် အရေးအကြီးဆုံး အလုပ်တစ်ခုကို လုပ်နေသကဲ့သို့ ခံစားစေသည်။

ကိုယ်သိချင်သည့်အကြောင်းအရာကို လေ့လာရသောကြောင့် ကျောင်းသားက သူသင်ကြားနေရသည့်ပညာသည် အလွန်အဓိပ္ပာယ်ရှိသည့်အလုပ်တစ်ခုအဖြစ် မြင်လာသည်။ ကျောင်းစာကို ကျောင်းထဲတွင် ထားသွားရန်မဟုတ်။ ကျောင်းစာကို ဘဝထဲယူသွားနိုင်သည်အထိ လမ်းဖွင့်ပေးလိုက်ခြင်းလည်းဖြစ်သည်။

ကျောင်းတစ်ကျောင်း အောင်မြင်မှုကို မည်သည့်အရာနှင့် တိုင်းတာမည်နည်း။ အစဉ်အလာနည်းစနစ်များက မအောင်မြင်ဟုဆိုလျှင် ထိုစနစ်အတိုင်း ဆက်လက်ကျင့်သုံးနေသဖြင့် ပညာရေးသည် တိုးတက်လာနိုင်မည်လော ပညာရှင်များက စဉ်းစားသုံးသပ်လာကြသည်၊

၂၀၁၆ ခုနှစ်က ဗြိတိန်နိုင်ငံ Independent သတင်းစာကြီးက အကောင်းဆုံး ပညာရေးစနစ် ၁၁ ခုကို ထုတ်ပြန်သည်။ အကောင်းဆုံးကို သတ်မှတ်ရာတွင် စီးပွားရေး၊ ပတ်ဝန်းကျင်၊ အခြေခံအဆောက်အဦ၊ ကျန်းမာရေး၊ မူလတန်းပညာ၊ အလုပ်အကိုင်အခွင့်အလမ်း စသည့်အရာများနှင့် တိုင်းတာကြခြင်းဖြစ်သည်။ ကျောင်းတိုင်းလိုလိုသည် အစဉ်အလာဘောင်ကို မကျော်နိုင်သေးသည့် ပညာရေးစနစ်ကိုပင် ကျင့်သုံးနေကြသည်။ အစဉ်အလာကိုအရိုးစွဲနေသောကြောင့် မိဘ၊ ဆရာ၊ ကျောင်းသားအားလုံးက ထိုဝဲအတွင်း ကျင်လည်နေရသည်ကိုသာယာနေသည်။ စင်ကာပူနိုင်ငံက ၁၁ နိုင်ငံတွင် အဆင့် ၄ ချိတ်သည်။ သူတို့သည် အစဉ်အလာနှင့် ခေတ်သစ်ကို ကြိုးစားလွန်ဆွဲရင်း အနေအထားတစ်ခုကိုရောက်လာခြင်းဖြစ်သည်၊ ဘယ်လ်ဂျီယန်နှင့် ဆွစ်ဇာလန်တို့က ဒုတိယနေရာတွင်ရှိပြီး ဖင်လန်က ထုံးစံအတိုင်း နံပါတ် ၁ ဖြစ်သည်။ ဖင်လန် အဘယ်ကြောင့် နံပါတ် ၁ ဖြစ်ရသနည်း။ ပေးထားသည့် အချက်အားလုံး ပြည့်စုံနေသည့်အပြင် တီထွင်ဆန်းသစ်နိုင်စွမ်းရှိခြင်း၌ အားလုံးထက် လွန်ကဲနေသောကြောင့်ဖြစ်သည်။

ဖင်လန်နိုင်ငံမှ အတုယူစရာတွေများပါသည်။ သူတို့သည် ပညာရေးစနစ်ကို တစ်ခုပြီးတစ်ခုပြောင်းသည်။ သူတို့ပြောင်းလဲသမျှသည် ကျောင်းသားများ၏ အနာဂတ်ကို ထည့်တွက်သည်။ ကမ္ဘာ့အဆင့်ကို ထူထောင်ပြီး စံပြုလောက်အောင်လုပ်ပြသည်။ သူတို့ အဘယ်ကြောင့် အောင်မြင်သနည်း။ သူတို့တွင် အကောင်းဆုံးဆရာများနှင့် ပြောင်းလဲမှုကိုလိုက်ပါဆောင်ရွက်နိုင်သူများရှိနေသည်။ ပညာရေးကိုစိတ်ပါဝင်စားသူများဖြင့် ပညာနိုင်ငံကို ထူထောင်လိုစိတ်ရှိသည့်နိုင်ငံဖြစ်နေသောကြောင့် အောင်မြင်နေရခြင်းဖြစ်သည်။

■ E01

**(Ref: Education Lesson from Finland)**

# ဂျပန်ကျောင်းများနှင့် ကိုယ်ထူကိုယ်ထ သန့်ရှင်းရေး

**သန့်ရှင်းရေး** အလုပ်ကိုအလွန်ပျင်းစရာကောင်းသည့်အလုပ်ဟု ထင်ကြသည်။ မိခင်များကလည်း အခန်းထဲ သန့်ရှင်းရေးလုပ်ပြီးမှ ကစားခွင့်ပေးမည်ဆိုပြီး အမိန့်ထုတ်တတ်သောကြောင့် သန့်ရှင်းရေးဆိုလျှင် မုန်းကြသည်ကများသည်။ ဂျပန်နိုင်ငံတွင် ကိုယ့်စာသင်ခန်းကိုယ်သန့်ရှင်း၊ ကိုယ့်ကျောင်းကိုယ်သန့်ရှင်းဆိုသည်မှာ သူတို့ပညာရေးစနစ်၏ အစိတ်အပိုင်း တစ်ခုလိုဖြစ်နေသောကြောင့် ပျင်းရိစရာ၊ ငြီးငွေ့စရာ ကိစ္စတစ်ခုအနေနှင့် မသတ်မှတ်ကြပေ။

ကျောင်းများတွင် ပထမတန်းအဆင့်လောက်ကတည်း ကိုယ့်စာသင်ခန်းကို ကိုယ်သန့်ရှင်းကြရသည်။ ကိုယ်စားမည့် နေ့လယ်စာ ကိုယ်တိုင်ပြင်ဆင်ခြင်းနှင့် ကိုယ့်အိမ်သာ ကိုယ်ဆေးခြင်းလုပ်ငန်းများကို မဖြစ်မနေ လုပ်ကြရသဖြင့် အထူးအဆန်းမဟုတ်တော့ပေ။

ဂျပန်ကျောင်းများတွင် ကျောင်းသားများကိုယ်တိုင် သန့်ရှင်းရေးလုပ်ရခြင်းမှာ အစိုးရအမိန့်ကြောင့်မဟုတ်ပါ။ ထိုစနစ်ကို ကျောင်းတိုင်းက အစဉ်အလာဓလေ့ထုံးတမ်းတစ်ခုအနေဖြင့် လိုက်နာဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုစနစ်ကို သဘောကျသဖြင့် နိုင်ငံတကာကပင် လာရောက်လေ့လာပြီး ဂျပန်နည်းဆိုကာ လက်ခံကျင့်သုံး ဆောင်ရွက်နေမှုများကို တွေ့ရသည်။

ဂျပန်နိုင်ငံ ကိုယ်ထူကိုယ်ထ သန့်ရှင်းရေးစနစ်သည် ကျောင်းတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများကို ပပျောက်စေသည်ဆိုကာ အနောက်နိုင်ငံတွေက လေ့လာနေကြသည်။ အရှေ့တိုင်းယဉ်ကျေးမှုသည် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးရာတွင် ပိုပြီးထိရောက်စေသည်ဟု သူတို့က ယူဆနေကြသည်။ ဂျပန်ကလေးများသည် ကိုယ့်ကျောင်း၊ ကိုယ့်အိမ်သာ၊ ကိုယ့်စာသင်ခန်း သန့်ရှင်းရခြင်းကို မနှစ်မြို့စရာကိစ္စတစ်ရပ်အနေနှင့် ငယ်စဉ်ကတည်းက မသတ်မှတ်ကြသူများဖြစ်သည်။ အချို့သောနိုင်ငံများတွင် ကျောင်းခုံများကို ဖျက်ဆီးခြင်း၊ ဓားများဖြင့် ခြစ်ခြင်း စသည့်ကိစ္စများ ဂျပန်နိုင်ငံတွင်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းပိုင်ပစ္စည်းအားလုံးကို တန်ဖိုးထားတတ်စေရန် ကိုယ်တိုင်သန့်ရှင်းခြင်းဖြင့် လုပ်ဆောင်နေကြရသောကြောင့်ဖြစ်သည်။ ထို့ပြင် ပူးပေါင်းလုပ်ဆောင်နေရခြင်းကလည်း အဖွဲ့အစည်းစိတ်ဓာတ်ကို အလိုလို လေ့ကျင့်ပျိုးထောင်ပြီးသားဖြစ်နေသည်။


Today

ဂျပန်နိုင်ငံကျောင်းတိုင်းတွင် ကလေးများ လိုက်နာကျင့်သုံးနေကြရသည့် ဆောင်ပုဒ်မှာ ရိုးရိုးလေးဖြစ်ပါသည်။ ကိုယ့်နေရာသည် ကိုယ့်တာဝန်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်နေရာကစပြီး သန့်ရှင်းနေစေရမည်။ တစ်ထိုင်စာမှသည် တစ်ခန်း၊ တစ်ခန်းမှ တစ်ကျောင်း၊ တစ်ကျောင်းမှ တစ်မြို့ တစ်မြို့မှ တစ်နိုင်ငံ သန့်ရှင်းစေရန် တာဝန်ခံစေမှုကိုသူတို့ငယ်စဉ်ကတည်းက လေ့ကျင့်ပေးခဲ့ကြသည်။

ဂျပန်တွင် ကျောင်းသန့်ရှင်းရေးကို ဂတ်ကိုဆိုဂျီ (Gakko Soji) ဟုခေါ်သည်။ ထိုဓလေ့သည် ဗုဒ္ဓဘာသာအလေ့အထများလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာတွင်လည်း ပတ်ဝန်းကျင်နှင့် ကိုယ်ခန္ဓာကို သန့်ရှင်းအောင် ထားရမည်ဆိုသည့် သဘောတရားများကို တွေ့ရသည်။ သူတို့လူ့ဘောင်က ပတ်ဝန်းကျင် မသန့်ရှင်းလျှင်၊ ရှုပ်ပွနေလျှင် စိတ်လည်းမသန့်၊ စိတ်လည်းမရှင်း၊ စိတ်လည်းမတည်ငြိမ်နိုင်ဟု ယူဆကြသည်။

တစ်ကိုယ်ရေသန့်ရှင်းခြင်းသည် အကောင်းမြင်စိတ်ကိုလည်း ဖြစ်ပေါ်စေသည်။ မိမိဝန်းကျင်တွင် ရှုပ်ပွနေပါက ပညာသင်ကြားရေးကိုပါ အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထိုအလေ့အထကို ကျောင်းတွေက သင်ထားသောကြောင့် ဂျပန်တို့သည် ကလေးဘဝကတည်းက သန့်ရှင်းစွာနေထိုင်ရေးကို စိတ်ထက်သန်ကြသည်။

ကျောင်းများတွင် ကလေးများသည် ကိုယ်တိုင်တံမြက်စည်းလှည်းကြသည်။ မှန်တွေကိုသုတ်၊ ခန်းမ၊ လှေကား၊ စင်္ကြံ၊ ပြတင်းပေါက်၊ တံခါးမ၊ အိမ်သာအားလုံးကို ပြောင်လက်ပြီး သန့်ရှင်းအောင် အချိန်ပေးကာ လုပ်ဆောင်ကြသည်။ မူလတန်းနှင့် အလယ်တန်းအချို့တွင် ကလေးများကိုအိမ်သာသန့်ရှင်း မလုပ်ခိုင်းပေ။ အထက်တန်းကျောင်းများတွင် ကျောင်းသားကြီးများကသာ အိမ်သာသန့်ရှင်းကို လုပ်ကြသည်ကများသည်။

ထို့ပြင် ဂျပန်ကျောင်းများတွင် နေ့လယ်စာကိုလည်း ကိုယ်ထူကိုယ်ထ ပြင်ဆင်စားသောက်ကြရသည်။ ကျောင်းရှိ ချက်ပြုတ်ရေးဌာနက ချက်ပြုတ်ထားသည့် အစားအသောက်များကို ကိုယ့်အတန်းလိုက်တာဝန်ခံကာ ကျောင်းသားမျာကိုယ်တိုင် ထုတ်ခြင်း၊ အခန်းတွင်း သယ်ဆောင်ခြင်း၊ စာသင်ခုံများကို ထမင်းစားခန်းအသွင်ပြောင်းခြင်း၊ ထမင်းဟင်းများကိုဝေခြင်း၊ စားသောက်ခြင်းတို့ကို ဆရာများနှင့်အတူနေ့စဉ်တာဝန်တစ်ခုအနေနှင့် အဖွဲ့လိုက် လုပ်ဆောင်ကြရသည်။

သူတို့ကျောင်းများတွင် ကျောင်းသို့လာသည့် ဖိနပ်များကို စာသင်ခန်း ဗီရိုများထဲတွင် ထားခဲ့စေပြီး စာသင်ခန်းထဲစီးသည့်ဖိနပ်က သီးသန့်ဖြစ်သည်။ ထို့ကြောင့် စာသင်ခန်းများအတွင်း သန့်ရှင်းနေမည်ဖြစ်သည်။ အပြင်ကဖုန် အတွင်းမယူဆိုသည့်မှုကို လေ့ကျင့်ပေးထားသည်။

ကလေးများကို ပတ်ဝန်းကျင်ပြဿနာသည် လူတစ်ဦးချင်းနှင့် လည်းဆိုင်ကြောင်းကို သူတို့ လေ့ကျင့် သင်ကြားပေးသည်။ ကိုယ်က စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်လိုက်ခြင်းသည် ပတ်ဝန်းကျင်ကို စော်ကားလိုက်သလိုဖြစ်စေသည်ဆိုသော အသိများကို သူတို့ ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြသည်။

ယနေ့ခေတ်ပညာရေးတွင် Teamwork ဆိုသည့် သဘောတရားများကို သင်ကြားရန် စီစဉ်နေကြသည်။ ဂျပန်နိုင်ငံ ကလေးများအတွက် Teamwork ဆိုသည့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထမှာ ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးပြီးသားဖြစ်သည်။ ပျော်ရွှင်စွာဖြင့် ဘဝတစ်ခုကို စုပေါင်းတည်ဆောက်နိုင်ရေးဆိုသည်မှာ သူတို့အတွက် မထူးဆန်းသလိုဖြစ်စေရန် သန့်ရှင်းရေးစနစ်ကို အခြေခံထားသည်။

ဂျပန်နိုင်ငံကျောင်းများတွင် စီးလာသည့်စက်ဘီးများကို သော့မခတ်ဘဲ လမ်းဘေးတွင် တန်းစီကာထားခဲ့ကြသည်ကို သွားရောက်လေ့လာကြသူများ အံ့အားသင့်ကြသည်။ စက်ဘီးဆိုသည်မှာ သော့ခတ်ထားရသည်ဆိုသည့် အလေ့အထ ဂျပန်တွင်မရှိ။ သူတို့နိုင်ငံတွင် စက်ဘီးလည်းမခိုး၊ ကိုယ့်ပစ္စည်းကိုသာ ကိုယ်တန်ဖိုးထားတတ်ကြသည့် အလေ့အထတွေကိုလည်း ငယ်စဉ်ကတည်းက လေ့ကျင့်ပေးထားသည်။ အရာရာတွင် အသေးအဖွဲ့ကအစ အလေးထားပြီး ငယ်စဉ်ကတည်းက လေ့ကျင့်ပေးထားခြင်းမှာ ဂျပန်တို့၏ အလေ့အထကောင်းများဖြစ်သည်။ သူတို့က အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် သဘောတရားကို အပြောမဟုတ်၊ အလုပ်ဖြင့် လက်တွေ့ပြသနိုင်သူများဖြစ်သည်။

■ E01

**(Ref: Japan Today)**

# ပညာမမြင့်သော်လည်း အခွင့်အရေးမြင့်စေရန် ဖန်တီးနိုင်သူများ

**ခေတ်သစ်**

အိန္ဒိယနိုင်ငံသည် ပေါများသည့် လူသားရင်းမြစ်များနှင့် ကောင်းစွာ လုပ်စားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်နေသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နည်းပညာ လောကကိုလည်း သူ့နိုင်ငံသားများဖြင့် လွှမ်းမိုးခွင့်ရစေရန် ကြံဆောင်နေသည်။ မိမိနိုင်ငံတွင် ကွန်ပျူတာနှင့်နည်းပညာ အသုံးပြုနိုင်ရန် အခွင့်အရေးများ မဖန်တီးပေးနိုင်သော်လည်း နိုင်ငံတကာတွင် အိန္ဒိယသားတွေက နည်းပညာရှင်တွေဖြစ်နေကြသည်။

အိန္ဒိယနိုင်ငံသည် လာမည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာ နည်းပညာလုပ်ငန်းစုထဲသို့ သူ့နိုင်ငံသားများ ၁၀၄ ဒသမ ၆၂ သန်းခန့်ရောက်ရှိစေရန် ကြံဆောင်မည်ဟု ဆိုထားသည်။ ထိုသို့ဖြစ်လာစေရန်အတွက် အိန္ဒိယသည် သူ့နိုင်ငံသား ၈ ဒသမ ၁ သန်းခန့်ကို နှစ်စဉ် အလုပ်အကိုင်အခွင့်အလမ်းရစေရန် ဖန်တီးပေးရမည် ဖြစ်သည်။ ၂၀၁၇ ခုနှစ်က အမှန်တကယ်လည်း ၅ ဒသမ ၅ သန်းကို နိုင်ငံတကာကိုလွှတ်နိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ရသည်။

လာမည့်ဆယ်စုအတွင်း အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စီးပွားရေးအဖွံ့ဖြိုးဆုံးနိုင်ငံစာရင်းတွင် အမေရိကန်နှင့်တရုတ်ပြီးလျှင် တတိယနေရာသို့ ရောက်လာနိုင်သည့်နိုင်ငံဖြစ်သည်။ သို့သော် လက်ရှိတွင် နိုင်ငံအတွင်း၌ အလုပ်လက်မဲ့အရေအတွက်က တိုးပွားနေဆဲဖြစ်သည်။ အိန္ဒိယ အဘယ်ကြောင့် ဖွံ့ဖြိုးတိုးတက်ရသနည်း။

အိန္ဒိယနိုင်ငံအတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးသည် ပထမဦးစားပေး လုပ်ငန်းဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံ GDP ၏ ၃ ဒသမ ၈ ရာခိုင်နှုန်း ကို ပညာရေးအတွက် အသုံးပြုနေကြောင်း ၂၀၁၇ ခုနှစ် အိန္ဒိယစီးပွားရေးစစ်တမ်းတွင် ဖော်ပြထားသည်။ ဘရာဇီးနှင့် မလေးရှားနိုင်ငံတို့ထက် နည်းသည်ဆိုသော်လည်း သူတို့တတ်နိုင်သလောက် လုပ်ဆောင်နေကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ပညာရေးအတွက် ပြဋ္ဌာန်းချက်များကိုကြည့်လျှင်လည်း ကမ္ဘာ့စီးပွားရေးလိုအပ်ချက်နှင့် ကိုက်ညီမည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေကြောင်းတွေ့ရသည်။ သူတို့ပညာရေးဦးတည်ချက်က ကျွမ်းကျင် တတ်သိပညာရှင်များ မွေးထုတ်ရေးဖြစ်သည်။ အထူးသဖြင့် soft-skill ကို မွေးထုတ်နိုင်အောင် လုပ်သည်။ အဆင့်မြင့်နည်းပညာ အထောက်အကူများဖြင့် ကမ္ဘာကလက်ခံနိုင်မည့် ပညာရှင်များပေါ်ထွက်လာစေရန် လုပ်ဆောင်ရေးမှာ သူတို့အတွက် အဓိက ဖြစ်သည်။



Bloomberg

ဒုတိယအချက်မှာ ကမ္ဘာ့လိုအပ်ချက် အလုပ်တိုင်းကို အိန္ဒိယနိုင်ငံတွင် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်သည်။ ထို့ကြောင့်လည်း အလုပ်သမားဥပဒေတွေကို မည်သို့ဖြေလျှော့ပေးရမည်ကို စဉ်းစားနေကြသည်။ သူတို့နိုင်ငံမှ အလုပ်သမားများကို ကမ္ဘာ့စျေးကွက်တင်နိုင်ရေးအတွက် အကာအကွယ်ပေးနိုင်မည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်စေရန် စီစဉ်နေကြသည်။

ကမ္ဘာ့စျေးကွက်လိုအပ်ချက်သည် အသက်မွေးဝမ်းကျောင်းပညာဖြင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။ အိန္ဒိယက တီထွင်ဖန်တီးမှုဗဟိုဌာနကြီးတစ်ခုအဖြစ် ဖန်တီးရေးအတွက် သူတို့ဦးတည်နေကြသည်။ မည်သည့်လုပ်ငန်းကိုမဆို အိန္ဒိယသားတွေက လက်ခံလုပ်ပေးနိုင်ရန် ကျွမ်းကျင်ကြသည်ဆိုသော အနေအထားကို သူတို့ဖော်ဆောင်နေခြင်းဖြစ်သည်။

ထို့ကြောင့် အိန္ဒိယအစိုးရသည် Vocational Training Institutes for Women, Basic Training Centers and Related Instructions Centers, Industrial Training Institutes ဆိုသည့်ဌာနများ ထူထောင်ပြီး လက်တွေ့ကျွမ်းကျင်သူများ မွေးထုတ်နိုင်စေရန် စီစဉ်နေသည်။

ပညာရေးတွင် နည်းပညာဆိုင်ရာ ပစ္စည်းများမရှိ၊ ကွန်ပျူတာမရှိ၊ ဆရာမရှိဆိုသည့် အကြောင်းပြချက်နှင့် ငြင်းချက်များကို သူတို့လက်မခံပေ။ ချမ်းသာချင်လျှင် ဘဝမြင့်မားချင်လျှင်၊ ကြီးပွားတိုးတက်ချင်လျှင် မဖြစ်မနေ၊ မရမက ကြိုးစားကြရန်သာ သူတို့လူ့ဘောင်အဖွဲ့အစည်းက ဖန်တီးပေးထားသည်။ Flipkart ဆိုသည့် ကုမ္ပဏီက ကွန်ပျူတာတွေ ထောင်ပေးပြီး အွန်လိုင်းကတစ်ဆင့် ပညာရှာနိုင်ရေးကို ဖန်တီးပေးသည်။ ကျေးလက်အထိ ဆင်းကြသည်။ လိုအပ်သည့် ကွန်ပျူတာနှင့် အင်တာနက်များကို ထူထောင်ပေးပြီး အွန်လိုင်းကပညာရှာ၊ အွန်လိုင်းက ဘွဲ့ယူနိုင်သည်အထိ လိုက်လုပ်ပေးသည်။ အွန်လိုင်းလက်မှတ်တွေ ရသည်အထိတာဝန်ယူသင်ကြားပေးနေသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီတွေက ချဲ့ထွင်ပြီး လူသစ်တွေ စုဆောင်းနေခြင်းကလည်း အိန္ဒိယပညာရေးအတွက် အားတက်စရာဖြစ်သည်။

နိုင်ငံတကာပညာရေးက ရင်ဆိုင်နေရသည့် ပြဿနာမှာ စာတွေ့ထက် လက်တွေ့သမားတွေကို ပိုမိုတောင်းဆိုလာကြခြင်းဖြစ်သည်။ ပညာတတ်ဘွဲ့ရ မဟုတ်တော့။ ပညာတတ်ကျွမ်းကျင်တွေ ဖြစ်လာသည်။ ထို့ကြောင့် ဘွဲ့လက်မှတ်တွေ တစ်ထပ်ကြီး ကိုင်လာပါသည်ဆိုသောသူထက် လက်တွေ့လုပ်ငန်းခွင်ထဲတွင် တီထွင်ပြသူ၊ ဖော်ဆောင်ပြသူတွေကိုသာ တောင်းဆိုလာကြောင်းကိုလည်း သတိပြုသင့်ပါသည်။ အိန္ဒိယအစိုးရက ကုမ္ပဏီအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ ဖော်ဆောင်နေသည့် ပညာတတ်မွေးထုတ်ရေး၊ ကျွမ်းကျင်သူများမွေးထုတ်ရေး အစီအစဉ်နောက်ကို အမှန်အကန်နှင့် အထိရောက်ဆုံးသူများ ပေါ်ထွက်ရန် ဥပဒေဖြင့် အကာအကွယ်ပေးပြီး ထိန်းသိမ်းရင်း မျောလိုက်သွားရန်သာဖြစ်သည်။

အိန္ဒိယနိုင်ငံသည် လူဦးရေများပြီး အစဉ်အလာကို လက်ကိုင်ထားလွန်းသည့် နိုင်ငံဖြစ်သော်လည်း သူတို့နိုင်ငံ သူတို့လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် နည်းပညာဖြင့် ပြောင်းလဲရန်မှတစ်ပါး အခြားမရှိဆိုသည့် သဘောတရားကို လက်ကိုင်ထားကြသည်။ နေရာတိုင်းတွင် နည်းပညာကို မဖြစ် ဖြစ်သည့်နည်းများဖြင့် ဖြည့်စွက်အစားထိုးကာ သူတို့သားသမီးများဘဝ တိုးတက်မြင့်မားနိုင်ရေးကို ကြိုးစားရမည်ဆိုသည့် သဘောတရားတွေကိုလည်း တောရောမြို့ပါမကျန် နားလည်သဘောပေါက်လာကြသည်။

လူငယ်အင်အား၊ နည်းပညာအင်အား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုများဖြင့် အိန္ဒိယသည် ပြန်လည်နိုးကြားသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရမည်ဟု ပညာရေးကိုအခြေခံထားကာ ပြုပြင်ပြောင်းလဲနေကြသည်မှာ အတုယူဖွယ်ရာဖြစ်သည်။ **■ E01**

**(Ref: Forbes)**

# ထိုင်းနိုင်ငံ အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုများ

**၂၀၁၈** ခုနှစ် ဖေဖော်ဝါရီကတည်းက KMITL (King Mongkut's Institute of Technology Ladkrabang) နှင့် CU (Chulalongkorn University) တို့တွင် AI (artificial intelligence) ပညာရပ်နှင့် ပတ်သက်ပြီး ထပ်ဆင့်ဘွဲ့များပေးရန် ကြေညာထားကြသည်။ ဆိုလိုသည်မှာ KMITL နှင့် CU တွင် အင်ဂျင်နီယာဘွဲ့လာယူရင်းက AI ဘွဲ့တစ်ဘွဲ့ကိုပါ ထပ်ယူနိုင်သည်ဆိုသည့် သဘောဖြစ်သည်။ ပညာသင်နှစ်များကုန်ဆုံးလျှင် ဘွဲ့နှစ်ဘွဲ့တစ်ပြိုင်တည်းရနိုင်မည့် အခွင့်အလမ်းကို ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ကျောင်းကို လေးနှစ်သာတက်ရမည်ဖြစ်သော်လည်း ဘွဲ့ကတော့ နှစ်ဘွဲ့ရမည့် အစီအစဉ်လည်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် ပထမဆုံးအနေနှင့် ပညာရေးအတွက် ဘွဲ့နှစ်ဘွဲ့ပေးအပ်မည့်စနစ်လည်း ဖြစ်သည်။ လာမည့်ဩဂုတ်လတွင် စတင်မည့် ထိုပရိုဂရမ်အတွက် လာရောက်စာရင်းပေးသွင်းထားသူ ၄၀ ဦးရှိနေပြီး ထိုသူများနှင့် စတင်တော့မည်ဟုဆိုသည်။

တက္ကသိုလ်များတွင် နည်းပညာဆိုင်ရာ ဘာသာရပ်များကိုထည့်သွင်းသင်ကြားရေးနှင့်နည်းပညာဆိုင်ရာ အထောက်အကူပစ္စည်းများ ထည့်သွင်းရေးသည် အဆင့်မြင့်ပညာရေးအတွက် ထိုင်းနိုင်ငံ၏ ကြိုးစားအားထုတ်မှုများဖြစ်သည်။ ခေတ်အနေအထားက နည်းပညာရှင်များနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် နည်းပညာကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သူများ လိုအပ်နေချိန်ဖြစ်သည်။ နိုင်ငံ၏လိုအပ်ချက် ကမ္ဘာ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှ နိုင်ငံတိုးတက်ဖွံ့ဖြိုးလာမည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို မြှင့်တင်ရမည်ဖြစ်ကြောင်း သူတို့ကောင်းစွာ သဘောပေါက်ထားကြသည်။

ထိုင်းနိုင်ငံသည် ယမန်နှစ်အထိ စက်ရုပ်နှင့်နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ရသူပေါင်း ၂၀၀၀ ခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ သို့သော် ကမ္ဘာ့လိုအပ်ချက်က AI အင်ဂျင်နီယာ ပညာရှင်ပေါင်း တစ်နှစ် ၁၀၀၀ လောက်လိုနေသည်။ ထို့ကြောင့်လည်း အစိုးရအနေနှင့် ပညာရေးကဏ္ဍတွင် AI ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လာမည့် ၂၀၂၃ ခုနှစ်အထိ ဒေါ်လာ ၆ ဘီလီယံခန့် အကုန်အကျခံပြီးလုပ်ဆောင်သွားရန် စီစဉ်ထားသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားက တင်သွင်းနေရသည့် နည်းပညာပစ္စည်းများနှင့် ပညာရှင်များကို မလိုချင်သောကြောင့်ဖြစ်သည်။

လက်ရှိထိုင်းနိုင်ငံတွင် မွေးထုတ်ပေးနေသည့် ဘွဲ့ရပညာတတ်များသည် စျေးကွက်လိုအပ်ချက်နှင့် မအပ်စပ်သူများဖြစ်နေကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ချန်နမ်ချိုင်ဆီရီက မီဒီယာသို့ ထုတ်ဖော်ပြောကြားသည်။ ထိုင်းနိုင်ငံကလည်း Thailand 4.0 ဆိုသည့် မဟာဗျူဟာတစ်ရပ်ကိုချမှတ်ပြီး စီးပွားရေးကို နည်းပညာဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များ ချမှတ်ထားသည်။ ထို့ကြောင့် အနာဂတ်စျေးကွက်က လိုအပ်သည့် ပညာရှင်များကိုသာ မွေးထုတ်ပေးနိုင်ရေးက အရေးကြီးနေသည်။

မကြာသောအနာဂတ်တွင် စက်ရုပ်တွေက လူသားတို့၏ နေရာများကို အစားထိုးလာကြပေတော့မည်။ ထို့ကြောင့် သာမန်ဘွဲ့ရပညာတတ်ဆိုသူတွေ လုပ်ငန်းခွင်က ထွက်ခွာသွားရမည့်အရေးကလည်း နိုင်ငံအစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အရေးတစ်ခုဖြစ်လာသည်။ တက္ကသိုလ်များသည် အနာဂတ် ကမ္ဘာ့စျေးကွက်လိုအပ်ချက်အတိုင်း ပညာရှင်များကို မွေးထုတ်ပေးခြင်း မပြုနိုင်လျှင် ကျဆုံးသွားရတော့မည်ကို သတိပြုသင့်ပါသည်။



ISB

နိုင်ငံတကာပညာရေးစနစ်က ပြဿနာများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်သူများ၊ ဝေဖန်ဆန်းစစ်သည့် အတွေးအမြင်ရှိသူများ၊ ဖန်တီးတီထွင် ဖော်ထုတ်နိုင်စွမ်းရှိသူများကို မွေးထုတ်နေကြသည်။ ယင်းပညာရေးစနစ်သည် အနာဂတ်ပညာရေးစနစ်ဖြစ်ပြီး AI လမ်းကြောင်းကိုရောက်စေရန် တွန်းပို့ပေးနိုင်မည့် ပညာရေးဖြစ်ကြောင်းလည်း ကောင်းစွာသဘောပေါက်ထားရပေလိမ့်မည်။

နိုင်ငံပညာရေးတိုးတက်ရန်ဆိုသည်မှာ နည်းပညာဖြင့်အထောက်အကူပြုရမည်ကို ကောင်းစွာနားလည်ထားသလို ကမ္ဘာ့အမြင်ဖြင့် ရှုမြင်ခြင်း၊ ကမ္ဘာ့ပညာရပ်များကိုဖိတ်ခေါ်ခြင်း၊ ကမ္ဘာ့ပညာရှင်များနှင့်ပါ ပူးပေါင်းလုပ်ဆောင်နိုင်ခြင်းတို့သည် တက္ကသိုလ်ပညာရေးအတွက် အရေးကြီးသည့်အချက်များဖြစ်လာသည်။ ထို့ကြောင့်လည်း နိုင်ငံတကာတက္ကသိုလ်များနှင့်ပူးပေါင်းပြီး နည်းပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်းများကိုလည်း ပြုလုပ်ရန် လိုအပ်လာသည်။ သို့ဖြစ်ရာ KMITL တက္ကသိုလ်သည် ၂၀၁၇ ခုနှစ်တွင် အမေရိကမှ Carnegie Mellon University နှင့် ပူးပေါင်းပြီး ပညာရေးအဆင့် တိုးတက်မြင့်မားစေရန် လုပ်ဆောင်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ဗျူဟာအဖြစ်ချမှတ်ထားသည့် Thailand 4.0 သည် အခြေခံဖြစ်သော ပညာရေးကို ပြုပြင်ပြောင်းလဲမှုဖြစ်မည်။ သို့သော် ပညာရေးတွင် အများဆုံးပြုပြင်ပြောင်းလဲနိုင်သည်က အစိုးရကျောင်းများတွင် မဟုတ်သေးပဲ ပုဂ္ဂလိကကျောင်းများတွင်သာ ဖြစ်နေသေးသည်။ နိုင်ငံတကာအဆင့်ကို လိုချင်လျှင် နိုင်ငံတကာအဆင့်အတိုင်း ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ ထိုသို့ပြုပြင်ပြောင်းလဲရာတွင် ထိုင်းနိုင်သည် အောက်ခြေကမစဘဲ တက္ကသိုလ်က စပြောင်းနေသည်။ ကမ္ဘာ့အဆင့် တက္ကသိုလ် ၁၀၀ စာရင်းဝင်ရန် ကြိုးပမ်းလုပ်ဆောင်နေသော်လည်း ၃၅၀ အတွင်းသာဝင်သေးသည်။ အင်ဒိုနီးရှားနိုင်ငံတက္ကသိုလ်တစ်ခုက မထင်မှတ်ဘဲ ၂၀၁၇ ခုနှစ်တွင် အဆင့် ၅၀ ထဲဝင်သွားသည်။ ထိုင်းတွေဆတ်ဆတ်ခါသွားပြီး တက္ကသိုလ်ကို ကမ္ဘာ့အဆင့်ပြန်မြှင့်ရန် ကြိုးစားနေသည်။ သူတို့လည်း စျေးကွက်စီးပွားတက္ကသိုလ်များဖြစ်အောင် လုပ်နေကြသူများဖြစ်သောကြောင့် ထိုင်းအဆင့်မြင့်ပညာရေးကို စောင့်ကြည့်ရပေလိမ့်မည်။ **■ E01**

**(Ref: The Nation)**

# ဆရာများ၏ ရင်ဖွင့်သံ ( ကျောင်းပြောင်းလက်မှတ် )

မြဇာခြည်သင်း

**ကျောင်းသားများ ကျောင်းပြောင်းလက်မှတ်ထုတ်ယူရာတွင် တိုင်း၊ ပြည်နယ်ခြားဖြစ်လျှင် မြို့နယ်ပညာရေးမှူး၏ လက်မှတ်လိုအပ်သည်။ ထိုအခြေအနေတွင် ကျောင်းသားမိဘများအတွက် အချိန်ကြန့်ကြာမှု၊ သွားလာရေးခက်ခဲမှု စသည့်အခက်အခဲရှိသကဲ့သို့ ကျောင်းအုပ်များဘက်တွင်လည်း အခက်အခဲများရှိနေသည်။ ထိုအခြေအနေအကြောင်း ဆရာများ၏ သဘောထားအမြင်များကို ယခုတစ်ပတ် ဆရာများ၏ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

## “ကျောင်းအုပ်က လက်မှတ်ထိုးပေးပြီးတာနဲ့ ပြောင်းလို့ရတဲ့စနစ်ကို ပိုပြီးသဘောကျတယ်”

### ဦးကိုကိုလေး (ကျောင်းအုပ်၊ အထက(ခွဲ) ကျောက္ကာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်း)



UKKL(FB)

ကျွန်တော်တို့အနေနဲ့ ကျောင်းသားက တိုင်းခြား (ဥပမာ - ဧရာဝတီတိုင်းမှ တနင်္သာရီတိုင်း၊ တနင်္သာရီတိုင်းမှ ဧရာဝတီတိုင်း) ကို ပြောင်းမယ်ဆိုရင်တော့ မြို့နယ်ပညာရေးမှူးလက်မှတ် ယူရပါတယ်။ တနင်္သာရီတိုင်းအနေနဲ့ကတော့ မြို့နယ်ခြားဆိုရင် မြို့နယ်ပညာရေးမှူးလက်မှတ် ယူစရာမလိုဘူးလို့ ပြောထားပါတယ်။ အရင်နှစ်တွေက ကျောင်းအုပ်က လက်မှတ်ထိုးပေးလိုက်တာနဲ့ မြန်မာတစ်နိုင်ငံလုံးက ဘယ်ကျောင်းမှာမဆို တက်ခွင့်ရပါတယ်။ ကျွန်တော်တို့ကျောင်းမှာဆိုရင် မူလတန်းပိုင်းနဲ့ အလယ်တန်းကတော့ ကျောင်းပြောင်းတာ နည်းပါတယ်။ အထက်တန်းပိုင်းကတော့ တစ်နှစ်ကို မရှိပါဘူးဆိုရင် ကိုးတန်းနဲ့ ဆယ်တန်းမှာ အယောက် ၂၀၊ ၂၅ ယောက်လောက်တော့ ပုံမှန်ရှိပါတယ်။ ကျောင်းပြောင်းတဲ့ ခုနောက်ပိုင်းမှ မြို့နယ်ပညာရေးမှူးလက်မှတ်ပါမှ ရတယ်ဆိုတာပေါ်မှာ ကျွန်တော်တို့ကျောင်းအုပ်တွေအနေနဲ့က ထူးထူးခြားခြားခံစားရတာ မရှိပါဘူး။ ဒါပေမဲ့ မိဘတွေအနေနဲ့က အခက်အခဲရှိတယ်။ တချို့မိဘတွေက တိုင်းပြောင်းမယ်ဆိုရင် သွားချင်တာက အမြန်ယူသွားချင်တယ်။ သက်ဆိုင်ရာကျောင်းအုပ်ကလည်း မြို့နယ်ကိုသွားစရာ အချိန်သီးသန့် မဖြစ်သေးဘူးဆိုရင် သူတို့ကို ကျွန်တော်တို့က စောင့်ခိုင်းထားရတယ်။ သူတို့တစ်ယောက်ချင်းစီအတွက် ကျွန်တော်တို့က သီးခြားခရီးစရိတ် တောင်းခွင့်မရှိဘူး။ တောင်းခွင့်မရှိတာကြောင့် ကျွန်တော်တို့ကလည်း ကျောင်းသားတစ်ယောက်ချင်းစီကို တစ်ခေါက်ချင်း လက်မှတ်သွားထိုးမပေးနိုင်ဘူး။ များသောအားဖြင့်တော့ ကျွန်တော်တို့က ကျောင်းသားတွေစုလိုက်တယ်။ ကျွန်တော်တို့မြို့နယ်ကိုသွားတဲ့အခါမှာ သူတို့ရဲ့ (ခ) စာရင်းပါယူသွားပြီး တစ်ခါတည်း မြို့နယ်ပညာရေးမှူးရုံးမှာ လက်မှတ်ထိုးပေးတယ်။ ပြီးတဲ့အခါမှာ သက်ဆိုင်ရာမိဘကိုပြန်ပေးတယ်။ အဲဒါကြောင့် မိဘတွေအနေနဲ့ စောင့်ရတာကြာတဲ့ အခက်အခဲတွေရှိတယ်။ မိဘတွေအတွက် အခက်အခဲပဲရှိတာပါ။ တခြားအကျိုးဆက်တွေတော့ မများပါဘူး။

မိဘတွေအနေနဲ့က သက်ဆိုင်ရာကျောင်းတွေမှာ သွားရောက်အပ်နှံပြီးသားလည်း ဖြစ်နိုင်ပါတယ်။ မိဘတွေအနေနဲ့ ကျောင်းပြောင်းလက်မှတ်သွားပို့ရတာ အခေါက်ခေါက်အခါခါ သွားရတာမျိုး အခက်အခဲတွေတော့ ရှိနိုင်ပါတယ်။ ဒီလိုအခက်အခဲမဖြစ်ရအောင် သက်ဆိုင်ရာကျောင်းအုပ်တွေ မြို့နယ်ရုံးကိုသွားရတဲ့အချိန်ကို သက်ဆိုရာကျောင်းအုပ်ဆီကနေ မိဘတွေက စုံစမ်းထားသင့်တာပေါ့။ ဘယ်ရက်လောက်ကို ဆရာကြီးတွေ မြို့နယ်သွားနိုင်သလဲ အဲလိုမျိုး သွားမယ့်ရက်ကို ချိန်ကိုက်ထားမယ်ဆိုရင် ကျွန်တော်တို့ အဆင်ပြေမယ်လို့ထင်တယ်။ ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် အရင်ပုံစံအတိုင်း ကျောင်းအုပ်ရဲ့လက်မှတ်နဲ့ မြို့နယ်ပညာရေးမှူးရဲ့လက်မှတ်မပါဘဲ ပြောင်းရတာက ကလေးအတွက် ပိုအဆင်ပြေမယ်။ ဒါဆို ကလေးက အချိန်မရွေးထုတ်သွားလို့ရတယ်။ မြို့နယ်ပညာရေးမှူးရုံးကိုသွားရတဲ့အခါကျ ကျောင်းအုပ်က (ခ)စာရင်းစာအုပ်ကိုလည်း မိဘတွေကိုပေးလို့မရဘူး။ ကျောင်းအုပ် သို့မဟုတ် ကျောင်းမှာရှိတဲ့ ကိုယ်စားလှယ်ဆရာ၊ ဆရာမတစ်ယောက် သို့မဟုတ် စာရေးက ကိုယ်စားသွားထိုးပေးရတာဖြစ်တဲ့အတွက် အချိန်ကြန့်ကြာမှုကတော့ဖြစ်တယ်။ အရင်အတိုင်း ကျောင်းအုပ်က လက်မှတ်ထိုးပေးပြီးတာနဲ့ပြောင်းလို့ရတဲ့စနစ်ကို ပိုပြီးသဘောကျတယ်။ ■

## “အခက်အခဲတွေ ဖြေလျှော့တဲ့အနေနဲ့ မလိုအပ်ကြောင်း ဝန်ကြီးက ညွှန်ကြားခဲ့ပါတယ်”

### ဦးအောင်ကျော်သူ (ကျောင်းအုပ်၊ အထက(ခွဲ)အေးမွန်၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)



Photo AKT

ကျောင်းပြောင်းလက်မှတ် (Transfer Certificate –TC) ကိစ္စ ဝန်ကြီးရဲ့လမ်းညွှန်ချက်အရ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး (Township Education Officer –TEO)ရဲ့ထပ်ဆင့်လက်မှတ်ထိုးဖို့မလိုဆိုပြီး ညွှန်ကြားထားပေမယ့်လည်း ပြည်နယ်နဲ့တိုင်းတွေမှာ မြို့နယ်ပညာရေးမှူးတွေရဲ့ ထပ်ဆင့်လက်မှတ်ထိုးမှ ကျောင်းတွေက လက်ခံနေခြင်းကိစ္စပါ။ ဒီလို မြို့နယ်ပညာရေးမှူးရဲ့ ထပ်ဆင့်လက်မှတ်တောင်းရတဲ့ကိစ္စကြောင့် ကျောင်းသားမိဘတွေ၊ ကျောင်းသားတွေ အတော်ဒုက္ခရောက်ကြရပါတယ်။ ပြည်နယ်၊ တိုင်းခြားအတွက် ကျောင်းတွေကကျောင်းပြောင်းလက်မှတ်ထုတ်ရာမှာ မြို့နယ်ပညာရေးမှူးဆီ ကျောင်းဝင်မှတ်ပုံတင် စာအုပ်ကို ဝန်ထမ်းတစ်ဦးနဲ့ယူသွားစေပြီး တိုက်ဆိုင်စစ်ဆေး လက်မှတ်ထိုးပြီးမှ ယူရပါတယ်။ ဝေးလံတဲ့ကျောင်းများမှ သွားလာစရိတ်မိဘက ခံရသလို မြို့နယ်ပညာရေးမှူးလက်မှတ်အတွက် အချို့ငွေပေးရတာလည်း ရှိပါတယ်။

မိုးဦးကျချိန် သွားလာရေးအခက်အခဲ ဖြစ်တတ်သလို မြို့နယ်ပညာရေးမှူးမရှိ၊ မအားရင်လည်း စောင့်ဆိုင်းနေရတတ်ပါတယ်။ အရေးကြီး ထိန်းသိမ်းထားနေရတဲ့ ကျောင်းဝင်မှတ်ပုံတင်စာအုပ် ရေစို စုတ်ပြဲပျက်စီးခြင်းအန္တရာယ်လည်း ဖြစ်တတ်ပါတယ်။ ပြန်တမ်းဝင်အရာရှိ (Gazetted Officer) အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်များ တာဝန်ခံလက်မှတ်ရေးထိုး ထုတ်ပေးတဲ့ ကျောင်းပြောင်းလက်မှတ်ကို မခိုင်လုံ၊ မယုံကြည်ခြင်းကလည်း လုပ်ငန်းနှောင့်နှေးစေပါတယ်။ ဟိုးအရင်တုန်းက မြို့နယ်ပညာရေးမှူးလက်မှတ် ထပ်ဆင့်ထိုးစရာမလိုပါဘူး။ ပြည်နယ်တိုင်း မေးခွန်းကွဲပြားတဲ့ခေတ်မှာ တိုင်းပြည်နယ်ခြားရင် မြို့နယ်ပညာရေးမှူးလက်မှတ်ထိုးဖို့ လမ်းညွှန်လာပါတယ်။ ၂၀၁၇ ဩဂုတ် ၁၉ ရက် တောင်ငူတွေ့ဆုံပွဲမှာ ပညာရေးဝန်ကြီးနဲ့ ပဲခူးတိုင်းမြို့နယ်ပညာရေးမှူးတွေ၊ ကျောင်းအုပ်တွေ တွေ့ဆုံပွဲမှာ တက်ရောက်လာသူတွေက ဆွေးနွေးမေးမြန်းချက်အရ အခက်အခဲတွေဖြေလျှော့တဲ့အနေနဲ့ မလိုအပ်ကြောင်း ဝန်ကြီးက ညွှန်ကြားခဲ့ပါတယ်။ ကျန်ပြည်နယ်တိုင်းများမှာ ညွှန်ကြားခြင်း ရှိ၊ မရှိ မသိရပါဘူး။ တရားဝင်စာထုတ်ထုတ်ပြန်သင့်တယ် ထင်မိပါတယ်။ ■

## “မြို့နယ်ပညာရေးမှူးလက်မှတ်မပါဘဲ ပြောင်းခွင့်ရမယ်ဆိုရင် ကျောင်းအုပ်တွေအတွက်လည်း အဆင်ပြေသလို မိဘတွေအတွက်လည်း အဆင်ပြေလိမ့်မယ်ထင်ပါတယ်”

### ဒေါ်ခင်ကျော့ကျော့ခိုင် (ကျောင်းအုပ်၊ ကန်ရွာ အထက်တန်းကျောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်း)



Photo - Mg Myo Htet

ကျောင်းပြောင်းလက်မှတ်ထုတ်ရတာ ကျွန်မတို့အနေနဲ့က သိပ်ပြီးအခက်အခဲမရှိပါဘူး။ နားမလည်တဲ့ကျောင်းသားမိဘတွေအတွက် အခက်အခဲရှိတယ်။ မြို့နယ်ခြားတာနဲ့ ပြောင်းရွှေ့မယ်ဆိုရင် ပညာရေးမှူးလက်မှတ်လိုပါတယ်။ တိုင်းခြားရင်လည်း လိုပါတယ်။ ကျွန်မတို့အနေနဲ့ တခြားကျောင်းကနေ ကျောင်းပြောင်းလက်မှတ်လာယူရင် မြို့နယ်ပညာရေးမှူးဆီမှာ လက်မှတ်သွားထုတ်ပေးလိုက်တယ်။ ဒါပေမဲ့ ကျွန်မတို့ ကန်ရွာက ကန်ကြီးထောင့်မြို့နယ်နဲ့ မိုင် ၃၀ ကျော်လောက်ဝေးတယ်။ အဲလိုမျိုးဆိုတော့ သွားလာရေးအခက်အခဲတော့ရှိတာပေါ့။ ဘယ်လိုစီစဉ်ရလဲဆို ကျောင်းသား ၃၊ ၄ ဦးလောက်စုပြီးမှ တစ်ခါတည်းသွားတာမျိုးလုပ်ရတယ်။ ဒါကတော့ ကိုယ့်ကျောင်းကလုပ်ပေးတာပေါ့။ နောက်တစ်ခါ ကိုယ့်ကျောင်းကို မြို့နယ်ကျော်ကလာမယ်ဆိုရင်လည်း မြို့နယ်ကျော်ဖြစ်နေတယ်။ မြို့နယ်ပညာရေးမှူးလက်မှတ်မပါဘူး။ အဲလိုဆိုရင် သူတို့ကို တစ်ခါပြန်ယူခိုင်းတယ်။ အဲဒီအခါ TC (Transfer Certificate) က တော်တော်နဲ့ပြန်မရတာမျိုးတွေဖြစ်တယ်။ ကလေးက ကျောင်းနောက်ကျမှာစိုးတဲ့အတွက် ကျောင်းကိုတော့ လက်ခံထားရတယ်။ TC ကိုတော့ မြို့နယ်ကျော်၊ တိုင်းကျော်ဆို ပိုဆိုးတယ်။ ရှမ်းပြည်တို့ဆိုရင် ပိုဆိုးတယ်။ သူတို့ကို ပြန်စောင့်ရတယ်။ ကလေးကိုတော့ ကျောင်းတက်ခိုင်းရတယ်။ လက်မှတ်ပြန်ယူခိုင်းတဲ့အခါမှာလည်း ကလေးက ကျောင်းတက်နေပြီဖြစ်တဲ့အတွက် မိဘတွေက တော်တော်နဲ့ပြန်မလာတတ်ဘူး။ အဲဒီကြားမှာ TC က ပျောက်သွားတာမျိုးရှိတယ်။ ပျောက်တဲ့အခါမှာလည်း အကြောင်းကြားတာ၊ ပျောက်ကြောင်းကြော်ငြာတာ အဲဒါမျိုးတွေလုပ်ပေးရတဲ့အခါကျ အလုပ်ရှုပ်တာပေါ့။ တစ်ခါကလည်း လက်မှတ်မပါလို့ပြန်ယူရင်းကနေ TC ပျောက်သွားတာ။ အခက်အခဲကတော့ အဲဒါမျိုးတွေရှိပါတယ်။

မြို့နယ်ပညာရေးမှူးရုံးကိုသွားမယ် လိုင်းကားစီးမယ်ဆိုရင် ကန်ရွာကနေ ပုသိမ်ကို တစ်ဆင့်သွားရတယ်။ ပုသိမ်ကမှ ကန်ကြီးထောင့်မြို့နယ်ကိုရောက်တာ။ ကား ၂ ခါစီးရတာမျိုးတွေရှိတယ်။ ဆိုင်ကယ်နဲ့ဆိုရင်လည်း တစ်ဖက်ကမ်းကိုကူးပြီး သွားရတာဖြစ်တဲ့အတွက် ခရီးထောက်ပါတယ်။ နောက် TC ယူတဲ့အချိန်ကလည်း မိုးတွင်းဖြစ်တဲ့အတွက် သွားရေးလာရေး ခက်ခဲတာမျိုးရှိတယ်။ လမ်းခရီးမှာ စာရွက်တွေစုတ်သွားမှာ၊ ပြဲသွားမှာ စိတ်ပူရတယ်။ နောက် TC သွားပို့ရတဲ့အခါ လက်ခံဖြတ်ပိုင်းရှိတယ်။ လက်ခံဖြတ်ပိုင်းဆိုတာက စာအုပ်လိုက်ကြီးယူသွားရတာမျိုးရှိတော့ အခက်အခဲရှိတာပေါ့။ TC ပေးတဲ့အခါမျိုးမှာ ငွေကောက်ခံမှုတွေ မလုပ်ရဘူး။ ဒါကြောင့် ကျောင်းသားတစ်ယောက်ချင်းစီအတွက် TC ယူဖို့ ဝန်ထမ်းတစ်ယောက်ကို လွှတ်ဖို့ဆိုတာ မဖြစ်ဘူး။ ၃၊ ၄ စောင်လောက်စုပြီးမှ ဝန်ထမ်းကိုတစ်ခါလွှတ်ရတာကြောင့် TC ယူတဲ့မိဘတွေကလည်း အချိန်ကြာတော့ ငြိုငြင်တာပေါ့။ ဒါကြောင့် ကျောင်းအုပ်တွေမှာ အခက်အခဲရှိတယ်။ ကိုယ့်လက်မှတ်နဲ့ ကိုယ်ပေးလိုက်မယ်ဆိုရင် အဆင်ပြေတာပေါ့။ မိဘတွေကို မြို့နယ်ပညာရေးမှူးဆီမှာ တစ်ခါတည်း လက်မှတ်သွားထိုးဆိုပြီး ပေးလိုက်လို့လည်း မရဘူး။ မြို့နယ်ပညာရေးမှူးက လက်မှတ် ၂ ခုထိုးရတာကိုး။ မိဘတွေကိုပေးမယ့် TC မှာလည်း ထိုးရတယ်။ ကျောင်းမှာထားမယ့် TC အတွက်လည်း ထိုးရတယ်။ ဒါကြောင့် အရေးကြီးပါတယ်။ တကယ်တော့ မြို့နယ်ပညာရေးမှူးလက်မှတ်မပါဘဲ TC ထုတ်ပေးလိုက်နိုင်ရင် ကောင်းတာပေါ့။ ဒါပေမဲ့ ကလေးတွေရဲ့ Dropout စာရင်းကိုကောက်တဲ့အခါမှာ မြို့နယ်ပညာရေးမှူးဆီမှာ မှတ်တမ်းတစ်ခုအနေနဲ့တော့ဝင်သွားတယ်ပေါ့။ တကယ်တော့ အဲလိုမယူဘဲ တကယ်ပြောင်းမယ့်ကျောင်းကို ဘယ်ကျောင်းကိုပြောင်းမယ်ဆိုတာ မြို့နယ်ပညာရေးမှူးကိုယ်စား ကျောင်းကနေမှတ်တမ်းပြုစုထားမယ်ဆိုရင် နှစ်ခုစလုံးအဆင်ပြေသွားမယ်ထင်ပါတယ်။ တကယ်လို့မြို့နယ်ပညာရေးမှူးလက်မှတ်မပါဘဲ ပြောင်းခွင့်ရမယ်ဆိုရင် ကျောင်းအုပ်တွေအတွက်လည်း အဆင်ပြေသလို မိဘတွေအတွက်လည်း အဆင်ပြေလိမ့်မယ်ထင်ပါတယ်။ ■

# ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်

ကျော်ဇလ

တစ်ချိန်က ဘဏ္ဍာရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အီမန်နျူရယ် မက်ခရွန် ((Emmanuel Macron)) ကို ပြင်သစ်နိုင်ငံက သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်မှာ တစ်နှစ်သက်တမ်းကြာခဲ့ပြီ ဖြစ်သည်။ ပြင်သစ်နိုင်ငံသမိုင်းတွင် မက်ခရွန်သည် အသက်အငယ်ဆုံးသမ္မတအဖြစ်လည်း သမိုင်းဝင်ခဲ့ပြီဖြစ်သည်။


AFP

သူ့ကို ၁၉၇၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံ မြောက်ပိုင်း၌ မွေးဖွားသည်။ သူ ၂၀၀၄ ခုနှစ် ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်မယူမီက ပြင်သစ်နိုင်ငံရှိ လူချမ်းသာရေပေါ်ဆီများသာ တက်နိုင်သည့် ကျောင်းကြီးများ၌ ပညာသင်ကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခုတွင် တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၁၂ ခုနှစ်၌ ပြင်သစ်သမ္မတဖရန်ဆွာ အိုလုန်းလက်အောက်တွင် ဝင်ရောက်တာဝန်ထမ်းဆောင်သည်။ ဘဏ္ဍာရေးဝန်ကြီးဖြစ်လာသည်။ ၂၀၁၆ ခုနှစ်တွင် En Marche! ပါတီကို ထူထောင်ပြီးနောက် သမ္မတရွေးကောက်ပွဲဝင်ရန် စတင်လှုပ်ရှား ခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် National Front ပါတီခေါင်းဆောင် မာရင်းလပန်းကို နိုင်ပြီး ၂၀၁၇ ခုနှစ်၊ အသက် ၃၉ နှစ်အရွယ်တွင် ပြင်သစ်နိုင်ငံ၏ အသက်အငယ်ဆုံး သမ္မတဖြစ်လာခဲ့ရသည်။

မက်ခရွန်ကို ၁၉၇၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ပြင်သစ်နိုင်ငံ အမီယန်မြို့၌မွေးဖွားသည်။ ဖခင်ရော မိခင်ပါ ဆရာဝန်များဖြစ်ပြီး ချမ်းသာကြွယ်ဝသည်။ သားအကြီးဆုံး မက်ခရွန်သည် ငယ်စဉ်ကတည်းက အလွန်ဉာဏ် ထက်မြက်ပြီး ထူးချွန်သူဖြစ်သည်။ စာပေ၊ နိုင်ငံရေးနှင့် ပြဇာတ်တို့ကို ငယ်စဉ်ကတည်းကပင် ဝါသနာပါပြီး အထူးလေ့လာခဲ့သည်။

La Providence ဆိုသည့်အရပ်တွင် ဖွင့်လှစ်ထားသော Jesuit ကျောင်းတွင်ပညာသင်ကြားခဲ့ပြီး အထက်တန်းပညာကို ဂုဏ်သိက္ခာကြီးမားသည့် သူဌေးကျောင်းကြီးတစ်ခုဖြစ်သော Lycée Henri IV ၌ ဆက်လက်သင်ယူခဲ့သည်။ Nanterre တက္ကသိုလ်တွင် ဒဿနိကဗေဒဘာသာတွဲနှင့်ဘွဲ့ရပြီး Sciences Po ကျောင်းတွင် ပြည်သူ့ရေးရာဘာသာရပ်ဆိုင်ရာ ပညာရပ်များကို လေ့လာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် École Nationale d'Administration ကျောင်းမှ ဘွဲ့ရခဲ့ပြီး သမ္မတအဝန်းအဝိုင်းကို ရောက်လာအောင် အားထုတ် ကြိုးပမ်းခဲ့သူလည်းဖြစ်သည်။

ဘွဲ့ရပြီးနောက် မက်ခရွန်သည် ပြင်သစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စုံစမ်းစစ်ဆေးရေး အရာရှိအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၂၀၀၇ ခုနှစ်တွင် သမ္မတ နီကိုလတ် ဆာကိုဇီလက်ထက်၌ အက်တာလီ ကော်မရှင်နှင့် ပူးပေါင်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့ကာ နိုင်ငံတကာ အဆက်အသွယ်များလည်း ရှိခဲ့ပြီး နာမည်ရလာသည်။ ၂၀၀၈ ခုနှစ်တွင် ဝန်ထမ်းအဖြစ် သူလုပ်ကိုင်နေသည့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှု ဘဏ်ကြီး Rothschild & Co မှထွက်လိုက်သည်။

ဆိုရှယ်လစ်ပါတီခေါင်းဆောင် ဖရန်ဆွာ အိုလုန်းနှင့်သူသည် အဆက်အသွယ်ရှိပြီး ၂၀၁၂ ခုနှစ် အိုလုန်း သမ္မတ ဖြစ်လာသည့်အခါ မက်ခရွန်သည် သမ္မတ၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရင်း ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ပေးရသည်။ ဂျာမနီနိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ညှိနှိုင်းမှုကိစ္စများနှင့် ဥရောပဇုန်သတ်မှတ်ရေးဆိုင်ရာ ကိစ္စများတွင် ဝင်ရောက်ဖြေရှင်းပေးနိုင်သူအဖြစ်လည်း အရေးပါလာခဲ့သည်။

၂၀၁၄ ခုနှစ်တွင် မက်ခရွန်သည် ပြင်သစ်ဘဏ္ဍာရေး၊ စက်မှုနှင့် ဒစ်ဂျစ်တယ်ဒေတာဝန်ကြီးဖြစ်လာသည်။ ၂၀၁၅ ခုနှစ်တွင် စီးပွားရေးကူညီထောက်ပံ့ခြင်းမှ ကင်းလွတ်ခြင်းဆိုင်ရာ သဘောတရားများကို ထုတ်ဖော်ပြခဲ့သည်။ သို့သော် သူတင်ပြသည့် စီးပွားရေးဆိုင်ရာ ပြဿနာကို ပါလီမန်တွင် နာရီပေါင်း ၂၀၀ ကြာအောင် ဆွေးနွေးခဲ့ပြီး Macron's Law အဖြစ်ပြဋ္ဌာန်းခဲ့သည်။ မက်ခရွန်သည် ၂၀၁၆ ခုနှစ်၌ သူကိုယ်တိုင် ပါတီထောင်ကာ ဘဏ္ဍာရေး ဝန်ကြီးအဖြစ်က နုတ်ထွက်ပြီး သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းခဲ့သည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မက်ခရွန်သည် ၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာသည်။ သူသည် သမ္မတရွေးကောက်ပွဲအတွေ့အကြုံလုံးဝမရှိသော်လည်း အိမ်အခွန်အကောက်များကို လျှော့ချပေးမည်၊ လူမှုဖူလုံရေးနှင့် ပင်စင်ကိစ္စများကို ပြုပြင်ပြောင်းလဲမည်၊ ကာကွယ်ရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သယ်ယူပို့ဆောင်ရေးကိစ္စများကို အလေးပေး ဆောင်ရွက်မည်ဆိုသည့် ကတိများကိုသဘောကျကာ လက်ဝဲ၊လက်ယာသမားအားလုံးက သူ့ကိုထောက်ခံခဲ့ကြ သည်။

မီဒီယာကလည်း ငယ်ရွယ်တက်ကြွသော မက်ခရွန်ကို ဝိုင်းဝန်းထောက်ပံ့ပေးပြီး အမွှမ်းတင်ပေးကြသည်။ ဤသို့ဖြင့် သမ္မတရွေးကောက်ပွဲတွင် သူ့ကို လူစိတ်ဝင်စားစရာဖြစ်လာပြီး ၂၀၁၇ ဧပြီ ၂၃ တွင် ပြိုင်ဘက် မာရင်း လပန်းအား ပထမအချီတွင်ပင် အနိုင်ရခဲ့သည်။ ပြင်သစ်နိုင်ငံသမိုင်းတွင် ၁၉၅၈ ခုနှစ်လောက်ကတည်းက အစဉ်အလာကြီးသည့် ပါတီကြီးများကသာ သမ္မတရာထူးကို အပိုင်သိမ်းပိုက်ခဲ့ရာက အသက် ၃၉ နှစ် အရွယ် မထင်မရှားနိုင်ငံရေးသမားလေးက အနိုင်ရရှိသွားခြင်းဖြစ်သဖြင့် သမိုင်းတွင် သွားလောက်အောင် ဖြစ်ခဲ့ရ သည်။ ၂၀၁၇ ခုနှစ် မေလ ၁၄ ရက်နေ့တွင် သမ္မတရာထူးကို ထမ်းဆောင်ခဲ့သဖြင့် ယခုဆိုလျှင် အသက် ၄၀ သမ္မတသစ်လေး၏ သက်တမ်း တစ်နှစ်ကာလဟု ဆိုရမည်ဖြစ်သည်။

ယမန်နှစ် သမ္မတရွေးကောက်ပွဲဝင်ရန် လှုပ်ရှားစဉ်က အဖြစ်အပျက်လေးဖြစ်သည်။ သူသည် ဇာတိမြေ အမီယန် မြို့လေးကိုပြန်သည်။ သူက ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံသည့် အထဲတွင် Whirlpool စက်ရုံ အလုပ်သမားသမဂ္ဂမှ အလုပ်သမားများလည်း ပါသည်။ ထို Whirlpool စက်ရုံသည် အမေရိကန်ပိုင်ဖြစ်သည်။ စက်ရုံကို ကုမ္ပဏီပိုင်ရှင်ကပိတ်ပြီး လုပ်ငန်းများကို ပိုလန်နိုင်ငံသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေသည်။ အဘယ်ကြောင့်ဆိုသော် ပိုလန်က လုပ်ခပိုပြီး ဈေးသက်သာသောကြောင့်ဖြစ်သည်။ အကယ်၍ စက်ရုံပိတ်လိုက်လျှင် အလုပ်သမားပေါင်းများစွာ အလုပ်လက်မဲ့ ဖြစ်ကြရလိမ့်မည်။ မက်ခရွန်သည် သမဂ္ဂခေါင်းဆောင်များ ပြောသည့် အကြောင်းပြချက်များကို သေချာစွာ နားထောင်သည်။ သူ၏ပြိုင်ဘက်ဖြစ်သူ မာရင်း လပန်းနှင့် Whirlpool ကိစ္စကို အပြိုင်အဆိုင် ကိုင်တွယ်ပြကြသည်။ မက်ခရွန်၏ သုံးသပ်ချက်များ၊ အလုပ်သမားများအပေါ် အကြံပြုချက်များနှင့် ကိုင်တွယ်မှုများကို အလုပ်သမားထုက သဘောကျသဖြင့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရန် အထောက်အကူဖြစ်စေခဲ့သည်။

မက်ခရွန်သမ္မတဖြစ်လာသည့်အခါတွင် ပြည်သူတိုင်းက ထောက်ခံခဲ့ကြသည်တော့မဟုတ်ပေ။ သူ့ကို သူဌေး သမ္မတတစ်ဦးအနေနှင့် ဆန့်ကျင်နေသူပေါင်းလည်းများစွာရှိသည်။ အလုပ်လက်မဲ့ဖြစ်မည့်အရေးကို သောက မအေးသူများက ယခုနှစ် မတ်လတွင် လမ်းပေါ်ထွက်ပြီး ဆန္ဒတွေပြကြသည်။ သမ္မတမက်ခရွန်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအပေါ် ဆန့်ကျင်ကြခြင်းဖြစ်သည်။

သမ္မတအဖြစ် ဝိုင်းဝန်းမြှောက်ပင့်ပေးခဲ့သည့် မီဒီယာကလည်း သမ္မတဖြစ်လာသည့်အခါတွင် မက်ခရွန်အပေါ် သဘောမတွေ့မှုများနှင့် ပြဿနာရှာလာကြသည်။ မီဒီယာနှင့် အဆင်မပြေဖြစ်လာခြင်းမှာ သူက မည်သူနှင့် အင်တာဗျူးမည်ဆိုခြင်းကို ကန့်သတ်ထားလွန်းသောကြောင့်ဖြစ်သည်။ သူခရီးထွက်လျှင်လည်း မီဒီယာများ နောက်ကတကောက်ကောက်လိုက်ခြင်းကို မလိုလားသောကြောင့် ပိတ်ပင်ခဲ့သည်။ ထို့ပြင် သတင်းလွတ်လပ်ခွင့်များကိုပါ ပိတ်ပင်တားဆီးမှုများလုပ်ခြင်း၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စများကို စပ်စုခြင်းအား မကြိုက်ခြင်း၊ ထင်ပေါ်ကြော်ကြားလို စိတ်မရှိ နေထိုင်လိုခြင်းများက မီဒီယာနှင့် သဟဇာတမဖြစ်လောက်အောင် ဖြစ်လာခဲ့ရသည်။

မက်ခရွန်သည် သူ့ထက်အသက် ၂၄ နှစ်ကြီးသည့် ဘရစ်ဂျစ် ထရွန်နယ်နှင့် လက်ထပ်ထားသည်။ ဘရက်ဂျစ်သည် မက်ခရွန် အမီယန်မြို့၌ အထက်တန်းကျောင်း တက်စဉ်က ဆရာမတစ်ဦးဖြစ်သည်။ သူ့အသက် ၁၅ နှစ်သားတွင် အသက် ၃၉ နှစ်အရွယ် ဆရာမ ဘရက်ဂျစ်နှင့် La Providence အထက်တန်းကျောင်းတွင် တွေ့ကြသည်။ သို့သော် သူ့အသက် ၁၈ နှစ်ပြည့်မှ ဆရာမနှင့် တွဲကြခြင်းဖြစ်သည်။

မက်ခရွန်၏ မိဘများသည် သားဖြစ်သူနှင့် ဆရာမကို သဘောမတူသဖြင့် နည်းမျိုးစုံနှင့်ခွဲကြသည်။ မက်ခရွန်ကို ပြင်သစ်သို့ပို့ကာ ကျောင်းပြောင်းတက်ခိုင်းသည်။ သို့သော် မက်ခရွန် ဘွဲ့ရသည့်အခါတွင် ဆရာမနှင့် ပြန်တွဲ သည်။ သူတို့နှစ်ယောက် ၂၀၀၇ ခုနှစ်တွင် လက်ထပ်လိုက်ကြသည်။ ထိုစဉ်က မက်ခရွန်သည် သမ္မတ ဆာကိုဇီထံတွင် ဝင်ရောက်အမှုထမ်းနေသည်။

မက်ခရွန်၏ အခင်ဆုံးမိတ်ဆွေတစ်ဦးမှာ ဟင်နရီ ဟာမန်းဖြစ်သည်။ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ပြင်သစ်နိုင်ငံ ပဲရစ်တွင် ပထမဆုံး တိုက်ခန်းတစ်ခန်းဝယ်ရန် ယူရို ၅၅၀၀၀၀ ချေးခဲ့သည်။ ထိုစဉ်က မက်ခရွန်သည် သမ္မတဆာကိုဇီ လက်အောက်တွင် ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအရာရှိအဖြစ် တာဝန် ထမ်းဆောင်နေသည်။ မက်ခရွန်က ပါတီထောင်ပြီး သမ္မတရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေချိန်တွင်လည်း ဟာမန်းသည် ပဲရစ်ရှိ အဆောက်အအုံကြီးတစ်ခုကို သူ့အားပေးအပ်လှူဒါန်းခဲ့ပြန်သည်။

မက်ခရွန်သည် ရိုမင်ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်သည်။ စန္ဒရားကောင်းစွာတီးနိုင်ပြီး အသက် ၁၀ နှစ်သား အရွယ်ကတည်းက စန္ဒရားကို မွေ့လျော်သူတစ်ဦးဖြစ်ခဲ့သည်။ ရေခဲပြင်စကိတ်စီးခြင်း၊ တင်းနစ်ကစားခြင်းတို့ကို အားကစားအနေနှင့် ပြုလုပ်ပြီး လက်ဝှေ့ထိုးခြင်းကို သဘောကျစွာကြည့်ရှုတတ်သည်။ ပြင်သစ်နှင့် အင်္ဂလိပ် စကားကို ကောင်းစွာပြောဆိုနိုင်သူတစ်ဦးဖြစ်သည်။ မက်ခရွန်တွင် ညီတစ်ဦးနှင့် ညီမတစ်ဦးရှိသည်။ နှစ်ယောက်စလုံး ဆရာဝန်များဖြစ်သည်။ သူတို့ မိသားစုတွင် သူတစ်ဦးတည်းသာ ဆရာဝန်မဖြစ်ခဲ့ပေ။ မိဘများက အစ ဆရာဝန်ကြီးများအဖြစ် ထင်ရှားသူများဖြစ်သည်။

၂၀၁၇ ခုနှစ် ဩဂုတ်လက မက်ခရွန်သည် မာဆေးသို့အပျော်ခရီးထွက်စဉ် တည်းခိုသည့်နေရာသို့အရောက် သတင်းသမားတစ်ယောက်က ဓာတ်ပုံလာရိုက်သည်ကို မကျေနပ်သဖြင့် ပြဿနာရှာသည်။ ရဲခေါ်ပြီး ဖမ်းခိုင်းသဖြင့် ထိုသတင်းသမားမှာ ၆ နာရီခန့် အချုပ်ခံလိုက်ရသည်။ သူသည် သတင်းသမားတို့၏ အတင်းအဖွဲ့ လုပ်ရပ်များကို မကြိုက်ကြောင်း ထုတ်ဖော်ပြောတတ်သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် သမ္မတ မက်ခရွန်နှင့် ဇနီးတို့သည် နီမိုးဆိုသည့် ခွေးလေးတစ်ကောင်ကို ခေါ်မွေးပြီး အတူထားသည်။

၂၀၁၈ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် မက်ခရွန်သည် ပထမဆုံးခရီးစဉ်အဖြစ် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပြီး အိမ်ဖြူတော်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ သူတို့ နှစ်ယောက်၏ အားပါသော တွေ့ဆုံနှုတ်ဆက်နေပုံများကို မီဒီယာများတွင် ခမ်းနားစွာဖော်ပြခဲ့ကြသည်။ ထရမ့်က အမေရိကန်နှင့် ပြင်သစ်တို့သည် တစ်ဦးနှင့်တစ်ဦး နားလည်မှု စတင်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပဲရစ်မြို့တွင် မေလ ၅ ရက်နေ့ ထောင်ပေါင်းများစွာသော ပြည်သူတို့သည် ဆန္ဒပြပွဲတစ်ခုကို ဆင်နွှဲနေကြသည်။ သူတို့က သမ္မတမက်ခရွန်၏ တစ်နှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများအပေါ် မကျေနပ်သောကြောင့် ဆန္ဒပြခြင်း ဖြစ်သည်ဟုဆိုကြသည်။ ပဲရစ်မြို့အတွင်း အော်ပရာ ရင်ပြင်တွင် လူ ၂၀၀၀ ခန့် စုဝေးရောက်ရှိလာပြီး ဆန္ဒပြနေခြင်းဖြစ်သည်။

ပြည်သူတို့မကျေနပ်သောကြောင့် ဆန္ဒပြရသည့်အကြောင်းမှာ မက်ခရွန်၏ မီးရထားစနစ်နှင့် ပညာရေးစနစ် များကို သဘောမကျသောကြောင့်ဟုဆိုသည်။ ဆန္ဒပြပွဲများကို ဦးဆောင်နေသူများမှာ လက်ဝဲယိမ်းပါတီတစ်ခု ဖြစ်သည့် La France Insoumise အဖွဲ့ကဖြစ်သည်။ သူတို့က ဒီမိုကရေစီဆိုသည်မှာ သမ္မတသက်တမ်း တစ်ခုအတွင်း ဟိုဟာမလုပ်ရ၊ သည်ဟာမလုပ်ရဟု ပိတ်ပင်ရန် မဟုတ်ကြောင်း၊ ပြည်သူတို့သည် သမ္မတကို စိန်ခေါ်ခွင့်ရှိသူများဖြစ်ရန်လိုကြောင်း ထောက်ပြပြီး မကျေနပ်ချက်များကို ထုတ်ဖော် ဆန္ဒပြနေကြခြင်းဖြစ်သည်။

မက်ခရွန်သည်လည်း သမ္မတရာထူးမရမီက ပြည်သူနှင့်အတူဆိုသည့် သဘောမျိုးကို ပြောခဲ့သူဖြစ်သည်။ သမ္မတဖြစ်လာသောအခါတွင် ပြည်သူနှင့် ကင်းကွာသွားသည့်အပေါ် သူတို့က စိတ်ပျက်နေကြသည်။ သမ္မတလေး မက်ခရွန်သည် နေရာတကာပြည်သူနှင့်အတူ ပြည်သူအကြိုက်လိုက်လုပ်ဆောင်ပေးနိုင်ပါမည်လော။ လတ်တလောတွင်တော့ ဆန္ဒပြသူများကို ရဲတွေကဝိုင်းထားသည်။ သမ္မတသစ်လေးလက်ထက်တွင် အကြမ်းဖက်မနှိမ်နင်းပါစေနှင့်ဟု သူတို့ဆုတောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်ဟုဆိုသည်။

■ (Ref: The Guardian, Biography, FP)

Movie Guide

## မေတ္တာထားတာ အဟုတ်ကိုပဲ



မန္တလေးမြို့မှာ နေထိုင်တဲ့ ဦးစိန်ဝင်းအောင် (လူမင်း) နဲ့ ဒေါ်ခင်သန်းနွဲ့ (မေသန်းနု) တို့မှာ ဉာဏ်ထက်အောင် (အောင်မင်းခန့်) ဆိုတဲ့ သားလေးတစ်ယောက်ရှိပါတယ်။ ဦးစိန်ဝင်းအောင်တို့နဲ့အတူ ညီမဖြစ်သူ နီလာအောင် (ခိုင်သင်းကြည်) နဲ့ ဒေါ်ခင်သန်းနွဲ့ရဲ့ တူတော်စပ်သူ ပြုံးချို (ဗေလုဝ) တို့လည်း တစ်အိမ်တည်းမှာ အတူနေထိုင်ကြပါတယ်။ ဒေါ်ခင်သန်းနွဲ့က ပညာပြည့်စုံပြီးဖြစ်တဲ့ ဉာဏ်ထက်အောင်ကို ကြင်ရာပါ ပြည့်စုံဖို့အတွက် ချွေးမလောင်းရှာဖွေနေသူပါ။ ဦးစိန်ဝင်းအောင်ကတော့ မိန်းမဦးဆောင်တဲ့ စီးပွားရေးကို မှီခိုစားသောက်ပြီး ကာရာအိုကေဆိုနေရရင်ပဲ ကျေနပ်နေတဲ့သူပါ။

တစ်ရက်မှာတော့ ဒေါ်ခင်သန်းနွဲ့က ဗုဒ္ဓဂယာကို ဘုရားဖူးသွားရင်း မန္တလေးမြို့မှာ နေထိုင်တဲ့ ဒေါ်မြစန္ဒာအေး၊ ဒေါ်ယဉ်မျိုးသူတို့နဲ့ ခင်မင်ခဲ့ပါတယ်။ သားကို အိမ်ထောင်ချပေးချင်နေတဲ့ ဒေါ်ခင်သန်းနွဲ့က ဒေါ်မြစန္ဒာအေး၊ ဒေါ် ယဉ်မျိုးသူတို့ရဲ့ သမီးနှစ်ယောက်နဲ့ ပေးစားဖို့ ကြိုးစားပါတော့တယ်။ ဉာဏ်ထက်အောင်က အစ်ကို ဝမ်းကွဲပြုံးချိုရဲ့အကြံပေးမှုအတိုင်း မိန်းကလေးတွေ စိတ်ပျက်အောင် နည်းလမ်းမျိုးစုံနဲ့ ကြံဆောင်ခဲ့တာကြောင့် ဒေါ်ခင်သန်းနွဲ့ရဲ့ ချွေးမဖမ်းတဲ့ စီမံကိန်း ပျက်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်ခင်သန်းနွဲ့နဲ့ အဒေါ်ဖြစ်သူ နီလာအောင်တို့ကတော့ ဉာဏ်ထက်အောင်ကို မိန်းမပေးစားဖို့ လက်မလျှော့သေးပါဘူး။

တစ်ရက်မှာတော့ ဒေါ်ခင်သန်းနွဲ့ရဲ့ ရန်ကုန်မြို့မှ စီးပွားရေး လုပ်ဖော်ကိုင်ဖက် ဦးခင်မောင်ဦးရဲ့ တူမဖြစ်သူ မေသံစဉ် (ဝင့်ယမုံနိုင်) နဲ့ အဖော်တစ်ယောက်တို့ မန္တလေးမြို့ကို အလည်ရောက်လာခဲ့ပါတယ်။ ဒေါ်ခင်သန်းနွဲ့က မေသံစဉ်ကို ချွေးမ ဖမ်းဖို့ထပ်ကြံစည်ပါတော့တယ်။ ဉာဏ်ထက်အောင်က မိခင်ရဲ့စေခိုင်းချက်အရ မေသံစဉ်တို့ကို မန္တလေးနဲ့ ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများကို လိုက်ပို့ရပါတယ်။ မေသံစဉ်က ဉာဏ်ထက်အောင်ရဲ့သူ တစ်ပါးကို ကူညီစောင့် ရှောက်ပုံ၊ စိတ်ကောင်း နှလုံးကောင်း ရှိပုံကို တွေ့ပြီး သဘောကျသွားပါတယ်။ မေသံစဉ်တို့ ရန်ကုန်ပြန်တဲ့အချိန်မှာတော့ ဒေါ်ခင်သန်းနွဲ့က ဉာဏ်ထက်အောင်နဲ့ ပြုံးချိုကို အလည် ပြန်ထည့်လိုက်ပါတယ်။

ရန်ကုန်ရောက်တဲ့အခါမှာ ဉာဏ်ထက်အောင် က ပြုံးချို အကြံပေးတဲ့အတိုင်း မေသံစဉ် စိတ်ပျက်အောင် အမျိုးမျိုး ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ နောက်ဆုံးမှာတော့ စိတ်သဘောထားဖြူစင်ပြီး၊ ချစ်စရာကောင်းတဲ့ မေသံစဉ်ကို ဉာဏ်ထက်အောင်က ချစ်မြတ်နိုးသွားပါတော့တယ်။ ဦးစိန်ဝင်းအောင်နဲ့ ဒေါ် ခင်သန်းနွဲ့တို့က သားဖြစ်သူနဲ့ မေသံစဉ်ကို ပေးစားဖို့အတွက် ရန်ကုန်ကို လိုက်လာခဲ့ကြပါတယ်။ ဦးစိန်ဝင်းအောင်နဲ့ ဦးခင်မောင်ဦးတို့ ရင်ဆိုင်အတွေ့မှာတော့ ဉာဏ်ထက်အောင်နဲ့ မေသံစဉ်တို့ဝေးရဖို့ ဖြစ်လာပါတော့တယ်။

အတိတ်ကာလတုန်းက ဦးခင်မောင်ဦး (ဖြိုးငွေစိုး) နဲ့ ဦးစိန်ဝင်းအောင်ရဲ့ညီမဖြစ်သူ နီလာအောင်တို့က ချစ်သူတွေပါ။ ဦးစိန်ဝင်းအောင်က ဦးခင်မောင်ဦးနဲ့ သူ့ညီမကို သဘောမတူတဲ့အတွက် ခွဲခဲ့တာပါ။ ကံကြမ္မာတစ်ပတ် ပြန်လည်လာတဲ့အချိန်မှာတော့ ဦးခင်မောင်ဦးက ဦးစိန်ဝင်းအောင်ကို လက်စားချေဖို့အတွက် ဉာဏ်ထက်အောင် နဲ့ သမီးဖြစ်သူ မေသံစဉ်တို့ကို ပြန်ခွဲဖို့ ကြိုးစားရာမှာတော့ ဘာတွေ ဆက်ဖြစ်လာမလဲ ဆိုတာဆက်လက်ရှုစားရမှာပါ။ ဒါရိုက်တာထွန်းအောင်ဇော် ရိုက်ကူးပြီး သရုပ်ဆောင် လူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ ဗေလုဝ၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မျိုးသန္တာထွန်း၊ ဝင့်ယမုံနိုင်တို့ပါဝင်တဲ့ 'မေတ္တာထားတာ အဟုတ်ကိုပဲ' ရုပ်ရှင်ဇာတ်ကားကို မေလ ၂၅ ရက်နေ့ကစပြီး ရုံတင်ပြသသွားတော့မှာပါ။ ❍

## ချစ်သူနဲ့ လမ်းခွဲလိုက်ပြီ ဖြစ်ကြောင်း ကြေညာခဲ့တဲ့ ရွှေထူး

**ရန်ကုန်၊ မေ ၉**



လူငယ်ပရိသတ် ကြိုက်တေးသံရှင် တစ်ဦးဖြစ်တဲ့ ရွှေထူးက ခုနစ်နှစ်ကြာ တွဲခဲ့တဲ့ ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကို သူ့ရဲ့ဖေ့စ်ဘွတ်ခ်ကနေ Live လွှင့်ပြီး ပရိသတ်တွေကိုအသိပေး ပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ Relationship က ပြီးသွားတာတော့ ကြာပါပြီ။ တစ်ယောက်နဲ့ တစ်ယောက် အဆင်ပြေပြေပဲ လမ်းခွဲလိုက်ကြတာပါ။ အဲ့ဒါကို ပရိသတ်တွေကို ပြောပြချင်လို့ပါ" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ချစ်သူနဲ့ လမ်းခွဲလိုက်တဲ့အကြောင်းကို မီဒီယာတွေအနေနဲ့လည်း မေးမြန်းခြင်းမပြုကြဖို့ တောင်းဆိုချင်ပြီး၊ မကြာခင်မှာတော့ သီချင်းသစ်တစ်ပုဒ်ကို အွန်လိုင်းကနေ အခမဲ့တင်ပေးသွားဖို့လည်းရှိကြောင်း တေးသံရှင် ရွှေထူးက ပြောကြားပါတယ်။

" ကျွန်တော် အလုပ်တွေ ဆက်လုပ်မယ်။ သီချင်းတွေ ဆက်ဆိုမယ်။ ကျွန်တော့် သီချင်းတွေကို အားပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ Relationship ကို အားပေးတဲ့ သူတွေအတွက်တော့ စိတ်မကောင်းပါဘူး" လို့ ၎င်းကဆိုပါတယ်။

တေးသံရှင် ရွှေထူးရဲ့ ချစ်သူက ပြည်ပမှာ ရောက်ရှိနေတာဖြစ်ပြီး၊ မကြာသေး ခင်ရက်ပိုင်းအတွင်းက အချစ်ရေးအကြောင်းကို မေးမြန်းခဲ့ရာမှာတော့ Long Distance Relationship ဖြစ်တဲ့အတွက် စိတ်ကုန်သွားတာမျိုး မရှိပေမယ့် နှစ်ယောက်က သွေးအေးသွားတာမျိုးတော့ရှိကြောင်း ရွှေထူးက The Voice ကို ဖြေကြားခဲ့ပါသေးတယ်။

## ဟွမ်ဘင်းနဲ့ ပါ့ခ်ရှင်ဟေး တို့ ပါဝင်မယ့် 'Memories Of Alhambra'

**ဆိုးလ်၊ မေ ၉**



နာမည်ကျော် ကိုရီးယား သရုပ်ဆောင် ဟွမ်ဘင်းနဲ့ ပါ့ခ်ရှင်ဟေးတို့ ခေါင်းဆောင်ပါဝင်မယ့် 'Memories Of Alhambra' ရုပ်သံဇာတ်လမ်းတွဲကို မကြာမီ ရိုက်ကူးသွားတော့မှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ပါ့ခ်ရှင်ဟေးက စပိန်နိုင်ငံ ဂရန်နာဒါမြို့မှာ အဆောင်တစ်ခု ပိုင်ဆိုင်တဲ့ Jung Hee Ju ဆိုတဲ့ အမျိုးသမီးအဖြစ် ပါဝင်မှာဖြစ်ပြီး ဟွမ်ဘင်းကတော့ ယင်း အဆောင်ကို လာရောက်တည်းခိုတဲ့ အမျိုးသားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာပါ။

ဇာတ်လမ်းတွဲရဲ့ နာမည်မှာ ပါဝင်တဲ့ 'Alhambra' ကတော့ အာရပ်ဘာသာစကားနဲ့ဆို အနီရောင် နန်းတော်လို့အမည်ရပြီး စပိန်နိုင်ငံ၊ ဂရန်နာဒါမြို့မှာ တည်ရှိပါတယ်။ လက်ရှိမှာတော့ ပါ့ခ်ရှင်ဟေးက ဇာတ်လမ်းတွဲအတွက် ဇာတ်ဝင်ခန်းအချို့ကို စပိန်နိုင်ငံမှာ ရိုက်ကူးပြီးတဲ့နောက် အလည်အပတ်ခရီးထွက်နေပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ Nine : Nine Time Travels ၊ W ၊ Queens Inhyun 's Man စတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေကို ရေးသားခဲ့တဲ့ ဇာတ်ညွှန်းရေးဆရာ Song Jae Jung က ရေးသားထားတာဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းမှာ tvN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသသွားမှာပါ။

## အိမ်ထောင်ပြုရမှာကြောက်ပေမယ့် အသက်လေးဆယ်လောက်မှာ အိမ်ထောင်ပြုမယ့် မိစန္ဒီ

**ရန်ကုန်၊ မေ ၉**


ဓာတ်ပုံ- ဝင်းထွန်းနိုင်

သတို့သမီးအရံအနေနဲ့ ရှစ်ကြိမ်လုပ်ပြီးပြီဆိုတဲ့ တေးသံရှင် မိစန္ဒီက လက်ရှိမှာ အိမ်ထောင်ပြုဖို့ အရည်အချင်း မရှိသေးတာကြောင့် အိမ်ထောင်ပြုရမှာကြောက်ပေမယ့် အသက်လေးဆယ်လောက်မှာတော့ အိမ်ထောင်ပြုမှာပါလို့ The Voice ကို ပြောကြားပါတယ်။

"မိစန္ဒီက အိမ်ထောင်မပြုချင်ဘူး။ အိမ်ထောင်ပြုတယ်ဆိုတာက တကယ်တော့ သတ္တိရှိဖို့ လိုအပ်တယ်။ မိစန္ဒီက ကျတော့ လူကြီးလည်း သိပ်မဆန်သေးဘူး။ လက်ရှိမှာမှ ကိုယ့်ကိုယ်ကိုယ် လူကြီးဆန်အောင် ကြိုးစားနေရတယ်။ အခုက မိစန္ဒီမှာ အိမ်ထောင်ပြုဖို့ အရည်အချင်းလည်း မရှိသေးဘူး။ အဲ့ဒါကြောင့် အိမ်ထောင်မပြုချင်ဘူး။ ဒါပေမဲ့ အပျိုကြီးတော့မလုပ်ပါဘူး၊ အသက်လေးဆယ်လောက်ဆိုရင်တော့ ယူမှာပါ၊ မဟုတ်ရင် အထီးကျန်တယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

အိမ်ထောင်ပြုတယ်ဆိုတာက ပျော်စရာကောင်းပေမယ့် အိမ်ထောင်သည်ဘဝကို ကူးပြောင်းသွားပြီးတော့မှ အဆင်မပြေဖြစ်မှာ အရမ်းစိုးရိမ်ကြောင်း၊ အိမ်ထောင်တစ်ခုကို ထူထောင်နိုင်ဖို့အတွက် အစစအရာရာ အများကြီးလိုအပ်ပြီး မိဘတွေကလည်း မယူစေချင်သေးကြောင်း တေးသံရှင်မိစန္ဒီက ပြောထားပါတယ်။

"မိစန္ဒီကို မေမေတို့ကလည်း အိမ်ထောင်မပြုစေချင်သေးဘူး။ သူတို့သမီးလေးကို သူတို့နဲ့ပဲနေစေချင်သေးတယ်။ နောက်တစ်ခုက လက်ရှိမှာ မိစန္ဒီရှာတဲ့ပိုက်ဆံကို ကိုယ့်ဘာသာကိုယ် သုံးချင်သုံးလို့ရတယ်၊ မိဘတွေကို ကိုယ်လုပ်ပေးစရာရှိတာ လုပ်ပေးလို့ရတယ်။ ဒါပေမဲ့ အိမ်ထောင်ကျသွားရင်တော့ မရတော့ဘူး။ မိစန္ဒီက အဲ့ဒီ ဘဝကြီးဘက် သိပ်မသွားချင်သေးဘူး။ အိမ်ထောင်သည်ဘဝကို ကူးပြောင်းသွားပြီးတော့မှ မိစန္ဒီ အဆင်မပြေမှာ အရမ်းစိုးရိမ်တယ်။ မိစန္ဒီအတွက် အဲ့ဒါက ဆိုက်ကိုလိုပဲ၊ အဲ့ဒါကြောင့် အိမ်ထောင်မပြုချင်ဘူး" လို့ ၎င်းက ပြောပါတယ်။



ဓာတ်ပုံ- ဝင်းထွန်းနိုင်

# “ထက်ထက်အတွက်ကတော့ ဒီနှစ်က အရင်နှစ်တွေနဲ့ မတူဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိလာတယ်”

## ထက်ထက်မိုးဦးနဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်

**ပြည်သူချစ်မင်းသမီး ထက်ထက်မိုးဦးရဲ့ မေလ ၈ ရက်နေ့မှာကျရောက်တဲ့မွေးနေ့မှာ We Love တွေကနေ ပျော်ရွှင်စရာ မွေးနေ့ပွဲအဖြစ် Mercure Hotel မှာ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ယင်းမွေးနေ့မှာ လူငယ်တစ်ယောက်လို လန်းဆန်းတက်ကြွနေဆဲဖြစ်တဲ့ သရုပ်ဆောင် ထက်ထက်မိုးဦးနဲ့ တွေ့ဆုံပြီး မွေးနေ့ပွဲအကြောင်းနဲ့အတူ ရှေ့ဆက်လုပ်ရှားသွားမယ့် အနုပညာများအကြောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: မွေးနေ့မှာ ထူးထူးခြားခြား Surprise လုပ်ခံခဲ့ရတာကနေ စပြောပေးပါဦး။**

**HHMO:** မွေးနေ့ညတုန်းက Surprise လာလုပ်တော့ ထက်ထက်လည်း အံ့သြမိတယ်။ ညဆယ့်နှာရီထိုးပြီဆိုတော့ ထက်ထက်ကလည်း အိပ်နေပြီလေ။ ရှူတင်လည်းရှိတော့ ကိုယ်က ပင်ပန်းပြီးတော့ အစောကြီး အိပ်သွားတာပေါ့နော်။ ဆယ့်နှစ်နာရီထိုးတော့ ညီမလေးက အိမ်အောက်ဆင်းလာခဲ့ဦးဆိုတာနဲ့ ထက်ထက်လည်း ဆင်းလာတယ်။ အဲ့ဒီတော့မှ ထက်ထက်ကို သူငယ်ချင်းက Surprise လာလုပ်ပေးမှန်းသိတယ်။ ထက်ထက်အနေနဲ့ ပျော်ပါတယ်။ ဒါပေမဲ့ ၂၀၁၁ ခုနှစ် မွေးနေ့တုန်းကတော့ အပျော်ဆုံးပဲ၊ ထက်ထက်မွေးနေ့မှာ ရုပ်ရှင်အဖွဲ့သားတွေအားလုံး ပါကြတယ်လေ။

**Voice: ဒီနှစ်မွေးနေ့က အမှတ်တရအဖြစ်ဆုံးမွေးနေ့လား။ မွေးနေ့တိုင်းမှာ မှတ်မှတ်ရရဖြစ်ခဲ့တာမျိုးတွေရှိလား။**

**HHMO:** ထက်ထက်အတွက်ကတော့ ဒီနှစ်က အရင်နှစ်တွေနဲ့ မတူဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိလာတယ်။ ရှေ့မှာ ကျော်ဖြတ်လာခဲ့တဲ့သက်တမ်းတွေထက်ကို ပိုပြီးတော့မှ အလုပ်ကို အားသွန်ခွန်စိုက်လုပ်ချင်တဲ့ စိတ်တွေဖြစ်လာတယ်၊ ပိုအားရှိလာတာပေါ့နော်။ အမှတ်တရကတော့ ကိုယ့်ရဲ့ မွေးနေ့တိုင်းမှာ ထက်ထက်ကို မွေးပေးတဲ့အမေကို ကျေးဇူးအများကြီးတင်တယ်။ အမေရောက်နေတဲ့ဘဝမှာ အေးအေးချမ်းချမ်းရှိပါစေဆိုပြီး မေတ္တာပို့ပေးပါတယ်။

**Voice: အသက်တွေ တစ်နှစ်ပြီးတစ်နှစ် ကြီးလာတာနဲ့အမျှ ဘာတွေပြောင်းလဲလာတယ်ထင်လဲ၊ ဘဝကို ဘယ်လိုဖြတ်သန်းသွားဖို့ စိတ်ကူးထားလဲ။**

**HHMO:** ဒီနှစ်မွေးနေ့ကစပြီးတော့ ထက်ထက်ဘဝက အေးအေးချမ်းချမ်းဖြစ်သွားပြီလို့ မှတ်ယူရမယ်။ ထက်ထက်လည်း အသက်ကြီးပြီဆိုတော့ အတွေ့အကြုံတွေလည်း အများကြီးရှိပြီ။ ရှေ့မှာ ကောင်းတာတွေရော မကောင်းတာတွေရော၊ ဝမ်းသာရတာတွေရော ဝမ်းနည်းရတာတွေပါ အားလုံး ကြုံတွေ့ခဲ့ရပြီးပြီဆိုတော့ ဘယ်အရာကိုမဆို ထက်ထက်က ဝမ်းအသာကြီးလည်းမဟုတ်ဘူး၊ ဝမ်းအနည်းကြီးလည်းမဟုတ်ပါဘူး။ စိတ်ကို သင့်တင့်အောင်ပဲ ထားတော့တယ်။ ဒါပေမဲ့ လက်ရှိအခြေအနေကတော့ အကောင်းဆုံးပါပဲ။ ကိုယ့်ကို နွေးထွေး မှုပေးတဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်၊ ကိုယ့်ရဲ့ We Love အဖွဲ့တွေ၊ ချစ်ခင်ကြတဲ့သူတွေနဲ့ အလုပ်ကို အေးအေးချမ်းချမ်း လုပ်သွားရင်းနဲ့ပဲ ဘဝကို ကျော်ဖြတ်သွားမယ်လို့ စိတ်ကူးထားတယ်။

**Voice: လက်ရှိမှာ ဇေရဲထက်နဲ့လည်း ဗီဒီယိုကားတစ်ကား ရိုက်နေတာတွေ့ရတယ်၊ ကိုယ်က ဘယ်လိုပုံစံမျိုး သရုပ်ဆောင်ထားတာလဲ။**

**HHMO:** လက်ရှိမှာတော့ ထက်ထက်က ဇေရဲထက်နဲ့ ‘စေညွှန်ရာကကြိုးရုပ်’ ဆိုတဲ့ ဗီဒီကားတစ်ကားရိုက်နေပါ တယ်။ ဒါရိုက်တာကတော့ ဇော်မိုးထွေးပါ။ ဇာတ်လမ်းပုံစံကတော့ ကိုယ်က ကုမ္ပဏီလုပ်တာပေါ့နော်။ ငယ်ငယ်တုန်းက ပြေဇင်နဲ့ ထက်ထက်က အဆင်မပြေကြတော့ သူက ကြီးလာမှ ထက်ထက်ကို ကလဲ့စားပြန်ချေတယ်။ ကိုယ်က ကုမ္ပဏီထောင်ထားတော့ တင်ဒါတွေခေါ်တဲ့အခါမှာ သူက ရှုံးအောင်လုပ်တယ်။ သူက ကိုယ့်ရဲ့အချစ်ကိုမရတော့ ဇေရဲထက်ကို ငှားပြီးတော့မှ အချစ်ကိုယူခိုင်းတယ်၊ ပြီးမှ ပြန်ပြီးဖျက်ချခိုင်းတာပေါ့။ နောက်ဆုံးမှာ ဇေရဲထက်က သွေးကင်ဆာဖြစ်ပြီး သေသွားတဲ့ပုံစံလေးပါ။ ဇာတ်လမ်းလေးက အရမ်းကောင်းပါတယ်။ ထက်ထက် ဇာတ်ရုပ်က သရုပ်ဆောင်ရတာ အရမ်းလည်းပင်ပန်းတယ်။ ဒါပေမဲ့ ထက်ထက်ကတော့ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဗီဒီယိုပဲဖြစ်ဖြစ် ကိုယ်လုပ်ရမယ့်နေရာမှာ အကောင်းဆုံးပဲ ထက်ထက်လုပ်သွားချင်တယ်။ အဲ့ဒါကြောင့် အပင် ပန်းခံပြီးတော့ အကောင်းဆုံးလုပ်နေပါတယ်။

**Voice: ကိုယ့်ရဲ့တစ်ကျော့ပြန်လှုပ်ရှားမှုမှာ ဇေရဲထက်နဲ့ ပထမဆုံးရိုက်ဖြစ်တာက ဘာကြောင့်လဲ။**

**HHMO:** ထက်ထက်ကို ဇေရဲထက်နဲ့ရိုက်ဖို့ We Love တွေက စီစဉ်ပေးတယ်။ မထက်လည်း ရိုက်သင့်တယ်၊ တခြားဇာတ်လမ်းတွေထက်စာရင် ဇာတ်လမ်းက ကောင်းတယ်၊ ပြန်ရိုက်လို့ရနေပြီပဲ၊ ရိုက်ပါလားဆိုပြီး ဝိုင်းပြောကြတယ်၊ ဇေရဲထက်ကလည်း မမရိုက်ရအောင်ဆိုပြီး ပြောတာနဲ့ သုံးကားရိုက်ဖြစ်မှာပေါ့နော်။ လက်ရှိရိုက်နေတဲ့ကားပြီးရင်တော့ စိန်ငွေထုတ်လုပ်ရေးနဲ့ ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေရိုက်သွားဖို့ ရှိပါတယ်။ တခြားကြော်ငြာတွေလည်း ရိုက်ဖို့ရှိတယ်၊ သီချင်းတွေလည်းရိုက်ဖို့ ရှိပါတယ်။

**Voice: စိန်ငွေထုတ်လုပ်ရေးကရိုက်မယ့် ရုပ်ရှင်ကားက ဘယ်လိုမျိုးပုံစံလဲ၊ ဇာတ်ရုပ်ရွေးချယ်မှုတွေကို ဘယ်လိုမျိုးလုပ်ဖြစ်နေလဲ။**

**HHMO:** ဇာတ်လမ်းကိုတော့ ထက်ထက်ဆုံးအောင် မဖတ်ရသေးပါဘူး၊ ကောင်းတာတော့ ကောင်းတယ်။ ဒါပေမဲ့ စဉ်းစားဦးမယ်။ ဒါရိုက်တာကို သေချာပြန်မေးရဦးမယ်၊ ဇာတ်ကိုဘယ်လိုလုပ်လို့ရမလဲ၊ ဒီ့ထက်ကောင်းအောင် ဘယ်လိုလုပ်သင့်လဲ။ ထက်ထက်က ချက်ချင်းကြီးတော့ ခုဖတ်၊ ခုရိုက်မှာမဟုတ်သေးဘူး။ အဓိက အကုန်လုံးကို ခြုံကြည့်လိုက်လို့ရှိရင် ဒီဇာတ်ကိုပရိသတ်က စိတ်ဝင်စားနိုင်လား၊ ပရိသတ်အတွက်ရော ဘယ်လိုမျိုး Message ချန်ခဲ့လို့ရမလဲ၊ ကိုယ့်ဘဝအတွက် ဒီဇာတ်လမ်းက ဘယ်လောက်ထိ အရေးပါမလဲ၊ ကိုယ်ဘယ်လောက် လုပ်ခွင့်ရမလဲပေါ့နော်။ ပိုက်ဆံရတာ၊ မရတာထက်ကို ကိုယ်အတွက် လုပ်ခွင့်အများကြီးပဲ လိုချင်တယ်။ ဇာတ်ရုပ်ရွေးချယ်မှုကတော့ မမနဲ့မောင်လေးဆိုတော့လည်း မမ၊ မောင်လေးပေါ့၊ မေမေဆိုတော့လည်း မေမေ ပေါ့နော်။ အနုပညာသမားဆိုတာကတော့ ဘယ်လိုပဲလာလာပါ ကိုယ်နဲ့လိုက်မယ့်ဇာတ်လမ်းမျိုး၊ ကိုယ်လုပ်ခွင့်ရမယ့်ဇာတ်မျိုးဆိုရင်တော့ အကောင်းဆုံးပေးဆပ်နိုင်ရမယ်လို့ပဲ တွေးထားတယ်။

# မိုးအောင်ရင်ကို သတိရနေတဲ့ ဘေဘီမောင်

ရန်ကုန်၊ မေ ၉

‘ဝုန်းပစ်လိုက်မယ်’ ရုပ်ရှင်ဇာတ်ကားက ရုံတင်တော့မှာ ဖြစ်တဲ့အတွက် အတူတွဲဖက်သရုပ်ဆောင်ခဲ့တဲ့ သူငယ်ချင်း မိုးအောင်ရင် ကို သတိရကြောင်း သရုပ်ဆောင် ဘေဘီမောင်က The Voice ကို ပြောကြားပါတယ်။

“ဒီကားမှာ မင်္ဂလာဆောင်တဲ့ ဇာတ်ဝင်ခန်းရိုက်တော့ မိုးအောင်ရင်နဲ့ ညီမက နှစ်ယောက်တွဲပြီး ဆောင်ရမှာပါ။ မိုးအောင်ရင်မရှိတော့ အဲ့ဒီဇာတ်ဝင်ခန်းမှာ ညီမ မပါခဲ့ရဘူးပေါ့။ ကိုယ်လည်း ကိုယ့်သူငယ်ချင်းနဲ့ အတူတူ သရုပ်ဆောင်ချင်တာပေါ့။ Press Show မှာ အဲ့ဒီအခန်းပြတော့ သူ့ကို အရမ်းသတိရပါတယ်” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

သူငယ်ချင်းဖြစ်သူမိုးအောင်ရင်က စိတ်သဘောထားကောင်းမွန်တဲ့ သူတစ်ယောက်ဖြစ်ပြီး၊ ဗီဒီယိုဇာတ်ကားတွေကို ခေါင်းဆောင်အနေနဲ့ ရိုက်ခွင့်ရအောင် ကူညီပေးခဲ့သလို၊ သရုပ်ဆောင်မှုအပိုင်းမှာ လိုအပ်တာတွေရှိခဲ့ရင်လည်း အမြဲတမ်း ပြောပြပေးကြောင်း ဘေဘီမောင်က ပြောကြားပါတယ်။

“ဝုန်းပစ်လိုက်မယ် ရုပ်ရှင်မှာ ညီမက လေဒီဂါဂါ ဆိုတဲ့ ကောင်မလေးနေရာက သရုပ်ဆောင်ထားပါတယ်။ သွက်သွက်လက်လက် ပေါ့ပေါ့ပါးပါး နေတတ်တဲ့ကောင်မလေး တစ်ယောက်ပေါ့။ မိုးအောင်ရင်က ခြောက်နေတဲ့သူပေါ့။ သူနဲ့ကိုယ်နဲ့က သူငယ်ချင်းတွေပါ။ နောက်ဆုံးမှာ သူက ယောက်ျားစိတ် ပြန်ပေါက်သွားပြီး နှစ်ယောက် ညားသွားတယ်ပေါ့” လို့ ၎င်းကဆိုပါတယ်။

လူငယ်သရုပ်ဆောင်တစ်ဦး ဖြစ်တဲ့ မိုးအောင်ရင်ဟာ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုနဲ့ ပြစ်ဒဏ်ကျခံနေရတာ ဖြစ်ပါတယ်။ ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ မိုးအောင်ရင်၊ ရဲလေး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဘေဘီမောင်တို့ပါဝင်တဲ့ ‘ဝုန်းပစ်လိုက်မယ်’ ရုပ်ရှင်ဇာတ်ကားကို မေလ ၁၁ ရက်နေ့ကစပြီး ရုံတင်ပြသသွားတော့မှာ ဖြစ်ပါတယ်။

# ပါတီပွဲတွေမှာ ကြီးစိုးဦးမယ့် Childish Gambino ရဲ့ This is America

Gambino ဟာ အမေရိကန်သရုပ်ဆောင်၊ ဟာသသရုပ်ဆောင်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ တေးရေး၊ rapper နဲ့ DJ တစ်ဦးဖြစ်ပါတယ်။

ဒိုနယ်မက်ကင်လေဂလူဗာက သူ့ အမည်ရင်းဖြစ်ပြီးတော့ တေးဂီတနဲ့ ပတ်သက်တဲ့ အနုပညာလှုပ်ရှားမှုတွေကိုတော့ Childish Gambino လို့ခေါ်တဲ့ အမည်နဲ့ လှုပ်ရှားပါတယ်။

ယခုအသစ်ထွက်ရှိလာတဲ့ This is America သီချင်းဟာ ပါတီပွဲတွေနဲ့ လိုက်ဖက်တဲ့ rap သီချင်းမို့ ရေပန်းစားဦးမှာ ဖြစ်ပါတယ်။ ထွက်ရှိပြီး သုံးရက်အတွင်းမှာပဲ YouTube ပေါ်မှာ ကြည့်ရှုသူသုံးသန်း သုံးသိန်း ကျော်သွားတဲ့ သီချင်းမို့အောင်မြင်တဲ့ ဝင်ငွေကောင်းသီချင်း ဖြစ်နေပါပြီ။ MTV ရိုက်ကူးမှု ကလည်း အသစ် အသစ်သော ဖန်တီးမှုတွေကို ဖြည့်စွက်ထားတာမို့ လမ်းဟောင်းကနေခွဲထွက်တဲ့ rap သီချင်းလည်း ဖြစ်ပါတယ်။

အဆိုပါ တေးဂီတဗီဒီယိုကိုဖန်တီးသူကတော့ လော့အိန်ဂျလိစ်အခြေစိုက် ဂျပန်လူမျိုးရုပ်ရှင်ရိုက်ကူးသူ ဟီရိုမူရိုင်း ဖြစ်ပါ တယ်။

အကြမ်းအရမ်းတွေ၊ သွေးဆိုးသောင်းကျန်းမှုတွေနဲ့ အမေရိကနေ့စဉ် ဘဝကို သရုပ်ဖော်ထားပါတယ်။

F-02



# ဒမတ်စကတ်အနီး လေကြောင်းတိုက်ခိုက်မှုအတွက် အစ္စရေးကို ဆီးရီးယား အပြစ်တင်

**ဒမတ်စကတ်၊ မေ ၉**

မြို့တော်ဒမတ်စကတ်တောင်ဘက်ရှိအခြေစိုက်စစ်စခန်းတစ်ခုကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့သည်ဟု ဆီးရီးယားနိုင်ငံပိုင်မီဒီယာက ပြောကြားလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

အင်္ဂါနေ့က ကစ်စဝါးနယ်မြေတွင် အစ္စရေးဒုံးကျည်နှစ်စင်းကို ဆီးရီးယားလေကြောင်းကာကွယ်ရေးတပ်က ပစ်ချခဲ့သည်ဟု ဆာနာသတင်းဌာနက ထုတ်ပြန်သည်။

အဆိုပါဖြစ်ရပ်အတွင်း ထိခိုက်သေကျေမှုမရှိကြောင်း ဆာနာက သတင်းထုတ်ပြန်ထားသော်လည်း အကဲခတ်စောင့်ကြည့်ရေးအုပ်စုကမူ အီရန်ကိုထောက်ခံအားပေးသော တပ်ဖွဲ့ဝင်များအပါအဝင် အစိုးရလိုလားသောတပ်ဖွဲ့ဝင်အနည်းဆုံး ကိုးဦးခန့် သေဆုံးခဲ့ရသည်ဟု ပြောကြားသွားသည်။

အင်္ဂါနေ့အစောပိုင်းက အဆိုပါနယ်မြေရှိ စစ်စခန်းတွင် ကျယ်လောင်သောပေါက်ကွဲသံများ ထွက်ပေါ်ခဲ့သည်ဟု သတင်းများကဆိုသည်။

လေကြောင်းတိုက်ခိုက်မှု၏ ပစ်မှတ်မှာ လက်နက်သိုလှောင်ရုံဖြစ်ပြီး အီရန်တော်လှန်ရေး အစောင့်တပ်မှ တပ်ဖွဲ့ဝင်အချို့နှင့် ဆီးရီးယားပြည်သူ့စစ်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့သည်ဟု ယူကေအခြေစိုက်






ဆီးရီးယားစစ်ပွဲ စတင်ပြီးသည့်နောက်ပိုင်း ဂိုလန်ကုန်းမြင့်ရှိ ဗုံးခိုကျင်းများကို အသင့်ပြင်ဆင်ထားကြရန် ညွှန်ကြားမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်

ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုက ပြောကြားသည်။

အဆိုပါသတင်းကို အစ္စရေးဘက်က မှတ်ချက်ပေးထားခြင်း မပြုသော်လည်း ဆီးရီးယားတွင် အီရန်၏ စစ်ဘက်ဆိုင်ရာအခြေချမှုဟု ယူဆရသောအရာများကို ရပ်ဆိုင်းသွားစေရန် ပြုလုပ်မည်ဟု ပြောကြားသွားသည်။

ဆီးရီးယား၏ပြည်တွင်းစစ် ၇ နှစ်ကာလအတွင်း အီရန်က စစ်ဘက်အကြံပေး ရာဂဏန်းနှင့် တပ်ဖွဲ့ဝင် ထောင်ဂဏန်းစေလွှတ်ပေးခဲ့သည်။

အင်္ဂါနေ့က တိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့သောနေရာတွင် စစ်စခန်းတစ်ခု ဆောက်လုပ်နေသည်ဟု သိရှိရသည်။

ကစ်စဝါးအနီး ဆီးရီးယားစစ်တပ်က အသုံးပြုခဲ့သောနေရာတွင် အီရန်က စစ်ဘက်အခြေစိုက်စခန်းတစ်ခု တည်ဆောက်နေသည်ဟု အနောက်အုပ်စုထောက်လှမ်းရေးသတင်းဇာစ်မြစ်များက ဘီဘီစီသို့ မနှစ်က ပြောကြားခဲ့သည်။

အီရန်ကလည်း ဆီးရီးယားရှိ ၎င်း၏ စစ်ဘက်အဆောက်အအုံများ လေကြောင်းတိုက်ခိုက်ခံရမှုကို လက်တုံ့ပြန်ရန် ဆုံးဖြတ်ထားသည်ဟုဆိုသည်။

အစ္စရေးက သိမ်းယူထားသော ဆီးရီးယားနယ်မြေဖြစ်သည့် ဂိုလန်ကုန်းမြင့်တွင် ပုံမှန်မဟုတ်သော အီရန်စစ်ဘက်လှုပ်ရှားမှုများကို ထောက်လှမ်းတွေ့ရှိရသည်ဟု အစ္စရေးက အင်္ဂါနေ့တွင် ပြောကြားခဲ့ပြီး အဆိုပါနယ်မြေတွင် အမြင့်ဆုံးအဆင့် တပ်လှန့်ထားကာ ဗုံးခိုကျင်းများကိုလည်း ဖွင့်ထားရန် ညွှန်ကြားထားသည်။

အစ္စရေးအပေါ် ကျူးကျော်ရန်စမှုမှန်သမျှ ပြင်းထန်သောတုံ့ပြန်မှုကို ရင်ဆိုင်ရမည်ဟု အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဂျိုနသန်ကော်ရီကပ်စ်က ပြောကြားသည်။

ဆီးရီးယားစစ်ပွဲ စတင်ပြီးသည့်နောက်ပိုင်း ဂိုလန်ကုန်းမြင့်ရှိ ဗုံးခိုကျင်းများကို အသင့်ပြင်ဆင်ထားကြရန် ညွှန်ကြားမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု သတင်းများကဆိုသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုက အီရန်နျူကလီးယားစာချုပ်မှ သမ္မတထရမ့် နုတ်ထွက်မည့်အစီအစဉ်ကို ၎င်းအနေနှင့် အပြည့်အဝ ထောက်ခံအားပေးကြောင်းနှင့် ယင်းစာချုပ်သည် အီရန်၏ရန်စကျူးကျော်မှုကို တိုးမြင့်လာစေကြောင်း ပြောကြားထားသည်။

■ F-04

# အီတလီညွန့်ပေါင်းအစိုးရမဖွဲ့နိုင်သောကြောင့် ရွေးကောက်ပွဲသစ် ပြန်ခေါ်ရန် သို့မဟုတ် အိမ်စောင့်အစိုးရဖွဲ့ရန် စီစဉ်ရမည်

**ရောမ၊ မေ ၈**

အီတလီညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး ဆွေးနွေးမှုများ မအောင်မြင်သောကြောင့် ရွေးကောက်ပွဲသစ် ပြန်ခေါ်ရန် သို့မဟုတ် ယခုနှစ်ကုန်မတိုင်မီအထိ ပါတီစွဲမပါသည့် အိမ်စောင့်အစိုးရတစ်ရပ် ဖွဲ့စည်းရန်ဟူ၍ ရွေးချယ်စရာနှစ်ခုသာ ရှိတော့ကြောင်း BBC သတင်းဌာနက ဖော်ပြထားသည်။

ညွန့်ပေါင်းအစိုးရဖွဲ့ရန် သုံးကြော့တိတိ ညှိနှိုင်းမှုများမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ယင်းကဲ့သို့ ရွေးချယ်စရာနည်းလမ်းနှစ်ခုသာရှိတော့ကြောင်း သမ္မတဆာဂျီယိုမက်တာရယ်လာက ပြောကြားသွားသည်။

ပြီးခဲ့သည့်မတ်လက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် မည်သည့်ပါတီ သို့မဟုတ် မဟာမိတ်အဖွဲ့ကမှ မဲအရေအတွက် ထက်ဝက်ကျော်အောင် မရရှိကြခဲ့ပေ။

မဲအများဆုံးရသည့် ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီနှင့် အဖွဲ့ချုပ်ပါတီတို့ကလည်း ဇူလိုင်လတွင် ရွေးကောက်ပွဲသစ်ခေါ်ရေးကို လိုလားလျက်ရှိကြသည်။ သို့ရာတွင်




အီတလီသမ္မတကမူ ပါတီစွဲမပါသည့် အိမ်စောင့်အစိုးရတစ်ရပ် ဖွဲ့စည်းရေး လိုလားလျက်ရှိသည်

ရွေးကောက်ပွဲသစ်ခေါ်မည်လော၊ အိမ်စောင့်အစိုးရခန့်အပ်မည်လော ဆိုသည်ကို သမ္မတက အဓိက ဆုံးဖြတ်ပေးရမည်ဖြစ်သည်။

ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး နောက်ဆုံးအကြော့ ညှိနှိုင်းမှုတွင် မဲအများဆုံး ရထားသည့် နိုင်ငံရေးပင်မရေစီးကြောင်းပြင်ပမှ ကြယ်ငါးပွင့်လှုပ်ရှားမှုပါတီသည် လက်ယာယိမ်း ဖော်ဇာအီတာလီယာပါတီနှင့်အဖွဲ့ချုပ်ပါတီတို့၏ လက်ယာမဟာမိတ်အုပ်စုနှင့် ညှိမရခဲ့သလို ဗဟိုလက်ဝဲယိမ်း ဒီမိုကရက်တစ်ပါတီ နှင့်လည်းပူးပေါင်းရန် အဆင်မပြေခဲ့ပေ။

မတ်လ ၄ ရက်နေ့ မဲရလဒ်ထွက်လာပြီးကတည်းက ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေသည့် အခြေအနေကို ပြေလည်စေရန် ညှိနှိုင်းခဲ့ကြသော်လည်း ပါတီများသာ မူလရပ်တည်ချက်ကို မပြောင်းလဲဘဲ ဆက်ရှိနေခဲ့သည်။

သမ္မတမက်တာရယ်လာကမူ ပါတီခေါင်းဆောင်များအနေနှင့် ညွန့်ပေါင်းဖွဲ့မရသည့်အဆုံးတွင် ပါတီစွဲမထားသည့် အိမ်စောင့်အစိုးရတစ်ရပ် ဖွဲ့စည်းရေးကိုသာ ထောက်ခံကြရန် တိုက်တွန်းခဲ့သည်။

"ကျွန်တော်တို့ ဒီထက်မစောင့်နိုင်ပါဘူး။ ပါတီတွေအနေနဲ့ အစိုးရတစ်ရပ်ဖြစ်လာအောင် အစွမ်းကုန်လုပ်ကြမလား ဒါမှမဟုတ် လာမယ့်ဇူလိုင်၊ ဒါမှမဟုတ် ဆောင်းဦးကာလမှာ ရွေးကောက်ပွဲသစ်ကျင်းပမလား ဆုံးဖြတ်ကြရပါမယ်" ဟု သမ္မတက ပြောကြားသွားသည်။

အိမ်စောင့်အစိုးရဆိုပါက သမ္မတက ခန့်အပ်သော မူဝါဒရေးရာကျွမ်းကျင်သူများဖြင့်ဖွဲ့စည်းရမည်ဖြစ်သည်။

အဆိုပါ အိမ်စောင့်အစိုးရသစ်သည် ၂၀၁၉ ရသုံးငွေမှန်းခြေ စာရင်းကိုရေးဆွဲရန် တာဝန်ရှိမည်ဖြစ်ကာ နှစ်မကုန်မီအထိ တာဝန်ယူရမည်ဖြစ်ကာ ၂၀၁၉ နှစ်စတွင် ရွေးကောက်ပွဲကျင်းပသည့်အခါတွင်မှ ဖျက်သိမ်းရမည်ဖြစ်သည်။

သို့သော်လည်း ကြယ်ငါးပွင့် လှုပ်ရှားမှုပါတီရော အဖွဲ့ချုပ်ပါတီပါ ထိုအစီအစဉ်ကို ထောက်ခံခြင်းမရှိပေ။ ■ F-03

# မလေးရှားတွင် ရွေးကောက်ပွဲရက် နီးကပ်


BBC

**ကွာလာလမ်ပူ၊ မေ ၉**

မလေးရှားတွင် အသက် ၉၂ နှစ်အရွယ် ဝါရင့်ခေါင်းဆောင်ဟောင်းက ပြန်လည်ဦးဆောင်သည်ကို တွေ့မြင်ရဖွယ်ရှိသော ရွေးကောက်ပွဲကို မဲပေးရန် နီးကပ်လာပြီဟု BBC သတင်းတွင် ဖော်ပြထားသည်။

အတိုက်အခံခေါင်းဆောင် မဟာသီယာ မိုဟာမက်သည် လက်ရှိဝန်ကြီးချုပ် နာဂျစ်ရာဇာတ်၏ အာဏာရ ဘာရီဆန် အမျိုးသားညွန့်ပေါင်းပါတီကို ရင်ဆိုင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘာရီဆန်ပါတီက ၆၁ နှစ်ကြာ အုပ်စိုးခဲ့သောမလေးရှားတွင် အတိုက်အခံပါတီက အောင်ပွဲခံခြင်းမှာ မကြုံစဖူးဖြစ်ရပ်ဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှုရှိမည်မဟုတ်ဟု အကဲခတ်များက စိုးရိမ်နေကြသည်။

မလေးရှားတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း လွှမ်းမိုးထားခဲ့သော ဘာရီဆန်ပါတီနှင့် ညီညွတ်သော မလေးအမျိုးသားအဖွဲ့ ညွန့်ပေါင်းပါတီသည် လူကြိုက်များမှု ကျဆင်းနေခြင်းကို ကြုံတွေ့နေရသည်။

၂၀၁၃ ခုနှစ်က နောက်ဆုံးရွေးကောက်ပွဲတွင် အတိုက်အခံပါတီသည် မကြုံစဖူး အောင်မြင်မှုများရရှိခဲ့သော်လည်း အစိုးရဖွဲ့စည်းရန် လုံလောက်သောမဲအရေအတွက် မရခဲ့ပေ။

ထိုဖြစ်စဉ်များအပြီးတွင် ယခင်အတိုက်အခံခေါင်းဆောင် အန်နဝါအီဘရာဟင်ကို သဘာဝလွန် လိင်မှုကိစ္စ စွဲချက်များဖြင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့သည်။ ၎င်းကမူ နိုင်ငံရေးလုပ်ကြံ အပုပ်ချမှုဖြစ်သည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။

မလေးရှားနိုင်ငံတွင် သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ယခင်က ဘာတီဆန်ပါတီကို ဦးဆောင်ခဲ့သူ မဟာသီယာမိုဟာမက်သည် ၂၀၁၆ ခုနှစ်တွင် ညွန့်ပေါင်းပါတီမှ နုတ်ထွက်လိုက်ပြီးနောက် ယခုအခါ ပါကာတန် ဟာရာပန် အတိုက်အခံ ညွန့်ပေါင်းပါတီကို ဦးဆောင်နေသည်။

မဟာသီယာက ဘာတီဆန်ပါတီမှ နုတ်ထွက်အပြီးတွင် အဂတိလိုက်စားမှုအားပေးသောပါတီနှင့် ဆက်နွှယ်နေရခြင်းကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိဝန်ကြီးချုပ် နာဂျစ်သည် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ ဒေါ်လာသန်း ၇၀၀ ကိုယ်ကျိုး သုံးစွဲခဲ့ကြောင်း စွပ်စွဲခံခဲ့ရသော အဂတိလိုက်စားမှု အရှုပ်အထွေးတွင် ပါဝင်ပတ်သက်လျက်ရှိသည်။ ဝန်ကြီးချုပ်နာဂျစ်သည် အဓိကတာဝန်ရှိသူများကို ဖယ်ရှားပစ်ခြင်းဖြင့် မလေးရှားနိုင်ငံတွင်း စုံစမ်းစစ်ဆေးမှုများကို အခက်တွေ့အောင်ပြုလုပ်ခဲ့သည်ဟုလည်း စွပ်စွဲခြင်းခံနေရသည်။

မကြာသေးမီက ရွေးကောက်ပွဲသတ်မှတ်ချက် မူဘောင်များကို အစိုးရက ပြင်ဆင်ရေးဆွဲခဲ့သောကြောင့် ဘာတီဆန်ပါတီအပေါ် အစဉ်အလာ ထောက်ခံခဲ့သည့် မလေးမွတ်ဆလင်များဖြင့် ဖြည့်တင်းရေးအတွက် မဲဆန္ဒနယ်များကို ပြင်ဆင်ရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟူသော စွပ်စွဲချက်များ ထွက်ပေါ်ခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းတွင် ကွယ်လွန်သူများကို ဖယ်ရှားရန် ပျက်ကွက်ခြင်း၊ စာတိုက်မှ ကြိုတင်မဲပေးမှုတွင် ပုံမမှန်မှုများ တွေ့ရှိရခြင်းအပါအဝင် ရွေးကောက်ပွဲ မသမာမှုများ ကျူးလွန်နေသည်ဟု ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့ ဘာဆစ်က မကြာသေးမီက ထုတ်ဖော်စွပ်စွဲထားသည်။

မဟာသီယာကိုယ်တိုင်မှာလည်း ၎င်းစီးနင်းမည့် လေယာဉ်ကို လုပ်ကြံရန်ကြိုးစားသည်ဟု မမှန်မကန် စွပ်စွဲမှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံနေရသည်။

မလေးရှားသည် ရွေးကောက်ပွဲတွင် ထောက်ခံမဲရာခိုင်နှုန်း မများသည့်တိုင် အောင် နေရာအများဆုံး အနိုင်ရသောပါတီကို အစိုးရဖွဲ့ခွင့်ပေးသည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ် ၂၂၂ နေရာနှင့် ပြည်နယ် ၁၃ ခုအနက်မှ ၁၂ ခုအတွက် လွှတ်တော်အမတ်များကို ပြည်သူများက မဲပေးရွေးချယ်ကြမည်ဖြစ်သည်။ ■ **F-04**


Reuters

## စစ်ပွဲအတွင်း ရဲဘော်ကို အသက်စွန့်ကယ်ဆယ်သည့် Navy SEAL တပ်ဖွဲ့ဝင်ကို အမြင့်ဆုံး စစ်ဂုဏ်ပြုဆု ပေးမည်

**ဝါရှင်တန် ဒီစီ၊ မေ ၉**

ရန်သူ့လက်ရောက် အဖွဲ့ဝင်တစ်ဦးကို အာဖဂန်နစ္စတန်တောင်တန်းဒေသတွင် အသက်စွန့် ပြန်လည်ကယ်တင်ခဲ့သည့် Navy SEAL ကယ်ဆယ်ရေးကွန်မန်ဒိုအဖွဲ့ကို ဦးဆောင်ခဲ့သူအား စစ်ဘက်ဆိုင်ရာ အမြင့်ဆုံးဂုဏ်ပြုဆုပေးမည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ကြေညာလိုက်သည်။

ရာထူးမှ အနားယူသွားပြီဖြစ်သော အထူးတပ်ဖွဲ့ဝင်ခေါင်းဆောင် ဘရစ်ကေဆလာဘင်စကီးသည် မေလ ၂၄ ရက်၌ တိုင်းပြည်၏အမြင့်ဆုံးစစ်ဘက်ဆိုင်ရာ သူရသတ္တိဆုကို ရယူမည်ဖြစ်သည်။

ရဟတ်ယာဉ်ကို ဒုံးကျည်ထိမှန်ရာမှ နီးလ်ရောဘတ်စ်ဆိုသူ SEAL တပ်ဖွဲ့ဝင်တစ်ဦး ၂၀၀၂ ခုနှစ်က အယ်လ်ကေဒါများလက်သို့ ရောက်သွားခဲ့သည်။

အယ်လ်ကေဒါ ဖိုက်တာများကို ပြန်လည် တိုက်ခိုက်ကာ နီးလ်ရောဘတ်စ်ကို ပြန်လည်ကယ်တင်မည့် စစ်ဆင်ရေးကို ယခုဂုဏ်ပြုခံရမည့် ဘရစ်ကေဆလာဘင်စကီး က ဦးဆောင်စီမံခဲ့သည်။

မတူညီသောလမ်းကြောင်းသုံးခုမှ ပြင်းထန်စွာပစ်ခတ်နေသော ရန်သူတပ်ဦးကို ခြောက်ဦးပါ SEAL အဖွဲ့မှ ရဲရင့်စွာ ရင်ဆိုင်ခဲ့သည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ထားသည်။

အဆိုပါတိုက်ပွဲကိုရောဘတ်စ်ကမ်းပါးတိုက်ပွဲဟု အမည်ပေးထားကာ ရောဘတ်စ်သည် ရန်သူ့လက်တွင် အသေခံသွားခဲ့သည်။

ယင်းစစ်ဆင်ရေးသည် CIA နှင့် အထူးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်သည့် အယ်လ်ကေဒါ ဖိုက်တာရှင်းလင်းသုတ်သင်ရေးစစ်ဆင်ရေး Operation Anaconda ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားခံရသည်။

အဆိုပါ တိုက်ပွဲအကြောင်း ဇာတ်လမ်းအစုံသည် New York Times သတင်းစာ၌ ၂၀၁၆ ခုနှစ်တွင် ထွက်ပေါ်လာခဲ့ပြီးနောက် လူသိများခဲ့သည်။ ■ **F-02**

## အာဖဂန်လေကြောင်းထိုးစစ်တွင် ကလေးငယ် ၃၀ သေဆုံးခဲ့ဟု ကုလသမဂ္ဂထုတ်ဖော်

**ကုလသမဂ္ဂ၊ မေ ၈**

ပြီးခဲ့သည့် ဧပြီလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း ကွန်ဒတ်ဇ်ပြည်နယ်၌ ပေါ်ပေါက်ခဲ့သော လေကြောင်းထိုးစစ်တွင် ကလေးငယ် ၃၀ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၅၁ ဦးဒဏ်ရာရရှိသွားသည်ဟု ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်က ဖော်ပြလာကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

အာဖဂန်အစိုးရကမူ ဧပြီလ ၂ ရက်နေ့ အာဖဂန်လေတပ် ထိုးစစ်ဆင်မှုသည် တာလီဘန်အုပ်စု၏ ခေါင်းဆောင်ပိုင်းများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းပင်ဖြစ်သည်ဟု ပြောကြားသည်။

ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့အဆိုအရ လေကြောင်းထိုစစ်ဆင်မှုကြောင့် ဘာသာရေးကျောင်းတစ်ခုအနီးတွင်လည်း အရွယ်ရောက်ပြီးသူ ခြောက်ဦးသေဆုံးခဲ့ရသည်ဟု သိရသည်။ အဆိုပါ ဘာသာရေးကျောင်း၏ ကွင်းပြင်တစ်ခုတွင် အခမ်းအနားတစ်ခု ကျင်းပပြုလုပ်စဉ် လေကြောင်းထိုးစစ်ဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ဧပြီလအတွင်း အဆိုပါလေကြောင်းထိုးစစ်ကြောင့် သေဆုံးသူဦးရေ အမြောက်အမြားရှိနိုင်ခဲ့သည်ဟု ကုလသမဂ္ဂက ဆိုသည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာအရ ရာနှင့်ချီသော အမျိုးသားများနှင့် ကလေးငယ် (ယောကျ်ားလေး) များသည် ဒတ်ရှ်အီအာချီခရိုင်၌ ကျင်းပသည့် အခမ်းအနားတစ်ခုသို့ တက်ရောက်နေစဉ် ရဟတ်ယာဉ်တစ်စီးက ရော့ကက်ဖြင့်ပစ်ခတ်ခဲ့ရုံမျှမက စက်သေနတ်ဖြင့်ပါ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်အစိုးရက အဆိုပါထိုးစစ်တွင် စစ်သွေးကြွခေါင်းဆောင် ၁၈ ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

သို့သော် AFP သတင်းဌာနနှင့် တွေ့ဆုံပြောဆိုခဲ့သော ဆရာဝန်တစ်ဦးက ထိခိုက်သေဆုံး သို့မဟုတ် ဒဏ်ရာရရှိသွားသူအားလုံးမှာ ဗုံးစများထိမှန်ခဲ့ခြင်းဖြစ်ပြီး သေနတ်ထိမှန်ခြင်း မဟုတ်ကြောင်း၊ သို့အတွက်ကြောင့် အစိုးရက ထုတ်ပြန်သလို တာလီဘန်တို့သေနတ်ဖြင့်ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခြင်း မဟုတ်ကြောင်း ပြောကြားသည်။

အာဖဂန်အခြေစိုက် ကုလသမဂ္ဂမစ်ရှင် Unama ကမူ လေကြောင်းထိုးစစ်များပြုလုပ်နေစဉ် မြေပြင်၌ တာလီဘန်အုပ်စုများ ရှိနေခဲ့ခြင်း ရှိ၊ မရှိကိုမူ အတည်မပြုနိုင်ကြောင်း ပြောကြားသည်။ သို့သော် အာဖဂန်အစိုးရအနေနှင့် အရပ်သားများ ထိခိုက်သေဆုံးမှုမျိုး မဖြစ်ပေါ်စေရန် တိကျခိုင်မာသည့် ဆောင်ရွက်ချက်များ လုပ်ဆောင်သင့်သည်ဟုဆိုသည်။

ယခုလို လေကြောင်းထိုးစစ်တွင် ကလေးငယ်များသေဆုံးမှုနှုန်း မြင့်တက်လာခြင်းသည် အာဖဂန်အစိုးရအနေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအောက်ရှိ စည်းမျဉ်းစည်းကမ်းများအပေါ် လေးစားလိုက်နာခြင်း ရှိ၊ မရှိ ဟူသောကိစ္စအတွက် စိုးရိမ်စရာဖြစ်လာကြောင်း ကုလသမဂ္ဂအစီရင်ခံစာက ဆိုသည်။



■ **F-01**

# မှုခင်းသတင်းတိုများ

■ ရန်ကုန်-ပြည် ကားလမ်းဘေး မှော်ဘီမြို့နယ်၊ သံတံတားကျေးရွာရှိ အဆောက်အအုံတစ်ခုအတွင်းတွင် မေလ ၈ ရက် နံနက် ၁၁ နာရီခန့်က လေဖြတ်ဝေဒနာခံစားနေရပြီး ကျေးရွာအတွင်း လှည့်လည်တောင်းရမ်းစားသောက်နေရသူ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ အားအင်ချည့်နဲ့ သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို ယင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် မှော်ဘီမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ အမှတ်(၁၀)သစ်စက်လမ်းအတိုင်း သစ်စက်ဘက်မှ အောင်သုခ မီးပွိုင့်ဘက်သို့မောင်းနှင်လာသော Froland အနီရောင်ယာဉ်သည် မေလ ၈ ရက် နံနက် ၈ နာရီခန့်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအလွန်အရောက် လမ်းညာဘက်မှ လမ်းလျှောက်နေသူ အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦးအား ဝင်တိုက်ရာ ဦးခေါင်းပွင့်ထွက်ပေါက်ပြဲဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သည်ဟုဆိုသော အသက် ၂၀ အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ဖြင့်အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၈)ရပ်ကွက်၊ ဦးရွှေဇံအောင်လမ်းနှင့် အဲမွန်ဒြွာလမ်းဆုံအနီးတွင် မေလ ၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လောင်းကစားသတင်းရရှိထားသူ အသက် ၅၃ နှစ်အရွယ် အမျိုးသားတစ်ဦးအား စစ်ဆေးရှာဖွေရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများ ကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် အမှုဖွင့်ထားသည်။

■ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်လမ်းအတိုင်း အိမ်ရာအတွင်းမှ ဘုရင့်နောင်လမ်းမကြီးဘက်သို့ မောင်းနှင်လာ သော Porter-2 အပြာရောင်ယာဉ်သည် မေလ ၈ ရက် မွန်းလွဲ ၃ နာရီခန့်က ဘုရင့်နောင်လမ်းမကြီးပေါ်သို့ မောင်းထွက်စဉ် ကြည့်မြင်တိုင်မြို့နယ်ဘက်မှ လှိုင်မြို့နယ်ဘက်သို့ မောင်းနှင်လာသော ကန်တာအဖြူရောင် အငှားယာဉ်နှင့်တိုက်မိပြီး ယာဉ်နှစ်စီးပျက်စီးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သည်ဟုဆိုသော အသက် ၅၂ နှစ်အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်ထားသည်။

■ အင်းစိန်မြို့နယ်၊ ရွာမ(အရှေ့)ရပ်ကွက်ရှိနေအိမ်တစ်လုံးတွင် မေလ ၇ ရက် နံနက် ၁၀ နာရီခန့်က ယင်းနေအိမ်သို့ လာရောက်လည်ပတ်သူ အသက် ၈၁ နှစ်အရွယ် အမေရိကန်နိုင်ငံသား အမျိုးသားတစ်ဦး သွေးတိုး လေငန်းရောဂါဖြင့် ရုတ်တရက်သတိလစ်သွားရာက ရန်ကုန်ပြည်သူ့ဆေးရုံကြီး သို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် ကာ စစ်ဆေးနေသည်။

J - 16

# မြောက်ဥက္ကလာပတွင် လူသတ်မှုဖြစ်

**ရန်ကုန်၊ မေ ၉**

မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပိတောက် ၉ လမ်းတွင် မေ လ ၈ ရက် ည ၁၁ နာရီဝန်းကျင်က ၁၆ နှစ်အရွယ်ယောက်ျားလေးတစ်ဦးကို ဓားဖြင့် ဆင့် ထိုးသတ်ခဲ့သော လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူအသက် ၂၁နှစ်ဖုန်းကျော်ဝင်း (ခ) သီတာမှာ ယင်းလမ်းတွင် နေထိုင်သူဖြစ်ပြီး အခင်းဖြစ်ညက တစ်လမ်းတည်းအတူနေအသက်၁၆နှစ်အရွယ်ယောက်ျားလေး တစ်ဦးကို ၎င်းက ဓားဖြင့် ဆင့်ထိုးသတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ရဲအရာရှိထံမှ သိရသည်။

"သေဆုံးသူရဲ့နှမနဲ့ ပြစ်မှုကျူးလွန်သူနဲ့က သမီးရည်းစားတွေလို့ သိရတယ်။ အခင်းဖြစ်ညက သေဆုံးသူက ပြစ်မှုကျူးလွန်သူ အမျိုးသားကို သူ့ နှမဖြစ်သူနဲ့ ဘယ်တော့လက်ထပ်ကြမှာလဲလို့ မေးရာက စကားများခဲ့ကြတာလို့ သိရတယ်။ ပြစ်မှုကျူးလွန်သူက မင်းနှမကို ငါမယူနိုင်ဘူးကွာ ပြောရာကနေ ရန်ဖြစ်ကြပြီး ဓားနဲ့ ထိုးအသတ်ခံရတာ" ဟု သေဆုံးသူရုပ်အလောင်းကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက ပြောသည်။

ဓားဖြင့်ထိုးခံရသူမှာ ဝမ်းဗိုက်၊ ဘယ် လက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာများနှင့် ပခုံး၊ ကျောကုန်း၊ လက်နှင့် ဒူးတို့တွင် ပြတ်ရှဒဏ်ရာ၊ ရင်ညွန့်တွင် ဓားစိုက်လျက်ဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ရုပ်အလောင်းကို မြောက်ဥက္ကလာပ မြို့နယ်ဆေးရုံသို့ ပို့အပ်ကာ ပြစ်မှုကျူးလွန်သူ ဖုန်းကျော်ဝင်း(ခ)သီတာကို ဝေဘာဂီနယ်မြေ ရဲစခန်းမှ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ ထံမှ သိရသည်။

■S-03

# ဖခင်ကို ဓားနှင့်ထိုးသတ်သည့် မသန်စွမ်းအမျိုးသားကို တရားစွဲ

**ရန်ကုန်၊ မေ ၉**

သံပိုက်လုံးနှင့် ရိုက်နှက်ခံရသဖြင့် ဓားဖြင့် ပြန်ထိုးရာမှ ဖခင်ဖြစ်သူ သေဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သည်ဟုဆိုသော အသက် ၂၉ နှစ်အရွယ် မသန်စွမ်းအမျိုးသားကို မေလ ၈ ရက် မွန်းလွဲပိုင်းက အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုတင်ပို့ထားကြောင်း ယင်းတရားရုံးထံမှ စုံစမ်းသိရသည်။

ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်တွင်နေထိုင်သူ အသက် ၅၅ နှစ်အရွယ် ဦးချစ်လွင်ဦးသည် ဧပြီလ ၁ ရက် နံနက်ပိုင်းက အရက်သေစာသောက်စားထားပြီး နေအိမ်သို့ပြန်လာကာ မသန်စွမ်းဖြစ်နေသည့် သားကို "မင်း ဘာအသုံးကျလဲ၊ ဆန်ကုန်မြေလေး၊ မင်းဘာလုပ်နိုင်လဲ၊ ငါပဲ ရှာကျွေးနေရတာ" ဟု ဆဲဆိုပြောကြားကာ သံပိုက်ဖြင့် အဆက်မပြတ်ရိုက်နှက်ရာက ဓားနှင့် ပြန်ထိုးခံရခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်တန်းချက်အရ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ သိရသည်။

"အရက်သောက်ပြီး အိမ်ပြန်လာတာ။ သူ့မိန်းမကိုလည်း ဟင်းမချက်ရကောင်းလားဆိုပြီး ဆဲဆိုသေးတယ်။ အဲဒါနဲ့ သူ့ မိန်းမက ဈေးထဲကို ဟင်းစားသွားဝယ်နေတုန်း အိမ်မှာ ကျန်ခဲ့တဲ့ မသန်စွမ်းသားကို ရိုက်နှက်တာ။ ရိုက်နှက်တဲ့ဒဏ်မခံတော့ အနီးမှာရှိတဲ့ မီးဖိုချောင်သုံး စတီးဓားနဲ့ ထိုးလိုက်တာ" ဟု ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ဓားဖြင့်ထိုးခံရမှုကြောင့် ဦးချစ်လွင်ဦးတွင် ဝမ်းဗိုက်ညာဘက်ခြမ်း ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသနေစဉ် သေဆုံးသွားသဖြင့် ဓားထိုးမှုကျူးလွန်သည်ဟုဆိုသော အသက် ၂၉ နှစ်အရွယ် ညာခြေ၊ ညာလက်မရှိသူ မသန်စွမ်းအမျိုးသားကို ဒေါပုံမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးကာ တရားစွဲဆိုတင်ပို့ခဲ့သဖြင့် အရှေ့ပိုင်းခရိုင် တရားရုံးက အမှုအမှတ် ၁၄၉/၁၈ ဖြင့်လက်ခံခဲ့၍ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

■ J 16

# အရက်အလွန်အကျွံသောက်သူ အုတ်ကန်အတွင်း ဇောက်ထိုးကျသေဆုံး

**ရန်ကုန်၊ မေ ၉**

သုံးခွမြို့နယ်၊ နန်းခလဲကျေးရွာ၊ နေအိမ်အတွင်းတည်ထားသော အုတ်ကန်ငယ်တစ်ခုအတွင်းတွင် မေလ ၈ ရက် နံနက် ၇ နာရီခန့်က အရက်အလွန်အကျွံသောက်စားမှုးယစ်သူ အသက်၅၅ နှစ် အရွယ် အမျိုးသားတစ်ဦး ရေနစ်သေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရေနစ်သေဆုံးသူ ဦးဝင်းရွှေသည် ယင်းနေအိမ်တွင် တစ်ဦးတည်းနေထိုင်သူဖြစ်ပြီး ယင်းနေ့က အကျယ် ၃ ပေ ပတ်လည်၊ အမြင့် ၂ ပေခွဲခန့်ရှိ နေအိမ်ရှေ့တွင် တည်ဆောက်ထားသော မိသားစုသုံး သောက်သုံးရေကန်အတွင်းတွင် ဦးခေါင်းငိုက်စိုက်ကျလျက် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းသေဆုံးမှုနှင့် ပတ်သက်၍ ရုပ်အလောင်းကို သုံးခွမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ သုံးခွမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၄/၁၈ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

"သူက အရက်သေစာ အလွန်အကျွံသောက်စားတတ်တယ်လို့ ပတ်ဝန်းကျင်နဲ့ သူ့ရဲ့အစ်ကိုအရင်းပြောပြချက်အရ သိရတယ်။ အရင်နေ့ကပဲ ချော်လဲလို့ မျက်ခုံးကွဲထားသေးတယ်။ အဲဒီဒဏ်ရာပဲ တွေ့တာပါ။ တခြားပြင်ပဒဏ်ရာ မတွေ့ရပါဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အရက်အလွန်အကျွံသောက်စားမှုကြောင့် ၂၀၁၇ ခုနှစ်တွင် သေဆုံးသူ ၁၈၆ ဦး ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ ၄၅ ဦးရှိကြောင်း၊ ရေနစ်သေဆုံးမှုနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် ၃၁၁ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ ၉၆ ဦး ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။

■ J 16

# အမျိုးသမီးတစ်ဦးကိုသတ်ပြီး ငွေ၊ လက်ဝတ်ရတနာများ ယူဆောင်သွားသည့် သစ်သီးသည်ကို တရားစွဲ

**ရန်ကုန်၊ မေ ၉**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၆)ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် အသက် ၅၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို သတ်ပြီး လက်ဝတ်ရတနာနှင့် ငွေများ ယူဆောင်သွားသည့် သစ်သီးသည် အမျိုးသားကို မေလ ၈ ရက် မွန်းလွဲပိုင်းက အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားစွဲဆိုလိုက်သည်။

မအူပင်မြို့နယ်တွင် မွေးဖွားပြီး ကော့မှူးမြို့နယ်တွင် ကွမ်းခြံစိုက်ပျိုးရေးလုပ်ငန်း၊ ထားဝယ်မြို့နယ်တွင် ရော်ဘာစိုက်ပျိုးရေးခြံလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ဖူးသူ သီရိမောင် (၂၇ နှစ်) သည် မြေနီကုန်းအနီးတစ်ဝိုက်တွင် တွန်းလှည်းတစ်စီးဖြင့် သစ်သီးများရောင်းချစဉ် Online မှ တစ်ဆင့် ခင်မင်ရင်းနှီးသူ အသက် ၅၄ နှစ်အရွယ် အမျိုးသမီးကို ဧပြီလ ၃ ရက်နေ့က သွားရောက်တွေ့ဆုံခဲ့ပြီး မီးဖိုချောင်သုံး စတီးဓားမဖြင့် ခုတ်သတ်ကာ လက်ဝတ်ရတနာများ၊ ငွေများကိုယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"အခင်းဖြစ်တဲ့နေရာကို သွားစစ်ဆေးတဲ့အချိန်တုန်းက လက်ဝတ်ရတနာတွေ၊ ငွေတွေပျောက်ဆုံးနေတယ်ဆိုတာ သိရတာ။ ပြီးတော့ ပါးစပ်ကိုလည်း ပုဆိုးစနဲ့ ပိတ်ပြီး လည်ပင်းနဲ့ တွဲချည်ထားတယ်။ ခုတ်သတ်ခဲ့တဲ့ဓားရယ်၊ နေအိမ်ပိတ်တဲ့သော့ရယ် ရေချိုးအုတ်ကန်ထဲမှာ တွေ့ခဲ့တယ်။ အဲဒါတွေရပြီး သေဆုံးသူမှာ ဘယ်သူတွေနဲ့ အဆက်အသွယ်ရှိလဲ စစ်ဆေးတဲ့အချိန်မှာ သစ်သီးသည်နဲ့ အဆက်အသွယ်ရှိတယ်ဆိုတာသိရတာ၊ အဲဒါနဲ့ သစ်သီးသည်ကို စုံစမ်းတော့ အခင်းဖြစ်ပြီး ပျောက်ဆုံးနေတာနဲ့ လိုက်လံရှာဖွေဖမ်းဆီးရာ အမှုပေါ်ခဲ့တာပါ" ဟု အမှုဖွင့်စစ်ဆေးပေါ်ပေါက်ချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ဓားဖြင့် ခုတ်သတ်ပြီး ပစ္စည်းများယူဆောင်ထွက်ပြေးသွားသည့် သီရိမောင်ကို အခင်းဖြစ်ပြီး ၅ ရက်အကြာ ဧပြီလ ၈ ရက်နေ့က ထားဝယ်မြို့နယ်၊ မေတ္တာမြို့ရှိ ရော်ဘာခြံတစ်ခြံတွင် ယူဆောင်သွားသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ပြီး စစ်ဆေးမေးမြန်းဆောင်ရွက်ကာ တရားစွဲဆိုတင်ပို့ခဲ့သဖြင့် အရှေ့ပိုင်းခရိုင်တရားရုံးက အမှုအမှတ် ၁၅၀/၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၀၂ ဖြင့်လက်ခံခဲ့ပြီး ဒုတိယခရိုင်တရားသူကြီး (၁၀)က ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

■J 16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၉၉)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဒီ ပညာရှာတဲ့အခါမှာ ဒီကိစ္စမျိုး ခန္ဓာကိုယ်ကြောင့်မို့ ဒီအရွယ်ရောက်လို့ ဒီစိတ်ကလေး ရောက်လာတာဟာ အပြစ်မဆိုသာပေမယ့် ပညာရေးအတွက် ကောက်ကွေ့သွားစေနိုင်သလား။ မဖြောင့်မတန်းအောင် လုပ်နိုင်သလား။ လုပ်နိုင်တယ် လုပ်နိုင်တယ်။ ဒီလိုကိစ္စမျိုးဟာ လုပ်နိုင်တယ်။ ဖြစ်စေနိုင်တယ်။ ဘဝကိုကောက်ကွေ့သွားအောင် လုပ်နိုင်တယ်။ ဘဝကောက်သွားအောင် ဖြစ်စေနိုင်တယ် ဘဝကွေးသွားအောင် ဖြစ်စေနိုင်တယ်။ ဒီကိစ္စမျိုးကို ရှောင်ရမှာ။ အဖြူရှိတယ် အမည်းရှိတယ်။ အဖြူကြိုက်ရင် အမည်းကို ရှောင်ပေါ့။ အမည်းမရှောင်သမျှကတော့ အဖြူ ဘယ်လိုမှမရနိုင်ဘူး။ အဖြူထဲ အမည်းလေးတစ်စက် ဝင်လိုက်တာနဲ့ကို အဖြူမဟုတ်တော့ဘူး။ နည်းနည်း ညစ်သွားပြီ။ နည်းနည်း ညစ်သွားပြီ။

ဘဝဖြောင့်တန်းအောင် လျှောက်လှမ်းတဲ့အခါမှာ ဘဝကို ကောက်ကွေးစေနိုင်တဲ့ဟာတွေ ရှိတယ်။ ဘုန်းဘုန်းတို့ခေတ်တုန်းကတော့ ဒီသမီးရည်းစားထားတဲ့ ကိစ္စကြီးဟာ အပြစ်ကြီးတစ်ခုရယ်လို့ မြင်တယ်။ မိဘမောင်ဘွားတွေကလည်း မကြိုက်။ ဆရာဆရာမတွေကလည်း လက်မခံ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကိုက ငယ်ငယ်ရွယ်ရွယ်နဲ့ သမီးရည်းစားထားလို့ရှိရင် တော်တော်ဆိုးတဲ့ ကလေးပဲလို့ အဲလို အများက ဝိုင်းသတ်မှတ်ထားတာ။ အများက လက်ခံထားကြတာ။ ခုခေတ် ခုအခါ အခြေအနေတော့ ဘုန်းဘုန်းမသိဘူး။ နောက်တစ်ခု ဘုန်းဘုန်းတို့ခေတ်တုန်းက ဟီးရိုးအင်လို့ခေါ်တဲ့ ဘိန်းဖြူစတယ်။ ကျောင်းတွေမှာ ဟောပြောပွဲတွေ လိုက်ပြောတယ်။ မှတ်မိသေးတယ် ကိုးတန်း၊ ဆယ်တန်းမှာ။ လာပြောတယ် ဟီးရိုးအင် ဟီးရိုးအင်။ ပြပွဲတွေလုပ်တယ် ပြည်ထောင်စုနေ့တွေဆို ပြပွဲတွေလုပ်တယ်။ သွားကြည့်တယ်။ အဖြူမှုန့်လေး အဖြူမှုန့်လေး။ ဘိန်းပင်တွေရော ဘာတွေရော။ အကုန်မြင်ရတယ်။ ဒါကြီးက လူကိုသေစေနိုင်တယ်။ သူတို့ ဟောပြောကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘဝကြီး ပျက်စီးသွားမှာကို ပြောတာ။ ဘုန်းဘုန်းကတော့ ဘဝ ကြီး ကောက်ကွေ့သွားတယ် လို့ မဖြောင့်တန်းတော့ ဘူးလို့ မြင်တယ်။

အဲဒီ ဘိန်းဖြူကိစ္စမျိုးတွေ ဘိန်းဖြူကိစ္စ။ ဆေးလိပ်တောင် မသောက်ကြည့်ဖူးဘူး။ ဆေးလိပ် မသောက်ကြည့်ကြပါနဲ့။ ဆေးလိပ် သောက်ကြည့်ရင်း သောက်ကြည့်ရင်းနဲ့ ဆေးလိပ်သောက်ရာကနေ နောက်ဆေးလိပ်ထဲကို အဲလို ဘိန်းဖြူမှုန့်ထည့်တယ်ဆိုလား။ အဲလို ဟောပြောပွဲ ပြောတဲ့သူတွေက ပြောသွားတယ်။ ပြောခဲ့ဖူးတယ်နဲ့ တူပါတယ်။ ပြောခဲ့ဖူးတယ်နဲ့ တူပါတယ်။ ရုပ်ရှင်မင်းသားတွေ ဆေးလိပ်သောက်ပြတော့ ဒီ ကိုးတန်း၊ ဆယ်တန်းမှာ။ ဟုတ်တယ် ဆယ်တန်းဖြေပြီးမှတော့ ဒီစိတ်မဖြစ်ဘူး။ ကိုးတန်း၊ ဆယ်တန်းတုန်းက တကယ် ဆေးလိပ်လည်း မသောက်ရဲဘူး။ ဒါပေမဲ့ ရှိုးကလည်း ထုတ်ချင်တော့ မှတ်မိသေး။ အိမ်မှာက ဝါးတို့၊ ဝါးကပ်တို့၊ ကြိမ်တို့ ရောင်းတာ ဝယ်တာကိုး။ အဲဒီတော့ ကြိမ်လေး ဘာလုပ်လဲ ကြိမ်လေး ဆေးလိပ်တိုလောက် စီးကရက်လောက်ဖြတ်ပြီး အမယ် မှတ်မိသေး။ လက်ညှိုးနဲ့ လက်ခလယ်ကြားညှပ်ပြီးတော့


ဓာတ်ပုံ-အောင်နိုင်

အမယ် ဆေးလိပ်လေး သောက်လိုက် ဖွာလိုက်။ ဆေးလိပ်လေး သောက်လိုက် ဖွာလိုက်။ လုပ်ကြည့်ခဲ့ဖူးတယ် လုပ်ကြည့်ခဲ့ဖူးတယ်။

ဘဝကို မဖြောင့်စေတာဟာ ကောက်ကွေးစေတာဟာ ဘဝကို မတန်းစေတာဟာ ကောက်ကွေးစေတာဟာ အဲဒီဆေးလိပ်ပဲ၊ အဲဒီကွမ်းပဲ။ အဲဒီ ဘိန်းဖြူပဲ အဲဒီ မူးယစ်ဆေးဝါးပဲ။ မူးတာက သတ်သတ် ယစ်တာက သတ်သတ်။ ဆေးဝါးလို့ ထည့်ထားတာကိုက ဆေးလိုလို ဆေးဝါးလိုလို ထင်ရတဲ့ဟာတွေဟာ ဘဝကို ပျက်စီးစေပါတယ်။ မူးယစ်ဆေးထဲ ဆေးဝါးလို့ ထင်ရတဲ့ဟာတွေဟာ ဘဝကို ပျက်စီးစေပါတယ်။ အေးဒါပေမဲ့ ခုခေတ် ခုအခါကျတော့လည်း ဘုန်းဘုန်းတို့ခေတ်တုန်းက စိတ်အေးချမ်းမှုရတယ် လွယ်တယ်။ ဘာဖြစ်လို့တုံး။ ဘုန်းဘုန်းဘဝအနေနဲ့ ပြောရင် သမီးရည်းစား မထားခဲ့ဘူး။ ဆယ်တန်း ဆယ်တန်း။ အောင်စာရင်းထွက်ပြီ။ သမီးရည်းစား မထားခဲ့ဖူးဘူး။ ထားချင်စိတ်လည်းမရှိ။ ဆေးလိပ်တွေ မသောက်ဖူးဘူး။ ပညာရေးရယ်၊ စီးပွားရေးရယ်။ ထည့်လိုက်ပေါ့ တရားရေးရော။ တရားအလုပ်လည်း အားထုတ်လာတော့။ ပညာရေး၊ စီးပွားရေး၊ တရားရေး။ တရားရေး၊ ပညာရေး၊ စီးပွားရေး။ ဒီအရေးတွေပဲ။ ဒါကလည်း ဒီကျမှ အခုကျမှ အခုအရွယ်ကျမှသာ စကားလုံးကို ပုံဖော်ပြီးတော့ ပြောနေတာ။ တကယ် ဟိုတုန်းက အဲလိုလည်း မသိပါဘူး။ တရားထိုင်ချင် ထိုင်လိုက်တယ်။ မနက်စောစော သွားတယ် တရားထိုင်ချင်တဲ့အချိန် ထိုင်တယ်။ ကျောင်းသွားချိန် သွားတယ်။ စာလုပ်ချိန် လုပ်တယ်။ စာသီးခြားလုပ်စရာ မလိုပေမယ့် စာလုပ်ချိန် လုပ်တယ်။ အိမ်အလုပ်တွေ ကူလုပ်တယ်။ စီးပွားရေးပေါ့။

ကိုယ်ပိုင်အလုပ် မရှိတဲ့သူဟာ သူများအလုပ်ကို နှောင့်ယှက်တတ်တယ်။ ကိုယ်ပိုင်အလုပ် မရှိတဲ့သူဟာ သူများအလုပ်ကို နှောင့်ယှက်ရင် နှောင့်ယှက် မနှောင့်ယှက်ရင် ကိုယ့်အလုပ်မရှိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်နှောင့်ယှက်နေတယ်လို့ ခေါ်တယ်။ ဘဝမှာ အဲဒီအသိလေး အဲဒီအတွေးလေး ရလာတော့ ငါ အလုပ်နဲ့ လက်နဲ့ မပြတ်အောင်နေမယ်။ တကယ်လည်း အလုပ်နဲ့လက်နဲ့ မပြတ်အောင် နေလာခဲ့တယ်။ စဉ်းစားပါ။ မူးယစ်ဆေးဝါး မသုံးစွဲဖြစ်ချင်ရင် အလုပ်ပဲလုပ်ပါ။ အားကစားအလုပ်လား စာဖတ်တဲ့အလုပ်လား။ စီးပွားရေး အလုပ်လား။ လူမှုရေး အလုပ်လား။ ဒီအလုပ်တစ်ခုခု လုပ်နေရင် စိတ်က ဟိုဘက်မရောက်ပါဘူး။ စိတ်ဆိုတာ တကယ်ပြောရင် တစ်ကြိမ်မှာ တစ်ခါပဲဖြစ်ပါတယ်။ ဒီစိတ်ကလေးဟာ ကောင်းတဲ့ဘက်ကို စိတ်ရောက်နေရင် မကောင်းတဲ့ဘက် ဘယ်လိုမှ စိတ်မရောက်ပါဘူး။ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အို တရားရေး ဘယ်အရေးဖြစ်ဖြစ် ကိုယ့်စိတ်ကလေးက တစ်ဖက်ကိုသာ အဲဒီ ရောက်ထားရင် စောစောက မူးယစ်ဆေးဝါးဆိုတာ ရောက်ကို မရောက်ဘူး။ ဘဝ ကောက်ကွေးသွားဖို့အကြောင်း မရှိတော့ဘူး။ အဲဒီလိုပဲ မိမိတို့ တရားရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိုယ့်အရေးတွေကို အလုပ်ပေးထားရင် အချိန်တန်ရင် တစ်ယောက်တော့ ရမှာပဲဆိုတဲ့ စိတ်ကလေးမျိုး ပေါ်လာနိုင်ပါတယ်။ အချိန်တန်ရင် တစ်ယောက်တော့ ရမှာပဲ။ သမီးရည်းစား သီးခြားထားစရာကို မလိုပါဘူးဆိုတဲ့ အတွေးမျိုးလေးတွေ ဝင်လာပါတယ်။

ဒါ ဘုန်းဘုန်းတို့ခေတ် ဘုန်းဘုန်းတို့အခါတုန်းက အခြေအနေနဲ့ ပြောပြတာပါ။ အချိန်တန်ရင် တစ်ယောက်တော့ ရမှာပဲ။ ဘယ်သူနဲ့ကို မသိတာ။ အေးလေ ရယ်ချင် ရယ်ကြမှာနော်၊ ခုခေတ် ခုအခါကျတော့။ အင်း ခုခေတ်ပြောကြတဲ့ စကားလုံးတွေ ကိုယ့်ဘဝဖြောင့်ကြောင်းပဲ ပြောပါမယ်။ သူတို့ ဘဝကောက်ကြောင်းတွေ ပြောရင် မလိုမုန်းထား အမုန်းပွားပြီးတော့ ငြင်းစရာ ခုံစရာတွေ ဖြစ်လာဦးမှာ။ ဘဝဖြောင့်ချင်တယ်ဆိုရင် စီးပွားရေး လုပ်ချင်သလား စီးပွားရေးကိုပဲ စိတ်ထည့်ပါ။ ပညာရေးကြိုးစားချင်သလား ပညာရေးကိုပဲ စိတ်ထည့်ပါ။ လူမှုရေး လုပ်ချင်သလား လူမှုရေးကိုပဲ စိတ်ထည့်ပါ။ တရားရေး ကြိုးစားချင်သလား တရားရေးကိုပဲ စိတ်ထည့်ပါ။ တရားရေး၊ စီးပွားရေး၊ ပညာရေး သုံးခုလုံး စိတ်ထည့်ထားရင် ဘယ်လိုမှ ဘဝကောက်စရာ မလိုတော့ပါဘူး။ ကွေးစရာလည်း မလိုတော့ပါဘူး။

ဘဝဖြောင့်တန်းဖို့ ဆိုတာ ကိုယ့်စိတ်ကိုယ် ကိုယ်တစ်ခုတည်းကိုပဲ နှစ်ခုတည်းကိုပဲ သုံးခုတည်းကိုပဲ။ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အကျိုးရှိတဲ့ အလုပ်တွေမှာ ရောက်နေဖို့ အရေးကြီးပါတယ်။ ဒီအရွယ်မှာ ဒီစိတ်ပေါ်တာဟာ အပြစ်မဟုတ်ပါဘူး။ ဒီစိတ်နောက်လိုက်ပြီး ဒီစိတ်အလိုကို လိုက်ပြီးတော့ အဲဒါကြီးကို အဟုတ်ထင်ပြီးတော့ သွားနေရင် အဲဒီပုဂ္ဂိုလ်အတွက် ဘဝဘယ်လိုမှ မဖြောင့်တန်းနိုင်ပါဘူး။ တကယ်တမ်းကျတော့ စီးပွားရေးကပဲ ဘဝဖြောင့်စေတာ၊ ပညာရေးကပဲ ဘဝဖြောင့်စေတာ၊ တရားရေးကပဲ ဘဝဖြောင့်စေတာ။ ဒီအရွယ်ရောက်လို့ ဒီစိတ်ပေါက်လာတာ အပြစ်မဟုတ်ပါဘူး။ ဒီစိတ်နောက် တကောက်ကောက်လိုက်ပြီးတော့ ဘဝကောက်ကွေးသွားရင်တော့ အပြစ်ဆိုရမလိုဖြစ်သွားပါတယ်။ သေချာစဉ်းစားပါ၊ သေချာတွေးပါ၊ သေချာ နှလုံးသွင်းကြည့်ပါ။ ဘုန်းဘုန်းတို့ငယ်တုန်းကတော့ ဒီလိုဆုံးမခဲ့တာမျိုးတွေ မရခဲ့ဘူးလို့ ပြောရမှာထက် ဒီလောက်ထိ မကြုံဘူး မတွေ့ဘူး မရခဲ့ဖူးဘူးပေါ့။ ဘဝဖြောင့်တန်းအောင် လုပ်ရတာ လွယ်တယ်။ ဘဝကောက်ကွေးစေတဲ့ အလုပ်မျိုးကို စိတ်မဝင်စားရင် မလုပ်တော့ရင် အဲဒါ ဘဝဖြောင့်တန်းတော့တာပဲ။

ပြောလိုပါတယ် ဘဝဖြောင့်ကြောင်း တစေ့တစောင်းမှာ ဘုန်းဘုန်းအတွက် ဘာလေးက ဘဝကို ဖြောင့်စေတာလဲဆိုရင် အလုပ်ရှိနေတဲ့ ပုဂ္ဂိုလ်အတွက် အလုပ်မရှိတာဟာ အလိုလို ပျောက်နေတယ်။ ဒါကိုပဲတွေး ဒါကိုပဲစဉ်းစား ဒါကိုပဲ စိတ်ဝင်စား ဒါကိုပဲတွေး ဒါကိုပဲစဉ်းစားရင် ဒါပဲဖြစ်မှာပေါ့ဆိုတဲ့ အဆုံးအမရတယ်။ ပညာကိုပဲ စိတ်ဝင်စား ပညာကိုပဲတွေး ပညာကိုပဲ စဉ်းစားရင် ပညာတတ်ကြီး ဖြစ်လာမှာပေါ့။ စီးပွားကိုပဲ စိတ်ဝင်စား စီးပွားကိုတွေး စီးပွားကိုစဉ်းစားရင် စီးပွားရေး ပညာရှင်၊ စီးပွားရေး အောင်မြင်တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်လာမှာပေါ့။ တရားကိုစိတ်ဝင်စား တရားကိုတွေး တရားကို စဉ်းစားရင် တရားသမားကြီး တရားရှိတဲ့ပုဂ္ဂိုလ်ကြီး ဖြစ်လာမှာပေါ့။ အဲဒါဟာ ဘုန်းဘုန်းဘဝအတွက်တော့ ဘဝဖြောင့်ကြောင်း နည်းလမ်းကောင်းတစ်ခုပါပဲ။ ဒီနည်းလမ်းကောင်းလေးကို လက်ကိုင်ထားသဖြင့် ဘဝဘဝ ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။ ■

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

# မကွေးရှိ သိမ်းဆည်းခံရသည့်မြေများမှ ၁၀ ရာခိုင်နှုန်းခန့်သာ ပိုင်ရှင်များပြန်ရ

**မကွေး၊ မေ ၉**

မကွေးတိုင်းဒေသကြီး အတွင်း သိမ်းဆည်းခံခဲ့ရသည့် မြေများမှ ၁၀ ရာခိုင်နှုန်းခန့်သာ မူလပိုင်ရှင်များ ပြန်လည်ရရှိကြောင်း ယင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာမြေ အသိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍ တပ်သိမ်းမြေ၊ ကုမ္ပဏီသိမ်းမြေ၊ ဌာနဆိုင်ရာသိမ်းမြေနှင့် ပုဂ္ဂလိကသိမ်းမြေများအပါအဝင် သိမ်းဆည်းခံလယ်ယာမြေဆင့်ပွား ပြဿနာပေါင်း ၄သိန်းခွဲကျော်ရှိရာတွင် အဆိုပါမြေများထဲမှ ၄ သောင်းခွဲကျော်ကိုသာ ပြန်လည်ပေးအပ် နိုင်ခဲ့ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

“အသိမ်းဆည်းခံရတဲ့ မြေတွေမှာ အမှန်တကယ်အသိမ်းဆည်းခံရပြီး ပြန်မရတာတွေကများတယ်။ စုစုပေါင်း ပြန်ရတာတွေက အသိမ်းဆည်းခံရတာတွေရဲ့ ၁၀ ရာခိုင်နှုန်းတောင်မရှိသေးဘူး။ အရင်ခေတ်နဲ့ အခုခေတ် ပေါင်းမှ အဲလောက်ပဲရသေးတာ”ဟု မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင် ဦးအောင်ကျော်ကျော်က ရှင်းပြပြောဆိုသည်။

အသိမ်းဆည်းခံရသည့် မြေများ ပြန်လည်ရရှိရန်အတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းလက်မှတ်ရေးထိုး၍ ပြည်ထောင်စုအဆင့်သို့ တင်သည့်မြေအမှုများသာ မြေပြန်လည်ရရှိလေ့ရှိကြောင်း ၎င်းက ဆိုသည်။

မကွေးတိုင်းဒေသကြီးအတွင်း အသိမ်းဆည်းခံမြေများ ပြန်လည်ရရှိရာတွင် ပခုက္ကူခရိုင်အတွင်း အသိမ်းဆည်းခံခဲ့ရသည့် မြေ ၂၆၆၅ ဧက ပြန်လည်ရရှိမှုမှာ အများဆုံးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီထံမှ သိရသည်။ ■လွင်အေး



ဓာတ်ပုံ - နေမင်းထက်

# အသားတိုးကြက်အရှင် ဈေးကျ

**ဟသ်ာတ၊ မေ ၉**

ရာသီဥတုပူပြင်းခြင်းကြောင့် အသားတိုးမွေးမြူရေးကြက်ခြံများတွင် ကြက်သေဆုံးမှုများရှိနေပြီး ဈေးကွက်လည်း ကျဆင်းနေကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

သင်္ကြန်ပြီးကာလ၌ အသားတိုးကြက်အရှင် ပိဿာတစ်ရာလျှင် သုံးသိန်းခုနစ်သောင်းကျပ်ဈေးအထက်ရောင်းချနေရပြီး ဧပြီလကုန်မှ မေလ ၂ ရက်နေ့အထိ အသားတိုးကြက်ပိဿာတစ်ရာလျှင် သုံးသိန်းလေးသောင်းကျပ်အထိ ဈေးကျဆင်းခဲ့ကြောင်း၊ ယင်းနောက် မေလ ၃ ရက်နေ့မှ မေလ ၈ ရက်နေ့အတွင်း အသားတိုးကြက်ပိဿာတစ်ရာလျှင် ကျပ်နှစ်သိန်းရှစ်သောင်းအထိ ဈေးထပ်မံကျဆင်းခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းအပြင် ရာသီဥတုပူပြင်းခြင်းကြောင့် နှစ်စဥ်ကြက် ၁၀ ကောင်မှ ကောင်ရေ ၂၀ အထိ သေဆုံးလေ့ရှိပြီး အအေးဓာတ်နည်းပါးလွန်းသည့် အချို့ကြက်ခြံများ၌ ကောင်ရေသုံးဆယ်မှ ကောင်ရေ ၅၀ အထိ ရံဖန်ရံခါ သေဆုံးတတ်လေ့ရှိကြောင်း၊ ဈေးနှုန်းကျဆင်းသည့်အပြင် ကြက်သေဆုံးမှုများရှိနေခြင်းကြောင့် တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များအထိနာနိုင်ကြောင်း၊ အချို့ကြက်ခြံများအနေနှင့် ရာသီဥတုကြောင့် လုပ်ငန်းရပ်ဆိုင်းထားမှုများရှိကြောင်း ဟသ်ာတမြို့၊ မွေးမြူရေးလုပ်ငန်းရှင် ဦးခင်စန်းက ပြောကြားသည်။

ကြက်အရှင် ပိဿာတစ်ရာလျှင် ကျပ်သုံးသိန်းဝန်းကျင်ဈေးဖြင့်ရောင်းချရပါက အရင်းတိုက်အဆင့်သာဖြစ်ပြီး အကျိုးအမြတ် မရှိကြောင်း၊ ပိဿာတစ်ရာလျှင် ကျပ်သုံးသိန်းခွဲဈေးအနည်းဆုံးရရှိမှသာ သင့်တင့်သည့် အကျိုးအမြတ်ခံစားရမည်ဖြစ်ကြောင်း၊ ၄၅ ရက်တစ်ကြိမ်ထုတ်လုပ်ရောင်းချရသည့်အသားတိုးကြက်အရှင်များကို ကြက်ခြံအများစု ပြိုင်တူရောင်းချရက်ဆုံသွားပါက အဝယ်ဈေးကျဆင်းလေ့ရှိပြီး စားသုံးသူဈေးကွက်အတွင်း ဈေးကျဆင်းမှု မရှိကြောင်း ၎င်းက ရှင်းပြသည်။ ■ R-13

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ဘားအံမြို့တွင် လက်နက်ခဲယမ်းများဖမ်းမိ

**ဘားအံ၊ မေ ၉**

ကရင်ပြည်နယ် ဘားအံမြို့ကားကြီးဝင်းအတွင်း တရားမဝင်သယ်ဆောင်လာသည့်လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများကို မေလ ၇ ရက်နေ့ ညန ၃ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း ဘားအံမြို့မရဲစခန်းထံမှ သိရသည်။

မူးယစ်ဆေးဝါးသတင်းအရ သွားရောက်စစ်ဆေးရာမှ တော်ဝင်မန္တလာကားဂိတ်တွင် မသင်္ကာဖွယ်တွေ့ရှိသော မင်းလှမြို့ (၅)ရပ်ကွက်နေ မျိုးမင်းကို(ခ)ကိုမျိုး(၃၀ နှစ်)၏ ခရီးဆောင်အိတ်အတွင်းမှ အစားအစာများနှင့် ထုပ်ပိုးထားသောလက်နက်ခဲယမ်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

ယင်းလက်နက်ခဲယမ်းများတွင် အရှည်၁ပေ ၈ လက်မခန့်ရှိရီမင်တန်ပြောင်းချောသေနတ်တစ်လက်၊ အရှည် ၇ လက်မခန့်ရှိ ၉ လုံးကျည်သေနတ်တို နှစ်လက်၊ အရှည် ၆ လက်မခန့်ရှိ ဘောစေ့ကျည်ဖြင့်ပစ်ခတ်ရသည့် ဂက်စ်ငွေ့ထည့် ပစ္စတိုတစ်လက်၊ အရှည် ၃ လက်မခွဲခန့်ရှိ သော့ချိတ်ပုံတစ်တောင့်ထိုး သုံးပွိုင့် ၃၂ ကျည်ဖြင့်ပစ်ခတ်ရသည့်သေနတ်အသေးတစ်လက်၊ အရှည် ၂ ပေခန့်ရှိ ဒူးလေးသေနတ် တစ်လက်၊ ၉ လုံးကျည် ၅၀ တောင့်၊ စတီးဘောစေ့ ၁၂ လုံး၊ ဂက်စ်ဘူး ၂၃ ဘူး၊ အရှည် ၅ လက်မခွဲခန့်ရှိ မြားရှည် ၂၄ ချောင်း၊ အရှည် ၃ လက်မ ခွဲခန့် ရှိမြားတို ၁၁ ချောင်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ယင်းဖမ်းဆီးရမှုနှင့်ပတ်သက်ပြီး တရားမဝင်လက်နက်ခဲယမ်းများ သယ်ဆောင်လာသူ မျိုးမင်းကို(ခ)ကိုမျိုးကို ရဲအုပ်သက်စိုးဦးမှ တရားလိုပြုလုပ်၍ ဘားအံမြို့မရဲစခန်းက (ပ)၉၄၀/၂၀၁၈၊ လက်နက်များအက်ဥပဒေပုဒ်မ ၂၀ ဖြင့်အရေးယူထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ R-17

# ပုလဲတွင် တောင်သူများကို ငွေချေးပေးမည်ဟုဆိုကာ ငွေလိမ်လည်မှုဖြစ်

**ကလေး၊ မေ ၉**

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်အတွင်းရှိ တောင်သူများကို ကုမ္ပဏီက ငွေချေးပေးမည်ဟုဆိုကာ ငွေကြေးလိမ်လည်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း ပုလဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က ပြောကြားသည်။

ပြီးခဲ့သည့်မေလ ၃ ရက်နေ့က ပုလဲမြို့နယ် ရွာသာကျေးရွာအုပ်စု ရွာသာကျေးရွာနှင့် လိန်ကုန်းကျေးရွာတို့တွင် ကုမ္ပဏီကိုယ်စားလှယ်ဆိုသူ အမျိုးသမီးသည် တောင်သူများနှင့် တွေ့ဆုံကာ တစ်ဧကလျှင် ကျပ် ၁၀ သိန်း ချေးမည်ဖြစ်ကြောင်း၊ ချေးငှားလိုသူများက မှတ်ပုံတင်၊ ပုံစံ (၁၀) နှင့် မြေယာပုံစံ (၇) မိတ္တူများ ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ၎င်းကိုလည်း တစ်ဦးလျှင် ကျပ် ၁၅၀၀ ပေးရမည်ဟု ကောက်ခံနေသဖြင့် မေလ ၄ ရက်နေ့က ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ခေါ်ယူမေးမြန်းရာမှ လိမ်လည်ငွေကြေးတောင်းသူတစ်ဦးဖြစ်ကြောင်း သိရှိခဲ့ရကြောင်း ပုလဲမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

“သူပြတဲ့အချက်အလက်တွေအရ နိုင်ငံတော်အသိအမှတ်ပြုထားတဲ့ သက်သေအထောက်အထားတစ်ခုမှ မပါဘူး။ သူတို့ရေးချင်တာ ရေးထားတဲ့ ကုမ္ပဏီနာမည်ပဲပါတယ်။ ပထမတော့ သူ့ကိုတရားစွဲဖို့ပဲ ။ ဒါပေမဲ့သူတို့ကောက်နေတဲ့ငွေက ကုမ္ပဏီကလူလက်ထဲမရောက်ခင် စစ်လိုက်တာဆိုတော့ သက်သေက မရဘူး။ ဒါနဲ့ နောက်နောင် ဒီလိုမလုပ်တော့ပါဘူးဆိုတဲ့ ခံဝန်ကတိ ရဲစခန်းမှာ ထိုးခိုင်းပြီး ပြန်လွှတ်လိုက်တယ်”ဟု ပုလဲမြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်က ပြောဆိုသည်။

တောင်သူများထံမှ ပုံစံ(၇) ရယူပြီး စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး ခွင့်ပြုထားသည်မှာ အစိုးရ၏ စိုက်ပျိုးရေးဘဏ်သာရှိပြီး အခြားမည်သည့် ကုမ္ပဏီကိုမှ ခွင့်ပြုထားခြင်းမရှိကြောင်း၊ တောင်သူများအလိမ်မခံရစေရန် ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျေးရွာများသို့ ကွင်းဆင်းရာတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေနှင့် မိမိကျေးရွာ ရပ်ကွက်အတွင်း ယင်းကဲ့သို့ ဖြစ်စဉ်ပေါ်ပေါက်ပါက သက်ဆိုင်ရာဌာနများထံ ချက်ချင်းအကြောင်းကြားပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ■R-20



Photo - yan kaung

# မြစ်ကြီးနား ကချင်လူငယ်သပိတ် ဦးဆောင်သူနှစ်ဦးကို တရားစွဲ

**မြစ်ကြီးနား၊ မေ ၉**

ကချင်တိုက်ပွဲကြားပိတ်မိနေသူများလွတ်မြောက်ရေး တောင်းဆိုသည့် ကချင်လူငယ်ထုသပိတ် ဦးဆောင်သူနှစ်ဦးကို မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးက ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ (ငြိမ်း၊ စု၊ စီ)ဖြင့် မြို့နယ်တရားရုံး၌ မေလ ၉ ရက်နေ့က တရားစွဲဆိုထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက ပြောကြားသည်။

"မေလ ၃ ရက်နေ့က ငြိမ်း၊ စု၊ စီ မတင်ဘဲနဲ့ လူအင်အားဦးဆောင်ပြီးမှ လမ်းပေါ်ထွက် လုပ်တဲ့အတွက်ကြောင့် နှစ်ဦးကို ဒီနေ့တရားစွဲတယ်" ဟု ၎င်းက ဆိုသည်။

ဆန္ဒပြပွဲကို ဦးဆောင်သူနှစ်ဦးဖြစ်သည့် ဦးလွမ်းဇောင်းနှင့် ဒေါ်ဆွတ်ဆိုင်းထွယ်ကို မြစ်ကြီးနားမြို့မရဲစခန်းက (ပ) ၉၆/ ၂၀၁၈၊ ငြိမ်း၊ စု၊ စီပုဒ်မ (၁၉)ဖြင့် မြို့မရဲစခန်း၏ စွဲချက်တင်အမှတ် ၁၃၉/ ၂၀၁၈ဖြင့် တရားစွဲတင်ပြီး မြစ်ကြီးနားမြို့နယ် တရားရုံး၏ ၁၁၀၆/ ၂၀၁၈ဖြင့် မေလ ၉ ရက်နေ့၌ စစ်ဆေးကြားနာနေကြောင်း ရဲမှူးက ဆက်လက်ပြောကြားသည်။

"ငြိမ်း၊ စု၊ စီပုဒ်မ(၁၉)နဲ့စွဲထားတယ်။ အခုတရားရုံးမှာ ရုံးချိန်းသွားနေတယ်။ ခွင့်မတင်ဘဲ စီတန်းလှည့်လည်လို့စွဲတာ" ဟု ယင်းတရားစွဲခံရသူ နှစ်ဦး၏ ပြောရေးဆိုခွင့်ရှိသူ ကိုအောင်မိုင်က ပြောဆိုသည်။

ကချင်ပြည်နယ်အတွင်း တိုက်ပွဲကြားပိတ်မိနေသူများ အမြန်ဆုံးလွတ်မြောက်ရေး ကချင်လူငယ်တစ်ထောင်ကျော်က မေလ ၃ ရက်နေ့က မနောကွင်းမှ ချီတက်ခဲ့ပြီး မြစ်ကြီးနားမြို့ ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးရှေ့ ဆွမ်ပရာဘွမ်လမ်းမကြီးဘေးတွင် ဆန္ဒပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒပြပွဲကို ဦးဆောင်သူနှစ်ဦးဖြစ်သူ ဦးလွမ်းဇောင်းနှင့် ဒေါ်ဆွတ်ဆိုင်းထွယ်ကို ယခုကဲ့သို့ မြို့နယ်ရဲတပ်ဖွဲ့မှူးက တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း တိုက်ပွဲကြားပိတ်မိနေသော ပြည်သူများလွတ်မြောက်ရေးနှင့် ပတ်သက်ပြီး တခြားမြို့ကြီးများတွင် တောင်းဆိုခဲ့ကြသူများကိုလည်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့က ငြိမ်း၊ စု၊ စီ ဥပဒေနှင့် တရားစွဲဆိုမှုများရှိနေသည်။

■ R-06

# နမ္မတူတွင် ဗုံးသီးဟောင်းပေါက်၍ ကလေးငယ်တစ်ဦး သေဆုံး

**လားရှိုး၊ မေ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာတွင် မေလ ၇ ရက်နေ့က ဗုံးသီးဟောင်းကိုဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ကာ ကလေးငယ်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။

ယင်းနေ့ညနေ ၅ နာရီခန့်က ရထားလမ်းဘေးတွင်တွေ့ရသည့် ဗုံးသီးဟောင်းတစ်ခုကို ယူ၍ဆော့ကစားရာမှ ပေါက်ကွဲပြီး ကလေးငယ်တစ်ဦး သေဆုံးကာ နှစ်ဦးမှာဒဏ်ရာရရှိသဖြင့် လားရှိုးရှိဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း အဆိုပါရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးခဲ့သည့်ကလေးနှင့် ဒဏ်ရာရကလေးနှစ်ဦးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကိုမေလ ၈ ရက်နေ့က ပေးအပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နမ္မတူမြို့နယ်အတွင်း မကြာခဏ ဗုံးသီးဟောင်းများ တွေ့ရလေ့ရှိပြီး ဗုံးသီးပေါက်ကွဲခြင်းကြောင့် ကလေးသူငယ်များ ဒဏ်ရာရသေဆုံးမှုများ ရှိနေသည့်အတွက် နမ္မတူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကလေးငယ်များကို မိုင်းအသိပညာပေးခြင်း ပိုမိုပြုလုပ်သင့်ကြောင်း ဒေသခံများက သုံးသပ်ပြောဆိုသည်။

■ R-07

# ရွှေကျင်တွင် သစ်ခွဲသား ၉ တန်နီးပါး ဖမ်းမိ

**တောင်ငူ၊ မေ ၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝါးတောကြီးကျေးရွာ ရေအားလျှပ်စစ်လမ်းပေါ်တွင် မေလ ၉ ရက်နေ့ နံနက်ပိုင်းက ၁၀ ဘီးကုန်တင်ယာဉ်တစ်စီးနှင့် သယ်ဆောင်လာသည့် တရားမဝင်သစ်ခွဲသား ၉ တန်နီးပါး ဖမ်းဆီးရမိကြောင်း ရွှေကျင်နယ်မြေရဲစခန်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေကျင်မြို့နယ် ဝါးတောကြီးကျေးရွာ ရေအားလျှပ်စစ်လမ်းပေါ်တွင် မသင်္ကာဖွယ် ၁၀ ဘီးကုန်တင်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာမှ သစ် ၃ ပေ ၂လက်မ စကွဲယား ၆၉ လုံး၊ ၄ ပေ ၁ ဒသမ ၅ လက်မ ၈၄ လုံးတို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ်သစ်တောဦးစီးဌာနရုံးထံမှ သိရသည်။

အဆိုပါ ဒေသတွင် လက်နက်ကိုင်တပ်ဖွဲ့များအခြေစိုက်ပြီး ညသန်းခေါင်ချိန်များတွင် တရားမဝင်သစ်လုံးများနှင့် ခွဲသားများသယ်ဆောင်၍ ရန်ကုန်သို့ တရားမဝင်ပို့ဆောင်ကြပြီး မေလ ၉ ရက်နေ့ နံနက် ၃ နာရီခန့်ကလည်း သစ်ခွဲသားတန်ဝက်ခန့်တင်ဆောင်လာသည့် ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သေးကြောင်း ဒေသခံများထံမှ သိရသည်။

■

R-15



ဓာတ်ပုံ - ရွှေကျင်ချစ်သူလူငယ်အဖွဲ့

# သစ်ပင်ခုတ်လှဲသူ သစ်ကိုင်းရိုက်မိ၍ သေဆုံး

**ဟသ္သာတ၊ မေ ၉**

မြန်အောင်မြို့နယ်၊ ပိန်းအင်းအုပ်စု၊ စမ်းသရက်ကုန်းကျေးရွာတွင် မေလ ၈ ရက်နေ့ မွန်းလွဲပိုင်းက လက်ကိုင်လွှစက်ဖြင့် သစ်ပင်ခုတ်လှဲသည့် အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦး သစ်ကိုင်းရိုက်မိခြင်းကြောင့် သေဆုံးခဲ့ကြောင်း မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

၎င်းသည် စမ်းသရက်ကုန်းကျေးရွာရှိဦးခင်မောင်ဦး၏ နေအိမ်အနောက်ဘက် ပေ ၂၀ခန့်အကွာရှိ သစ်ပင်ကို ကျပ်လေးသောင်းဖြင့် ခုတ်လှဲခရယူကာ လက်ကိုင်ချိန်းဆွဲလွှစက်ဖြင့် ဖြတ်တောက်လှဲချစဉ် ပင်စည်၏ သစ်ကိုင်းရိုက်မိကာနေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရုံးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အင်ပင်နယ်မြေရဲတပ်ဖွဲ့စခန်းက (ပ)အမှတ် ၇၁ / ၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ထားသည်။

■

R-13

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)




ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာနေပြည်သူများနှင့်တွေ့ဆုံနေစဉ်

# ကရင်ပြည်နယ်တွင် ဆရာမလုံလောက်၍ အထက်တန်းကျောင်းအဆင့်သို့ မမြှင့်နိုင်ဟု ဝန်ကြီးချုပ်ဆို

**ဘားအံ၊ မေ ၉**

ကရင်ပြည်နယ်အတွင်း လက်ရှိ သင်ကြားပေးနေသော အထက်တန်းကျောင်းခွဲများကို အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ပေးရန်အတွက် လေ့ကျင့်ပေးထားသည့် အထက်တန်းကျောင်း ဆရာ၊ ဆရာမများ မလုံလောက်သည့်အတွက် အဆင့်မမြှင့်တင်နိုင်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောကြားသည်။

"အ.ထ.ကခွဲကနေ အ.ထ.ကအဆင့်အထိ တိုးမြှင့်ပေးဖို့ အဆောက်အအုံလိုအပ်ချက်ကို လိုက်လုပ်ဖို့ကတော့ သိပ်မခက်ပါဘူး။ ကျွန်မတို့လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ အခက်အခဲက အဲလိုတိုးမြှင့်ပေးလိုက်ရင် သတ်မှတ်ထားတဲ့ ဝန်ထမ်းဖွဲ့စည်းပုံဆိုတာရှိတယ်။ အဲဒါကိုပြည့်မီအောင် အထက်တန်းအဆင့်ကို သင်ဖို့ လေ့ကျင့်ပေးထားတဲ့ ကျောင်းဆရာ၊ ဆရာမအားနည်းနေတယ်"ဟု ၎င်းက ပြောဆိုသည်။

ထိုသို့ ဝန်ထမ်းခန့်ရန် အခက်အခဲရှိသော်လည်း အထက်တန်းကျောင်းခွဲအဖြစ်ဖွင့်ထားသည်မှာ ကြာမြင့်ပြီ ဖြစ်သည့်ကျောင်းများကို အထက်တန်းအဆင့် တိုးမြှင့်ပေးသွားရန် စီစဉ်နေကြောင်း ၎င်းက ဆိုသည်။

"ဂျိုင်းအုပ်စုကတော့ အထက်တန်းကျောင်းခွဲဖြစ်တာကြာပြီ။ စာဖတ်ဝိုင်းလုပ်တာမျိုးကို တက်တက်ကြွကြွ လုပ်တာမျိုးလည်းတွေ့ရတယ်။ ပညာရေးကိုအားပေးတယ်ဆိုတဲ့လက္ခဏာပါ။ ပြီးတော့ သူတို့ရွာတွေက ကလေးတွေက အထက်တန်းရောက်ရင် သာမညက ဝဲကရင်ကျောင်းကိုဖြစ်ဖြစ်၊ ကျုံဒိုးအထက်တန်းကျောင်းကို ဖြစ်ဖြစ် သွားတက်ကြရတယ်၊ အထက်တန်းကျောင်းဖြစ်ဖို့ ဦးစားပေးစဉ်းစားထားပါတယ်"ဟု ကရင်ပြည်နယ် အခြေခံပညာဦးစီးမှူး ဦးစိုးမြင့်က ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း အထက်တန်းကျောင်း ၇၅ ကျောင်းရှိပြီး အထက်တန်းကျောင်းခွဲ ၇၀ ရှိကာ ကျောင်းခွဲအများဆုံးအဖြစ် ဘားအံမြို့အထက်တန်းကျောင်းခွဲ ၂၄ ကျောင်းရှိကြောင်း ကရင်ပြည်နယ် အခြေခံပညာဦးစီးဌာနထံမှ သိရသည်။ ■R-17

# ပြည်မြို့လယ် ဓားကိုင်ရမ်းကားသူကို သေနတ်ဖြင့်ပစ်ဖမ်း

**ပြည်၊ မေ ၉**

ပြည်မြို့လယ် ပြည်မြို့မရဲစခန်းအနီး ညအချိန်၌ ဓားကိုင်ရမ်းကားနေသည့် ရာဇဝင်လူဆိုးတစ်ဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း ပြည်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်းအောင်က ပြောကြားသည်၊

မေလ ၈ ရက်နေ့ ည ၉ နာရီခန့်က ပြည်မြို့လယ် နာရီစင်အနီး ထမင်းဆိုင်တစ်ဆိုင်တွင် အသက် ၂၈ အရွယ် ကျွဲပေါက်ဆိုသူသည် ငှက်ကြီးတောင် အမျိုးအစားဓားရှည်ကိုင်ကာ ရမ်းကားနေသဖြင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ပြန်လည်ခုခံခြင်းကြောင့် ရော်ဘာကျည်ဆန်သုံးပြောင်းချောသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဓားချပ်၊ ဓားချပ်ဆိုတော့ ဆိုင်ထဲဝင်ပြေးတယ်။ ပြီးပြန်ထွက်လာပြီးတော့ အခုသေနတ်နဲ့ ပစ်ဖမ်းတဲ့ ကလေးကို ဓားနဲ့ခုတ်ဖို့လုပ်တယ်။ အဲဒီမှာ အနီးကပ်ပစ်ဖမ်းလိုက်ရတယ်" ဟု ပြည်မြို့နယ်၊ ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်းအောင်က ပြောဆိုသည်။

အဆိုပါကျွဲပေါက်မှာ အခင်းဖြစ်ပွားခဲ့ရာ မစန်းလေးထမင်းသုပ်ဆိုင်တွင် မကြာခဏဆိုသလို လာရောက်စားသောက်ကာ ပိုက်ဆံမပေးခြင်း၊ မိုက်ကြေးခွဲခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း၊ အခင်းမဖြစ်ပွားခင် အချိန်ကလည်း ထမင်းသုပ်စားကာ ငွေမပါ၍ ပိုက်ဆံရှာမည်ဟုဆိုကာ ဓားကိုင်၍ သောင်းကျန်းနေခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ဒေသခံများထံမှ သိရသည်။

ကျွဲပေါက်သည် လွန်ခဲ့သော ၂၀၁၅ ခုနှစ်အတွင်းကလည်း ယခုအခင်းဖြစ်ပွားသည့် နာရီစင်အနီး၌ ဓားရှည်ကိုင်စိန်ခေါ်ကာ လူတစ်ဦးကို အကြောင်းမဲ့ခုတ်၍ ပြင်းထန်ဒဏ်ရာရရှိမှုဖြင့် ထောင် ၂ နှစ်၊ ခရိုင်တရားရုံးအချုပ်တွင် ရဲတပ်ဖွဲ့ဝင်များကို စိန်ခေါ်ကာ အချုပ်ခန်းကာရံထားသော သစ်သားချောင်းများကို ချိုးဖဲ့ဖျက်ဆီးမှုဖြင့် ထောင်တစ်နှစ်ကျခံပြီး လွန်ခဲ့သော တစ်လခန့်က ထောင်မှလွတ်လာသော ရာဇဝင်လူဆိုးတစ်ဦးဖြစ်ကြောင်း၊ ၎င်းကို (ပ) ၄၀၂/၂၀၁၈ လက်နက်ဥပဒေပုဒ်မ ၁၉(င) နှင့် အရေးယူထားကြောင်း ပြည်ခရိုင်၊ မှုခင်းမှတ်တမ်းများအရ သိရသည်။ ■

M-06

# NEWS IN BRIEF

## ကညွတ်ကွင်းတွင် ဆိုင်ကယ် ၂ စီး မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင် ၁၃၅ အနီးတွင် မေလ ၈ ရက်နေ့က ဆိုင်ကယ် ၂ စီး မျက်နှာချင်းဆိုင် တိုက်မိရာမှ တစ်ဦးသေဆုံးကာ ၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ကညွတ်ကွင်းနယ်မြေရဲစခန်းထံမှ သိရသည်။

သေဆုံးခဲ့သူ ဦးဂျူဘင်ဒါ(၄၅ နှစ်)မောင်းနှင်သည့်ဆိုင်ကယ်သည် ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ရန်ကုန်ဘက်မှ တောင်ငူဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင် ၁၃၅ အနီးသို့အရောက် ရှေ့ကားကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမှ မောင်းလာသည့် ဆိုင်ကယ်ကို မျက်နှာချင်းဆိုင် တိုက်မိခဲ့သည့်အတွက် ဦးဂျူဘင်ဒါကို ကညွတ်ကွင်းနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄-က၊ ၃၃၈၊ ၃၃၇ တို့ဖြင့် အမှုဖွင့်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■R-15

## တောင်ငူ၌ ခေါက်ဆွဲဖတ်လုပ်ငန်းလုပ်သည့်အိမ်မီးလောင်

ပဲခူးတိုင်း တောင်ငူမြို့နယ် အမှတ် ၁၉ ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းအနီးရှိ ပြိုင်ကင်း ခေါက်ဆွဲဖတ်လုပ်ငန်း နေအိမ်တွင် မေလ ၉ ရက်နေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တောင်ငူမြို့မရဲစခန်းထံမှ သိရသည်။

ဦးဉာဏ်စိုးဝင်း(၅၁ နှစ်)ပိုင် နေအိမ်အပေါ်ထပ်တွင် လျှပ်စစ်ဝါယာရှော့ခ်ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခင်းဖြစ်ပြီးမိနစ်ပိုင်းအတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ အဆိုပါအမှုနှင့်ပတ်သက်ပြီး နေအိမ်ပိုင်ရှင် ဦးဉာဏ်စိုးဝင်းကို တောင်ငူမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်လုစ်စစ်ဆေးနေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■R-15

## ခြောက်ဘီးယာဉ် ချောက်ထဲကျ၍ ခုနစ်ဦး ဒဏ်ရာရ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်ကာဘုရားပွဲမှ ပြန်လာသူ ၅၀ ဦးကျော် လိုက်ပါစီးနင်းလာသည့် ခြောက်ဘီးယာဉ်သည် မေလ ၇ ရက်နေ့ ညနေက ထန်းဇလုပ်ချောင်းအပြန်လမ်းတွင် ချောက်ထဲထိုးကျခဲ့သဖြင့် လူ ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မုံရွာနယ်မြေရဲစခန်းထံမှ သိရသည်။

"ဒရိုင်ဘာက ဆင်းပြီး မိတ်ဆွေနှုတ်ဆက်နေတုန်း ကားပေါ်ပါလာတဲ့ မောင်နိုင်က ကားသော့ဖွင့်လိုက်တယ်။ ဂီယာထိုးထားတော့ ခြောက်ပေလောက် လိမ့်သွားပြီး ချောက်ထဲကျတယ်။ လမ်းဘေးရပ်ထားတဲ့ ဆိုင်ကယ်ကိုလည်း ကြိတ်မိသေးတယ်။ ပါလာသူတွေက ကြောက်လန့်ပြီးခုန်ဆင်းကြတော့ ခုနစ်ယောက်ဒဏ်ရာရပြီး သုံးယောက်ဆေးရုံတက်ရတယ်"ဟု မုံရွာယာဉ်ထိန်းရုံးမှ ယာဉ်မှူးစစ်ရဲအုပ်ကြည်စိုးက ပြောဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မောင်နိုင် ၃၂ နှစ်ကို ရာဇသတ်ကြီးပုဒ်မ ၃၃၇/ ၃၃၈ဖြင့် မုံရွာနယ်မြေရဲစခန်းတွင် ယာဉ်(ပ) ၂၀/၂၀၁၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ယင်းစခန်းထံမှ သိရသည်။ ■R-08

## ဂန့်ဂေါတွင် ခရီးသည်တင်ကားနှင့် ကုန်ကားတိုက်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွင်း မေလ ၈ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က တင့်တိုင်းအောင် ခရီးသည်တင်ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်တစ်စီး တိုက်မိခဲ့ကြောင်း ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များက ပြောကြားသည်။

ကားနှစ်စီးသည် ဂန့်ဂေါမြို့နယ်၊ ရေမျက်နီကျေးရွာမရောက်မီ ၉၅ မိုင်နေရာတွင် မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ တွဲကားမှ ယာဉ်နောက်လိုက်၏ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ခရီးသည်တင်ယာဉ်ပေါ်ပါ ဦးဝင်းမောင်က ပြောဆိုသည်။ ■R-20

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၇၇၇

# အမေရိကန် မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်ထံသို့ ပြောင်းရွှေ့ရန် ရူနီ စီစဉ်

**လီဗာပူး၊ မေ ၉**

အဲဗာတန်တိုက်စစ်မှူး ဝိန်းရူနီသည် လာမည့်နွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အဲဗာတန်ကို စွန့်ခွာ၍ အမေရိကန်မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်ထံသို့ ပြောင်းရွှေ့ရန် နီးစပ်နေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ရူနီ၏အေးဂျင့်ဖြစ်သူ ပေါလ်စထရက်ဖို့ဒ်သည် လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေပြီး ယခုခရီးစဉ်အတွင်း ရူနီ၏အနာဂတ်အတွက် အရေးပါသည့်ကိစ္စရပ်များကို ဆွေးနွေးရန် ရှိနေကြောင်းလည်း ပေါလ်စထရက်ဖို့ဒ်က ဖွင့်ဟဝန်ခံထားပြီးဖြစ်သည်။

အမေရိကန်မေဂျာလိဂ် ဘောလုံးပြိုင်ပွဲ၏အပြောင်းအရွှေ့ဈေးကွက်သည် လာမည့်ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ဒီစီယူနိုက်တက်မှာ မန်ယူမှနေ၍ ရူနီထွက်ခွာရန် စီစဉ်သည့်အချိန်ကတည်းကပင် ၎င်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဒီစီယူနိုက်တက်သည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ သက်တမ်းရှိသော စာချုပ်တစ်ရပ်ဖြင့် ရူနီကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ၎င်းတို့ထံတွင် ကစားသမားဘဝဖြတ်သန်းနေစဉ်ကာလအတွင်း ရူနီကို တစ်နှစ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၁၂ သန်း ပေးချေသွားရန် စီစဉ်ထားကြောင်း ဒီစီယူနိုက်တက်တာဝန်ရှိသူတစ်ဦးကလည်း ရှင်းပြသွားခဲ့သည်။

ရူနီသည် မန်ယူမှနေ၍ အဲဗာတန်ထံသို့ ပြန်လည်ပြောင်းရွှေ့ခဲ့အပြီးတွင် အစောပိုင်း၌ အသင်းအတွက် အရေးပါသော သွင်းဂိုးများကို ရယူပေးကာ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဘောလုံးရာသီနှောင်းပိုင်းကာလတွင် မယုံကြည်နိုင်လောက်ဖွယ်ရာ ခြေစွမ်းကျဆင်းသွားခဲ့သည့်အတွက် သင့်တင့်မျှတသော ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိမည်ဆိုပါက ၎င်းကို ရောင်းထုတ်လိုက်ရန် အဲဗာတန်ဒါရိုက်တာ ဘုတ်အဖွဲ့က ဆုံးဖြတ်ထားပြီလည်းဖြစ်သည်။

ရူနီ၏ညီတစ်ဦးဖြစ်သူ ဂျွန်ရူနီသည်လည်း လက်ရှိတွင် အမေရိကန် မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးလ်ထံတွင် ကစားသမားဘဝဖြတ်သန်းနေပြီး ရူနီကိုယ်တိုင်ကလည်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် ပရီးမီးယားလိဂ်ကို စွန့်ခွာလိုနေပြီဖြစ်သည်။ ■ E-11


AP

# မြန်မာအသင်း အာဆီယံယူ - ၁၆အမျိုး သမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် လာအိုနှင့်တွေ့ဆုံ

**ရန်ကုန်၊ မေ ၉**

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပနေသည့် ၂၀၁၈ခုနှစ်အာဆီယံယူ-၁၆အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့သည့်မြန်မာအသင်းသည် လာအိုအသင်းနှင့်တွေ့ဆုံနေပြီဖြစ်သည်။

ယင်းပြိုင်ပွဲ၏အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် မေလ ၉ ရက်က ယှဉ်ပြိုင်ခဲ့ရာ ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် အုပ်စုပထမနေရာဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အကြိုဗိုလ်လုပွဲစဉ်အဖြစ် လာအိုအသင်းနှင့် မေလ ၁၁ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘန်းမြို့ရှိ ဂျကာဘာရင်းကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အခြားပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ရာတွင် ဗီယက်နမ်အသင်းကို ဂိုးမရှိသရေကျခဲ့သော်လည်း မလေးရှားကို နှစ်ဂိုးပြတ်၊ စင်ကာပူအသင်းကို ခုနစ်ဂိုး တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပြိုင်ပွဲသည်လူငယ်အမျိုးသမီးပွဲစဉ်များဖြစ်သည့်အတွက် ပွဲကစားချိန်ကို တစ်ပိုင်းလျှင် မိနစ် ၄၀ စီသာ ယှဉ်ပြိုင်ရပြီး အကြိုဗိုလ်လုပွဲစဉ်များ၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ကစားချိန်အတွင်း သရေရလဒ် ထွက်ပေါ်နေပါက ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ဗိုလ်လုပွဲကို မေလ ၁၃ ရက်တွင် ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ထားသည်။ ■ J-04



# တပည့်ဖြစ်သူ စီရော်နယ်ဒိုကို အားပေးရန် ချန်ပီယံလိဂ်ဗိုလ်လုပွဲ သွားကြည့်လိုသည်ဟု ဖာဂူဆန် ပြောကြား

**မက်ဒရစ်၊ မေ ၉**

ဦးနှောက်တွင်း သွေးယိုစီးမှုဝေဒနာကို အရေးပေါ် ခွဲစိတ်ကုသမှုခံယူခဲ့ရသည့် မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်သည် ဝေဒနာသက်သာကာ စကားပြောဆိုနိုင်သည်နှင့် ဘောလုံးလောကနှင့်သက်ဆိုင်သည့် အကြောင်းအချင်းအရာများကိုသာ မရပ်မနား ပြောကြားနေကြောင်း မိသားစုဝင်များက အသိပေးသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။

ဖာဂူဆန်သည် ဝေဒနာသက်သာ၍ ထထိုင်ကာ စကားပြောသည်နှင့် လိဂ်-၁ ကလပ် ဒွန်ကက်စတာအသင်းကို နည်းပြအဖြစ် တာဝန်ယူဦးဆောင်နေသည့် သားဖြစ်သူ ဒါရင်းဖာဂူဆန်ကို “ဒွန်ကက်စတာရဲ့ ရာသီသိမ်းပွဲ ဘယ်လိုဖြစ်သွားလဲကွ”ဟု ဦးစွာမေးမြန်းခဲ့ပြီး လက်ရှိကျန်းမာရေးအခြေအနေအရ အက်ဖ်အေဖလားဗိုလ်လုပွဲကို တက်ရောက်ကြည့်ရှုနိုင်တော့မည်မဟုတ်ဟုလည်း ဖာဂူဆန်က ပြောကြားလျက်ရှိကြောင်း ၎င်းထံသို့သတင်းမေးသွားရောက်ခဲ့သူများက ပြောကြားထားသည်။

အသက် ၇၆ နှစ်အရွယ်ရှိ ဖာဂူဆန်သည် လာမည့် မေလ ၂၆ ရက်နေ့တွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့၌ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ သွားရောက်ကြည့်ရှုကာ တပည့်ဖြစ်သူ စီရော်နယ်ဒိုကို အားပေးလိုစိတ်များလည်းဖြစ်ပေါ်နေပြီး ဖာဂူဆန်၏ ကျန်းမာရေးအခြေအနေမှာ သိတင်းပတ်အနည်းငယ် ကျော်လွန်ပြီးမှသာ စိတ်ချရသော အနေအထားသို့ ပြန်ရောက်မည်ဖြစ်၍ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြည့်ရန်လည်း သွားနိုင်လိမ့်မည်မဟုတ်ကြောင်း ဆဲလ်ဖို့ဒ်ရှိုင်ရယ်လ် ဆေးရုံ တာဝန်ကျဆရာဝန်တစ်ဦးက ရှင်းပြသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဖာဂူဆန်ထံသို့သတင်းမေးသွားရောက်ခဲ့သော ၎င်း၏မိတ်ဆွေတစ်ဦးက “ဖာဂူဆန်ဟာ ထူထူထောင်ထောင် ပြန်ဖြစ်နေပါပြီ။ ဆာအဲလက်စ်ရဲ့ပုံစံအတိုင်း ကျန်းမာပြီဆိုတာနဲ့ ဘောလုံးအကြောင်းကို မရပ်မနားပြောတော့တာပါပဲ။ စကားပြောနိုင်တာနဲ့ ပထမဆုံး သူ့သားကို ဒွန်ကက်စတာပွဲ ဘယ်လိုပြီးသွားသလဲကွလို့ ဆာအဲလက်စ်က စမေးလိုက်တာပါ။ သူ့တပည့် စီရော်နယ်ဒိုကို အားပေးဖို့အတွက် ချန်ပီယံလိဂ်ဗိုလ်လုပွဲ သွားကြည့်ချင်တယ်လို့လည်း ပြောနေပါတယ်။ ကျန်းမာရေးအခြေအနေအရ အဲ့ဒီကိစ္စဖြစ်နိုင်ဖို့က သိပ်တော့ မလွယ်ပါဘူး”ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# ပူလီဆစ်ကို ခေါ်ယူနိုင်ရေးအတွက် မာတီရယ်လ်ကို အလိုက်ပေးရန် မော်ရင်ညို စီစဉ်

**မန်ချက်စတာ၊ မေ ၉**

မန်ယူနည်းပြ မော်ရင်ညိုသည် ဒေါ့မွန်ကွင်းလယ်ကစားသမား ပူလီဆစ်ကို ခေါ်ယူနိုင်ရေးအတွက် အသင်းတိုက်စစ်တောင်ပံကစားသမား မာတီရယ်လ်ကို ငွေသားနှင့်အတူ အလိုက်ပေးလိုက်ရန် စီစဉ်နေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။



မော်ရင်ညိုသည် လက်ရှိတွင် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ ထိုက်တန်သည့် ပြောင်းရွှေ့ကြေးပမာဏကို ရရှိမည်ဆိုပါက မာတီရယ်လ်ကို ရောင်းထုတ်လိုက်နိုင်ကြောင်း အသင်းဒါရိုက်တာဘုတ်အဖွဲ့ကို အသိပေးထားပြီဖြစ်ပြီး ပူလီဆစ်ကိုခေါ်ယူနိုင်ရေးတွင် လီဗာပူးကို အသာစီးရနိုင်ရန်အတွက် မာတီရယ်လ်ကို အလိုက်အဖြစ် အသုံးချရန် မော်ရင်ညိုက စီစဉ်လိုက်ခြင်းဖြစ်သည်။

မော်ရင်ညိုသည် ဘရိုက်တန်ကမန်ယူကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် မာတီရယ်လ်၏စွမ်းဆောင်ရည်ပိုင်းဆိုင်ရာကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်သွားခဲ့ပြီး ပူလီဆစ်မှာ ကွင်းလယ်၌သာမကဘဲ နောက်ချန်တိုက်စစ်မှူးအဖြစ်ပါ ကစားနိုင်စွမ်းရှိသည့်အတွက် ၎င်းကိုခေါ်ယူရန် မော်ရင်ညိုက အလွန်အမင်း စိတ်ဝင်စားနေခြင်းဖြစ်သည်။

မာတီရယ်လ်နှင့် မန်ယူအသင်း အကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းအားဖြင့် တစ်နှစ်တည်းသာ ကျန်ရှိတော့မည်ဖြစ်ပြီး မန်ယူအသင်း တာဝန်ရှိသူများက ၎င်းကို စာချုပ်သစ်ချုပ်ရန် ကမ်းလှမ်းခဲ့သေးသော်လည်း မာတီရယ်လ်က ငြင်းဆန်ပယ်ချခဲ့ပြီးဖြစ်သည်။

အသက် ၁၉ နှင့်အရွယ်ရှိ ပူလီဆစ်သည် ဥရောပဘောလုံးလောက၏မျိုးဆက်သစ်ကြယ်ပွင့်ကစားသမားများအနက်တွင် တစ်ဦးအပါအဝင်ဖြစ်နေပြီး ၎င်းကို ပေါင်သန်း ၆၀ ဝန်းကျင်ပမာဏရှိ ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိမည်ဆိုပါက ဒေါ့မွန်အနေနှင့် လက်လွှတ်လိုက်ဖွယ်ရှိနေပြီဖြစ်သည်။ ■ E-11



# ပီအက်စ်ဂျီထံတွင် အထိုင်မကျဖြစ်နေသော နေမာကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ် ကြိုးပမ်းတော့မည်

Sport Mail

**မက်ဒရစ်၊ မေ ၉**

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ် အသင်းသည် ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီထံတွင် အထိုင်မကျဖြစ်နေသော တိုက်စစ်မှူးနေမာကို ခေါ်ယူရန်အတွက် တရားဝင်ကြိုးပမ်းတော့မည်ဖြစ်ကာ နေမာကို လက်လွှတ်လိုက်ရပါက ပီအက်စ်ဂျီ တိုက်စစ်တွင် အဓိကကစားသမားဟူ၍ အမ်ဘတ်ပေတစ်ဦးတည်းသာလျှင် ကျန်ရှိတော့မည့်အခြေအနေရှိကြောင်း The Mirror က ဖော်ပြထားသည်။

နေမာသည် လက်ရှိတွင် ဒဏ်ရာပြဿနာကြောင့် အနားယူဆေးကုသခံနေရပြီး ဘရာဇီးလက်ရွေးစင်အသင်းနည်းပြ တီတီကမူ နေမာမှာ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ကြံ့ခိုင်မှုပြည့်ဝလာမည်ဖြစ်၍ စိုးရိမ်ဖွယ်မရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ရီးရဲလ်မက်ဒရစ်သည် နေမာကို ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးပမာဏပေါင် ၂၂၈ သန်း အသုံးပြုရန် စီစဉ်ထားပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် နေမာအပြောင်းအရွှေ့အတွက် ပီအက်စ်ဂျီနှင့် ရီးရဲလ်မက်ဒရစ်အကြားတွင် တရားဝင်ဆွေးနွေးမှုများ အစပြုလာဖွယ်ရှိနေပြီဖြစ်သည်။

နေမာသည် ပီအက်စ်ဂျီက လက်စ်ဟာဘီးယားစ်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပြင်သစ်ဖလားဗိုလ်လုပွဲကို ပွဲကြည့်စင်ထက်မှနေ၍ ပရိသတ်တစ်ဦးအဖြစ် လာရောက်ကြည့်ရှု အားပေးသွားခဲ့ပြီး ပွဲပြီးချိန်တွင်မူ နေမာက ဘောလုံးကွင်းအတွင်းသို့ ဝင်ရောက်၍ အသင်းနှင့်အတူ အောင်ပွဲခံသွားခဲ့သည်။

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီသည် လက်ရှိတွင် အက်သလက်တီကိုထံသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးအချက်အလက်များ သဘောတူညီထားပြီဖြစ်ပြီး အက်သလက်တီကိုမှာ ဘာစီလိုနာထံသို့ ပြောင်းရွှေ့တော့မည့် တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ကွက်လပ်ကို အစားပြန်ဖြည့်ရန်အတွက် ကာဗာနီကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

■ E-11

# မြန်မာနိုင်ငံသို့ရောက်လာသည့် လီဒ်စ်အသင်းတွင် ယူ-၂၃ နှင့် ယူ-၁၈ ကစားသမားများသာ အများစုပါဝင်

**လန်ဒန်၊ မေ ၉**

မြန်မာနိုင်ငံသို့ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသည့် လီဒ်စ်ယူနိုက်တက်အသင်းတွင် အသင်းကြီးကစားသမားဟူ၍ ၁၁ ဦးသာ ပါဝင်ပြီး ကျန်ကစားသမားများမှာ ယူ-၂၃ အသင်းနှင့် ယူ-၁၈ အသင်းမှ ကစားသမားများဖြစ်သည်ဟု အသင်းနည်းပြ ပေါလ်ဟက်ကင်ဘော့တွမ်းက ပြောကြားထားကြောင်း Team Talk က ဖော်ပြထားသည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသော လီဒ်စ်ယူနိုက်တက်အသင်းတွင် ပါဝင်သည့် အသင်းကြီးကစားသမား ၁၁ ဦး၌ အချို့မှာ အရန် ကစားသမားများသာဖြစ်ကြပြီး ဂိုးသမားများဖြစ်သော လိုနာဂန်နှင့် ပီးကော့-ဖာရယ်လ်တို့ နှစ်ဦးလုံးမှာ အရန်အဖြစ်သာ ကစားနေကြရသူများဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် လီဒ်စ်ယူနိုက်တက်အသင်းတွင် အသင်းကြီး အဆင့်လူစာရင်းမှနေ၍ ဆင်မြူရယ်လ်ဆိုက်ဇ်၊ ဗီအဲရာ၊ ကယ်လ်ဗင်ဖိလစ်၊ အီကူဘန်၊ လုခ်အိုင်လင်း၊ ပီးကော့-ဖာရယ်လ်၊ လိုနာဂန်၊ တိုင်လာဒင်တန်၊ တွမ်ပီးယားစ်၊ ဂျေး-ရှိုင်းဂရော့တ်နှင့် အက်ဒ်မွန်းဒ်ဆန်တို့ ပါဝင်လာခဲ့ပြီး ယင်းအနက် အက်ဒ်မွန်းဒ်ဆန်၊ ပီးကော့-ဖာရယ်လ်၊ လိုနာဂန်၊ တိုင်လာဒင်တန်နှင့် တွမ်ပီးယားစ်တို့က ပွဲထွက်ခွင့်ပုံမှန်မရသော အရန်ကစားသမားများဖြစ်ကြသည်။

ကျူပီအာကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော အင်္ဂလန်ချန်ပီယံရှစ် ရာသီသိမ်းပွဲစဉ်အပြီးတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ၌ နည်းပြ ဟက်ကင်ဘော့တွမ်းက "ဒီနေ့ပွဲမှာ ပါဝင်ကစားသွားတဲ့ ကျွန်တော့်ကောင်လေးတွေအနက်က အချို့အဝက်လောက်ပဲ မြန်မာပြည်ခရီးစဉ်ကို လိုက်ပါကြမှာပါ။ အများစုကတော့ ယူ-၂၃ နဲ့ယူ-၁၈ အသင်းက ကစားသမားလေးတွေ ဖြစ်ပါလိမ့်မယ်"ဟု အသိပေးသွားခဲ့သည်။

■ E-11



ကျောဖုံး - ထင်ရာစိုင်းတတ်သည့် ထရမ့်၏ အီရန်အရေးဆုံးဖြတ်ချက်မှအဆက်

မြင့်ပြီး အထင်ကြီးစရာကောင်းသော နျူကလီးယားစီမံကိန်းတစ်ခုလုံးကို ကန့်သတ်ပစ်လိုက်ပြီး အီရန်ဘက်က မဖြစ်မနေလိုက်နာဆောင်ရွက်စေရေး စောင့်ကြည့် ထိန်းချုပ်နိုင်စွမ်းကိုပါ ဖန်တီးပေးထားသည်။

အချို့ကန့်သတ်ချက်များကတော့ ကာလကန့်သတ်ချက်ရှိသည်။ မည်သို့ပင်ဆိုစေ အီရန် နျူဗုံးထုတ်နိုင်သည့် အဆင့်မရောက်အောင် ကာလတစ်ခုအထိ ဟန့်တားထားနိုင်စွမ်းတော့ရှိသည်။ တစ်ဖက်တွင်လည်း ဖြစ်လတ္တံ့သော ပြဿနာကို အချိန်ဆွဲထားခြင်းထက်မပိုဟု ဝေဖန်စရာရှိသည်။ အကျိုးအပြစ်ချိန်ထိုးကြည့်လျှင်တော့ အီရန် နျူကလီးယားလက်နက်ရမည်ကို အလွန်စိုးရိမ်သော အစ္စရေးနှင့် အီရန် စစ်ဖြစ်မည်ထက်စာလျှင် JCPOA စာချုပ် ချုပ်နိုင်ခဲ့သည်က အများကြီးအဆင်ပြေသည်ဟု ပြော၍ရသည်။

ထရမ့်၏အမေရိကန် နုတ်ထွက်သွားသော်လည်း စာချုပ်ဝင် ကျန်နိုင်ငံများကမူ အီရန်သည် စာချုပ်ပါအချက်များအတိုင်း လိုက်နာနေဆဲဟု ယုံကြည်ထားကြသည်။ စောင့်ကြည့်စိစစ်ရသော IAEA တွင်လည်း အလားတူ သဘောထားရှိသည်။ အသစ်ခန့်လိုက်သည့် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပေယိုနှင့် အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူး ဒန်ကုတ်စ်မှအပ ထရမ့်အစိုးရအဖွဲ့တွင်းမှ အခြားသောအဓိကပုဂ္ဂိုလ်များကိုယ်တိုင်ပင်လျှင် ယင်းအချက်ကိုလက်ခံထားကြသည်။ ထရမ့်ဆုံးဖြတ်ချက် မချမီ အမေရိကန်ပြည်သူများကို စစ်တမ်းကောက်ယူမှုများတွင်လည်း ၆၀ ရာခိုင်နှုန်းကျော်က အီရန်နျူစာချုပ် ဆက်ရှိသင့်သည်ဟု လက်ခံထားကြသည်။

ထရမ့်ကတော့ JVPOA တွင် စကတည်းက ထည့်သွင်းရန် မရည်ရွယ်ခဲ့သောအချက်များ မပါခြင်းကို အကြောင်းပြပြီး သုံးစားမရသော စာချုပ်တစ်ခုအဖြစ် တောက်လျှောက်ဝေဖန်လာခဲ့သည်။

## စောင့်ကြိုနေသောဆူးခင်းလမ်း

ထရမ့်၏ ရွှေ့ကွက်ကြောင့် အီရန်မှာပွဲဆူနေပြီဆိုတာကတော့ သေချာသည်။ အမေရိကန်မပါတော့ သည့် စာချုပ်ကိုဆက်လက်ခံရေး၊ လက်မခံရေးကို ပြည်တွင်းမှာ အကျေအလည်ငြင်းခုံနေကြရော့မည်။

အရေးယူပိတ်ဆို့မှုနှင့် ပတ်သက်လာလျှင် အဓိကစိုးရိမ်ရသည်က အမေရိကန်၏အီရန်အပေါ် တိုက်ရိုက်အရေးယူမှု မဟုတ်။ "သွယ်ဝိုက်အရေးယူပိတ်ဆို့မှု"ဟု ခေါ်သော အီရန်နှင့် ဆက်ဆံလုပ်ကိုင်သည့် ပြည်ပကုမ္ပဏီများ (အမေရိကန်ကုမ္ပဏီမဟုတ်သည့် မည်သည့်နိုင်ငံမှ ကုမ္ပဏီမဆို) ကိုပါ အမေရိကန်က အရေးယူသည့်ကိစ္စဖြစ်သည်။ "သူ့ဘာသူအရေးယူတာပဲ၊ အမေရိကန်နိုင်ငံသားမှမဟုတ်တာ၊ ကိုယ့်စီးပွားကိုယ်လုပ်လို့မရဘူးလား"ဟု စောဒကတက်၍မရ။ လက်ရှိကမ္ဘာသည် အမေရိကန်ထိန်းချုပ်မှုအောက်မှ ကမ္ဘာဖြစ်သည်။ အမေရိကန်က ရန်သူဟု သတ်မှတ်သူနှင့် ဆက်ဆံလျှင် မိမိကိုယ်ပါ ရန်သူစာရင်းသွင်းခံရသည်။

ဥရောပနိုင်ငံများကတော့ ဒီတစ်ချီမှာ အမေရိကန်နှင့် တစ်သဘောတည်း ရှိမနေ။ စာချုပ်ဆက်တည်မြဲစေရေး ကြိုးပမ်းမည့် သဘောထားမျိုးဖော်ပြထားသည်။ ယင်းလမ်းကိုရွေးခဲ့လျှင်ပင် ဥရောပကုမ္ပဏီများသည် သွယ်ဝိုက်အရေးယူပိတ်ဆို့မှုအရ အမေရိကန်နှင့် စီးပွားဆက်ဆံခွင့်ပိတ်ခံရမည့် အခြေအနေကို လိုလားကြမည်မဟုတ်။ သို့ဖြစ်ရာ ဆွေးနွေးကြရမည်၊ သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းကြရမည်၊ ထို့အတွက် အချိန်ယူကြရမည်။

ပြဿနာက ချက်ချင်းလက်ငင်း အန္တရာယ်ကြီးသော နောက်ဆက်တွဲအကျိုးဆက်များရှိနေသည့် မမျှော်မှန်းနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ အီရန်ပါ စာချုပ်မှထွက်ပြီး နျူကလီးယားဗုံးဆက်ထုတ်ဖို့ လုပ်လာလျှင် ဘာတွေဖြစ်ကုန်မလဲဆိုသည့် မေးခွန်းကိုဖြေဆိုကြရတော့မည်။

အီရန်ကို စားပွဲဝိုင်းပေါ် ဆွဲတင်ပေးခဲ့သူက ရုရှား၊ ကြားချ ညှိပေးခဲ့သည်က အနောက်ဥရောပအင်အားကြီးနိုင်ငံများဖြစ်ရာ "လက်နှင့်ရေးသည်ကို ခြေနှင့်ဖျက်" လိုက်ခြင်းသည် အမေရိကန်နှင့် ရုရှားအကြားတင်းမာပြီး ဆက်ဆံရေးကို ပိုဆိုးသွားစေနိုင်သည်။ အမေရိကန်၏ အစဉ်အလာမဟာမိတ် အနောက်ဥရောပနိုင်ငံများသည်လည်း ထရမ့်အမေရိကအပေါ် စိတ်ကုန်သည်ထက် ကုန်လာနိုင်သည်။

ထရမ့်ဆုံးဖြတ်ချက်မချမီ တစ်ပတ်အလိုမှာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် မာကယ်လ်တို့ အိမ်ဖြူတော်ကိုသီးခြားစီသွားရောက်ပြီး ထရမ့်ကို နားချခဲ့ကြသေးသည်။ ရှိပြီးစာချုပ် မပြည့်စုံဟုဆိုလျှင် အသစ်ထပ်ချုပ်ကြမည်၊ သို့သော်လည်း 'ဝိ'လုပ်မည့်အရေး 'ဝ' ကို မဖျက်သင့် ဆိုသောသဘောထားကို ထရမ့်နားဝင်အောင် ပြောခဲ့ကြသေးသည်။ သို့သော်လည်း မအောင်မြင်ခဲ့ကြ။

ထရမ့်နုတ်ထွက်မှုကို အတိအလင်းသဘောတူသည့်နိုင်ငံက အစ္စရေးဖြစ်သည်။ ရှီးယိုက်မွတ်ဆလင်နိုင်ငံအီရန်နှင့်ပတ်သက်လာလျှင် အစ္စရေးနှင့် ဆော်ဒီဦးဆောင်သော ဆွန်နီမွတ်ဆလင်နိုင်ငံများက တစ်သဘောတည်းရှိနေသည်။ ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည် ဆိုသောသဘောတရားကို ကျင့်သုံးကြသည်။ စာချုပ် စချုပ်ကတည်းက ဆော်ဒီအုပ်စုက သဘောမကျခဲ့၊ အိုဘားမားလက်ထက်မှာ သူတို့ရန်သူတော် အီရန်နှင့် ချစ်ကြည်နေကြပုံကို သဘောမတွေ့ခဲ့ကြ။ အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုသည်လည်း စားပွဲဝိုင်းထက် စစ်ပွဲကို ပိုကြိုက်သူဖြစ်သည်။

နောက်ပြဿနာကစစ်ပွဲဒဏ်ကြောင့် ထောင်းလမောင်းကြေနေသည့် အရှေ့အလယ်ပိုင်းဖြစ်သည်။ ဒေသတွင်းစစ်ပွဲများတွင် အီရန်ကရှီးယိုက်အုပ်စုများဘက်မှ ပံ့ပိုးနေပြီးဆော်ဒီ၏ ဆွန်နီညွှန့်ပေါင်းကဆွန်နီအုပ်စုများဘက်မှ ပံ့ပိုးနေသည်။ အစ္စရေးကတော့ မိမိလုံခြုံရေးရှုထောင့်ကသာကြည့်ပြီး ဆီးရီးယားနိုင်ငံတွင်းမှ အီရန်စစ်ဘက်အထောက်အပံ့များကို ဖျက်ဆီးခြင်း၊ ဆီးရီးယား၏နျူစမ်းသပ်စခန်းဟု ယူဆရသောနေရာကို ဗုံးကြဲခြင်းကဲ့သို့သော တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည်။

## Plan B ဘာလဲ

နျူစာချုပ်၏အဓိကရည်ရွယ်ချက်က အီရန် နျူကလီးယားဗုံး မပိုင်ရေးဖြစ်သည်။ အီရန်ဘက်က ချိုးဖောက်လာလျှင် ဟန့်တားဖို့၊ ဒဏ်ခတ်ဖို့ နိုင်ငံကြီးများအတွက် အချိန်ဆွဲပေးနိုင်သည့် စာချုပ်လည်းဖြစ်သည်။ သို့သော်လည်း JCPOA သည် မျှော်လင့်ထားသလို ထိန်းချုပ်နိုင်စွမ်းမရှိဘဲ အီရန်သာ နျူလက်နက်ပိုင်လာလျှင် ဆော်ဒီလိုနိုင်ငံမျိုးတွေကလည်း နျူကလီးယားဗုံး ထုတ်လုပ်ရေးကိုအားစိုက်လာနိုင်သည်။

တစ်ဖက်မှာလည်း အီရန်က လိုက်နာသည့်တိုင် အမေရိကန်လိုနိုင်ငံကြီးမျိုးက ကတိမတည်ဟု ယူဆလာကြလျှင် ကိုယ့်မြင်းကိုယ်စိုင်းကြတော့မည်။ အစ္စရေးလိုနိုင်ငံမျိုးကလည်း လက်ဦးမှု ရယူတိုက်ခိုက်မှုဖြင့် ရန်သူတော်လက်ထဲ နျူဗုံးမရောက်ဖို့ ဟန့်တားလာနိုင်သည်။

စစ်အေးခေတ်နောက်ပိုင်း ပုံမှန်မဟုတ်ဆုံးခေတ်ကာလကို ဖြတ်သန်းနေရချိန်မှာ သမ္မတသက်တမ်း ၁၈ လ သာရှိသော ထရမ့်၏ နိုင်ငံခြားရေးမူဝါဒက ကမ္ဘာကြီးကို ပိုအန္တရာယ်ကြီးလာစေသည်။

ထရမ့်၏ ဆုံးဖြတ်ချက်ကို ထောက်ခံသူများပင်လျှင် အခြေခံကျသော မေးခွန်းများအတွက် ခေါင်းခဲနေရကြရမည်မှာ သေချာသည်။ Plan B ဘာလဲ၊ အီရန်ကို ဘယ်လိုထိန်းမလဲ။ နိုင်ငံတကာ၊ အထူးသဖြင့် အင်အားကြီးနိုင်ငံကြီးများအကြား မဟာဗျူဟာသဘောတူညီချက် မရှိလျှင် ကမ္ဘာကြီး၏ သဟဇာတဖြစ်မှုကို ဘယ်လိုထိန်းမလဲဆိုသည့်မေးခွန်းများကို ဖြေဆိုကြရတော့မည်။

Ref : BBC

# အာရှရိုးရာနဂါးလှေလှော်ပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေငါးခု အပါအဝင် ဆုတံဆိပ် ရှစ်ခုဆွတ်ခူး

**ရန်ကုန်၊ မေ ၉**

တရုတ်(တိုင်ပေ) နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် အာရှရိုးရာနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော်အဖွဲ့သည် ရွှေတံဆိပ်ငါးခုအပါအဝင် ဆုတံဆိပ်ရှစ်ခုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မေလ ၅ ရက်မှ ၈ ရက်အထိကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာအားကစားအဖွဲ့ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်က ထုတ်ပြန်သည်။

မြန်မာလှေလှော်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသား၊ အမျိုးသမီး (Mix) မီတာ ၂၀၀ နိုင်ငံတကာ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး (Mix) မီတာ ၅၀၀ နိုင်ငံတကာပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားအမျိုးသမီး (Mix) မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားအမျိုးသမီး ( Mix) မီတာ ၂၀၀ ပွဲစဉ်တို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုများကို အမျိုးသား မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတို့မှ ရယူနိုင်ခဲ့ပြီး အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲတွင်မူ ကြေးတံဆိပ်တစ်ခု ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် လှေလှော်အသင်းသည် တရုတ် (တိုင်ပေ) နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

မြန်မာ့လက်ရွေးစင်လှေလှော်အသင်း သည် ယခုပြိုင်ပွဲတွင် ပွဲစဉ်ရှစ်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ယင်းရှစ်မျိုးစလုံးမှ ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ လာမည့် ဩဂုတ်လ ၁၈ ရက်နေ့တွင်စတင် ကျင်းပမည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ■ J-04

## အာစင်ဝင်းဂါးကို ခေါ်ယူနိုင်ရန် အဆင်မပြေခဲ့ပါက ကွန်ဆီကာအိုကို ကမ်းလှမ်းရန် အဲဗာတန် ပြင်ဆင်ထား

**လီဗာပူး၊ မေ ၉**



အဲဗာတန်အသင်း အမိရှယ်ယာရှင် အီရန်သန်းကြွယ်သူဌေး ဖာဟတ်ဒ်မိုရှီရီသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းနည်းပြ ဆမ်အလာဒိုက်စ်ကို ရာထူးထုတ်ပယ်ကာ နည်းပြသစ်တစ်ဦး ခန့်အပ်ရန် စီစဉ်နေပြီဖြစ်ပြီး မိုရှီရီ၏နည်းပြသစ်လျာထားစာရင်းတွင် ထိပ်ဆုံးနေရာ၌ရှိနေသူမှာ အာစင်ဝင်းဂါးဖြစ်ကာ ဒုတိယနေရာ၌ ရပ်တည်နေသူမှာ ပေါ်တိုနည်းပြ ကွန်ဆီကာအိုဖြစ်ကြောင်း Daily Mirror က ဖော်ပြထားသည်။

အဲဗာတန်သည် လက်ရှိဘောလုံးရာသီ၏အစောပိုင်းကာလ၌ပင် နည်းပြရော်နယ်ကိုးမန်းကို ရာထူးထုတ်ပယ်၍ ၎င်းအစား ဆမ်အလာဒိုက်စ်ကို အစားထိုးခန့်အပ်ခဲ့ပြီး အာစင်ဝင်းဂါးမှာ အာဆင်နယ်၏ပြိုင်ဘက် အခြားသော ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းကို တာဝန်ယူဖွယ်မရှိသည့်အတွက် ၎င်းကို ခေါ်ယူနိုင်ရေးမှာ အဲဗာတန်အတွက် အခွင့်အလမ်း လွန်စွာနည်းပါးလျက်ရှိသည်။

ပေါ်တိုနည်းပြ ကွန်ဆီကာအိုသည် လက်ရှိဘောလုံးရာသီတွင် ပေါ်တိုကို ပေါ်တူဂီအဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခွင့်ရစေရန် ဦးဆောင်နိုင်ခဲ့ပြီး ပေါ်တိုမှာ နောက်ဆုံးဖြတ်သန်းခဲ့သော ဘောလုံးရာသီလေးရာသီအတွင်း ပြည်တွင်းအမှတ်ပေးချန်ပီယံဆုကို ပထမဆုံးအကြိမ် ပြန်လည်ဆွတ်ခူးရယူနိုင်ခြင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

ကွန်ဆီကာအိုနှင့် ပေါ်တိုအသင်းအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် သက်တမ်းအားဖြင့် တစ်နှစ်သာကျန်ရှိတော့ပြီး ၎င်းကိုခေါ်ယူလိုပါက ယင်းလက်ကျန်စာချုပ်သက်တမ်းအတွက် အဲဗာတန်က စာချုပ်ဖျက်သိမ်းခလျော်ကြေးတစ်ရပ် အသုံးပြုရလိမ့်မည်ဖြစ်သည်။

အဲဗာတန် အသင်းအားပေးသူများသည် နည်းပြဆမ်အလာဒိုက်စ် လက်ထက်တွင် အသင်း၏ကောင်းမွန်သော ကစားဟန်များအားလုံး ပျောက်ကွယ်သွားရကြောင်း စွပ်စွဲဝေဖန်ထားကြပြီး အာဆင်နယ်အသင်းရှယ်ယာရှင်ဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသော မိုရှီရီမှာ ၎င်းနှင့် အာစင်ဝင်းဂါးအကြားတွင် ရှိထားနှင့်ပြီးသော ပုဂ္ဂိုလ်ရေးရင်းနှီးမှုများကို အသုံးချ၍ အာစင်ဝင်းဂါးကို အဲဗာတန်နည်းပြအဖြစ် ခဏ အပ်နိုင်ရန် စည်းရုံးရေး ဆင်းနေခြင်းဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အဲဗာတန်သည် ကွန်ဆီကာအိုကို တစ်နှစ်လုပ်ခလစာ အကျိုးခံစားခွင့်အဖြစ် ပေါင် ၁ ဒသမ ၇ သန်း ပေးအပ်ရန် ရည်မှန်းထားပြီး ယင်းမှာ ကွန်ဆီကာအိုအတွက် ပေါ်တိုထံတွင် ရရှိနေသော လုပ်ခလစာထက် နှစ်ဆပိုမိုရနိုင်မည့် အနေအထားဖြစ်သည်။ ■ E-11









## ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံးဆုများကို ဒါရင်းမိုး၊ ဇာဟာနှင့် အီရစ်ခ်ဆန်တို့ ဆွတ်ခူး

**လန်ဒန်၊ မေ ၉**

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် လွန်ခဲ့သည့် ဧပြီလအတွင်း စွမ်းဆောင်ရည်များအတွက် တစ်လတာအကောင်းဆုံးဆုများကိုပေးအပ်ချီးမြှင့်လိုက်ပြီဖြစ်ရာ ဝက်စ်ဘရွန်းနည်းပြ ဒါရင်းမိုးက တစ်လတာအကောင်းဆုံး နည်းပြဆုကိုလည်းကောင်း၊ ခရစ္စတယ်ပဲလေ့စ်တိုက်စစ်တောင်ပံကစားသမား ဇာဟာက တစ်လတာ အကောင်းဆုံး ကစားသမားဆုကိုလည်းကောင်း၊ စပါးကွင်းလယ်ကစားသမား အီရစ်ခ်ဆန်က တစ်လတာအကောင်းဆုံး သွင်းဂိုးဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိသွားသည်ဟု Daily Mail က ဖော်ပြထားသည်။

ဝက်စ်ဘရွန်းယာယီနည်းပြ ဒါရင်းမိုးသည် လွန်ခဲ့သည့်ဧပြီလအတွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်လေးပွဲတွင် အသင်းကို နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ် ရနိုင်စေရန် စွမ်းဆောင်ပေးခဲ့ပြီး ယင်းပွဲစဉ်လေးပွဲအနက် မန်ယူကို အဝေးကွင်းတွင် အနိုင်၊ လီဗာပူးကို အိမ်ကွင်းတွင် သရေကစားနိုင်ခဲ့သည်က ဝက်စ်ဘရွန်း၏ ထူးခြားစွမ်းဆောင်ရည်တစ်ရပ်ပင်ဖြစ်သည်။

သို့သော် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဒါရင်းမိုး လက်ခံရယူအပြီး နာရီပိုင်းအတွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဆွမ်ဆီးနှင့် ဆောက်သမ်တန်တို့၏ပွဲစဉ်တွင် ဆောက်သမ်တန်က တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည့်အတွက် ဝက်စ်ဘရွန်းမှာ စတုတ်စီးတီးနည်းတူ အင်္ဂလန်ချန်ပီယံရှစ်သို့တန်းဆင်းပေးလိုက်ရပြီး ဒါရင်းမိုးအနေနှင့် ယခုထက် အချိန်အနည်းငယ် ပိုမိုရရှိခဲ့မည်ဆိုပါက အသင်းကို တန်းမဆင်းရစေရန် ကျိန်းသေ စွမ်းဆောင်ပေးနိုင်ခဲ့လိမ့်မည်ဟု ဝက်စ်ဘရွန်းအသင်းအားပေးသူများက မှတ်ချက်ပေးပြောကြားသွားခဲ့ကြသည်။

ခရစ္စတယ်ပဲလေ့စ် တိုက်စစ်တောင်ပံကစားသမား ဇာဟာသည် လွန်ခဲ့သည့် ဧပြီလအတွင်း၌ အသင်းအတွက် ပါဝင်ကစားပေးခွင့်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်လေးပွဲတွင် အရေးပါသော သွင်းဂိုးသုံးဂိုး ရယူပေးနိုင်ခဲ့ပြီး ဧပြီလအတွင်း၌ ခရစ္စတယ်ပဲလေ့စ်အနေနှင့် အမြင့်ဆုံးရနိုင်သော ရမှတ် ၁၂ မှတ်အနက်မှနေ၍ ရမှတ်ရှစ်မှတ် ရယူနိုင်ခဲ့ရာတွင် ဇာဟာ၏ စွမ်းဆောင်ရည်များမှာ များစွာအခရာကျခဲ့သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က မှတ်ချက်ပေးအပ်ထားသည်။

စပါးကွင်းလယ်လူ အီရစ်ခ်ဆန်သည် စပါးက ချယ်လ်ဆီးကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ကိုက် ၃၀ အကွာမှနေ၍ ကန်သွင်းရယူပေးခဲ့သောဂိုးအတွက် တစ်လတာအကောင်းဆုံး သွင်းဂိုးဆုကို ရရှိသွားခဲ့ခြင်းဖြစ်ပြီး ယင်းသွင်းဂိုး ဂိုးဝင်သွားချိန်တွင် ၎င်းကိုယ်တိုင် အံ့အားတကြီးဖြင့် မယုံကြည်နိုင်ဖြစ်ခဲ့ရကြောင်း အီရစ်ခ်ဆန်က ပြောကြားသွားခဲ့သည်။ ■ E-11

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအတွက် တပ်မတော် ကျပ်သိန်းသုံးထောင် ထောက်ပံ့

**ရန်ကုန်၊ မေ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၈ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံးထွက်ဖလား ဘောလုံးပြိုင်ပွဲအတွက် တပ်မတော်က ကျပ်သိန်းသုံးထောက်ပံ့ပေးခဲ့သည်။

"အခုတစ်ကြိမ်နဲ့ဆို လေးကြိမ်မြောက် ထောက်ပံ့ပေးတာ။ ဒီလိုထောက်ပံ့ပေးတဲ့အတွက် ခွန်အားတစ်ခုရပါတယ် " ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ပံ့ပိုးပေးသည့် ယင်းထောက်ပံ့ငွေ ကျပ်သိန်းသုံးထောင်ကို တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက မေလ ၉ ရက်နေ့တွင် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ဆုကြေးများအဖြစ် ပထမရရှိသည့်အသင်းကို ကျပ်သိန်း ၃၀၀၊ ဒုတိယရရှိသည့်အသင်းကို ကျပ်သိန်း ၁၅၀၊ တတိယရရှိသည့် အသင်းကို ကျပ်သိန်း ၁၀၀၊ အကြိုဗိုလ်လုပွဲတက်သည့် အသင်းများကို တစ်သင်းလျှင် ကျပ် ၇၅ သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။ ■ J-04

## လီဗာပူးထံသို့ ပြောင်းရွှေ့ရန် ဖာကီရာကို လူချင်းတွေ့ဆုံပြီး ဂျာဂင်ကလော့ပ် စည်းရုံး

**လီဗာပူး၊ မေ ၉**

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် အသက် ၂၄ နှစ်အရွယ်ရှိ လိုင်ယွန်တိုက်စစ်မှူး ဖာကီရာကိုခေါ်ယူရန် လူချင်းတွေ့ဆုံ၍ စည်းရုံးရေးဆင်းခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

လီဗာပူးသည် ဖာကီရာကို ခေါ်ယူနိုင်ရေးအတွက် လန်ဒန်မြို့ခံကလပ်များဖြစ်သော အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့် ယှဉ်ပြိုင်ကာ ကြိုးပမ်းရဖွယ်ရှိနေပြီး လိုင်ယွန်မှာ ဖာကီရာ၏တန်ကြေးကို ပေါင် ၆၂ သန်း သတ်မှတ်ထားကြောင်းလည်း ဆက်စပ်သတင်းများ ထွက်ပေါ်နေသည်။

ဖာကီရာသည် လက်ရှိဘောလုံးရာသီတွင် ပြင်သစ်လီဂူးပြိုင်ပွဲ၌ လိုင်ယွန်ကိုကိုယ်စားပြု၍ ပွဲစဉ်ပေါင်း ၂၄ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ပြီး ယင်းပွဲစဉ် ၂၄ ပွဲ၌ ဖာကီရာက အသင်းအတွက် သွင်းဂိုး ၁၇ ဂိုး၊ ဂိုးဖန်တီးမှု ခုနစ်ကြိမ် ရယူပံ့ပိုးပေးနိုင်ခဲ့သည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည်လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပြင်သစ်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ဖာကီရာ ခြေစွမ်းပြကစားနိုင်ခဲ့မည်ဆိုပါက ၎င်း၏တန်ကြေးမှာ လက်ရှိထက် များစွာမြင့်တက်သွားမည်ကို စိုးရိမ်လျက်ရှိပြီး လိုင်ယွန်ဥက္ကဋ္ဌ ဂျင်းန်-မီချယ်လ် အောလတ်စ်ကမူ အသင်းအနေနှင့် ရှေ့လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင်ကစားရရန် ရှိနေသောကြောင့် ကစားသမားကောင်းများကို တတ်နိုင်စွမ်းသမျှ အသင်းထံတွင် ဆက်လက် ထိန်းသိမ်းသွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။ ■ E-11



# FOREIGN AFFAIRS

# ထင်ရာစိုင်းတတ်သည့် ထရမ့်၏ အီရန်အရေးဆုံးဖြတ်ချက်နှင့် အင်အားကြီးတို့၏ နျူမပြန့်ပွားရေးအိပ်မက်

**ဇေဝင်းနောင် ရေးသားသည်**

**"အားကြီးသူသာ ရှင်ကျန်မြဲ" ဆိုသည့် ဒါဝင်သီအိုရီက အရှက်ကင်းမဲ့စွာ မှန်ကန်လွန်းနေသည်။ ကိုယ်တိုင်ကျ မလွှတ်တမ်းဖက်တွယ်ထားသည့်ပစ္စည်းမျိုးကို တခြားသူကျတော့ "အန္တရာယ်များတယ်၊ ဒီကောင့်တော့ ပေးမကိုင်နဲ့" ဆိုသော ဗိုလ်ကျသည့် စရိုက်က နိုင်ငံနှင့်ချီ၍ ရှိသည်။ အားကြီးသူတို့သည် သူတို့၏ ရှင်ကျန်ခွင့် အာမခံချက်အတွက် အားနည်းသူတို့ကို ဗိုလ်ကျ အနိုင်ကျင့်ကြသည်။ ဤသည်ပင် ကမ္ဘာ့နျူကလီးယားမပြန့်ပွားရေးမူဝါဒ အနှစ်ချုပ်ဖြစ်လေသည်။**

အီရန်ကဲ့သို့သော အစွန်းရောက်သော သဘောထားအမြင်ရှိသည့် အစ္စလာမ့်မစ်နိုင်ငံတစ်နိုင်ငံသာ နျူကလီးယားဗုံး ပိုင်သွားခဲ့လျှင် ကမ္ဘာကြီးအတွက် အန္တရာယ်ရှိသည်ဆိုသော ဆင်ခြေက ယုတ္တိရှိပါသည်။ သို့သော်လည်း အပြစ်မဲ့ပြည်သူများ သိန်းချီသေဆုံးစေခဲ့ပြီး သန်းချီ နှစ်ပေါင်းများစွာ အတိဒုက္ခရောက်အောင် လိုအပ်ချက်အရ ဆိုခြင်းထက် စမ်းသပ်ချင်စိတ်ကြောင့် နျူကလီးယားဗုံးသုံးခဲ့သည့်နိုင်ငံဟူသည် ကမ္ဘာမှာ တစ်နိုင်ငံတည်းသာရှိသည်။ အီရန်တစ်နိုင်ငံတည်းကိုသာ မရည်ရွယ်သော လက်ရှိကမ္ဘာတွင် နောက်ထပ် နျူလက်နက်နိုင်ငံသစ် မပေါ်ပေါက်ရေးဆိုသော နျူလက်နက်ပိုင်ဆိုင်ပြီးနိုင်ငံများ၏ သဘောထားမှာလည်း အငြင်းပွားစရာကောင်းလှသည်။

ထို့ထက်ပိုဆိုးသည်က နျူမပြန့်ပွားရေးရပ်တည်ချက် ခိုင်မာစေရန် ချုပ်ဆိုခဲ့သော စာချုပ်တစ်ခုမှ အခြားရွေးချယ်စရာ လမ်းသစ်မပြဘဲ နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လက်မှတ်တစ်ချက် ထိုးလိုက်ရုံဖြင့်၊ ကောင်းသည် ဆိုးသည်ခဏထား၊ အီရန်နျူကလီးယားရည်မှန်းချက်များကို ကန့်သတ်ထိန်းချုပ်ပေးထားသော စာချုပ်မှာ ကမောက်ကမ ဖြစ်သွားခဲ့ပြီ။

ထရမ့်က စာချုပ်၏ အားနည်းချက်များကို တောက်လျှောက်ဝေဖန်ခဲ့သော်လည်း အခြားနည်းအစားထိုးစရာ မည်သည့် မူဝါဒမျှ ချမပြထားခဲ့။ ယခုလုပ်ရပ်သည် အမေရိကန်၏သံခင်းတမန်ခင်းကိုပါ အနီးကပ်ဆုံး မဟာမိတ်များနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သွားစေသည်။

ထို့ထက် ပိုစိုးရိမ်ရသည်က အရှေ့အလယ်ပိုင်းတွင် အပျက်အစီးကြီးကြီးမားမား ဖြစ်စေနိုင်သော ဒေသတွင်းစစ်ပွဲသစ် ပေါ်ပေါက်လာမည့် အရေးပင်ဖြစ်သည်။

ပူးတွဲဘက်စုံလုပ်ငန်းအစီအစဉ် (JCPOA) ဟု အမည်ပေးထားသည့် ၂၀၁၅ အီရန် နျူကလီးယားစာချုပ်သည် သေဆုံးသွားပြီဟုတော့ ပြော၍မရသေး။ သို့သော်လည်း အသက်ကယ်ဆေးထိုး အောက်ဆီဂျင်ပေးထားရသည့် အခြေအနေ ရောက်သွားခဲ့ပြီ။ အီရန်ဘက်မှ မည်သို့တုံ့ပြန်လာမည်ကို စောင့်ကြည့်ရန်သာရှိတော့သည်။

အီရန်၏နျူကလီးယားစီမံကိန်းမှာ ဗုံးထုတ်ရန် မဟုတ်ဘဲ စွမ်းအင်အတွက်သာဖြစ်စေရေး နိုင်ငံတကာက ကန့်သတ်ထိန်းချုပ်ရန် JCPOA စာချုပ်ကို P5+1 ဟုခေါ်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် ငါးနိုင်ငံ (အမေရိကန်၊ ဗြိတိန်၊ တရုတ်၊ ရုရှား၊ ပြင်သစ်) + ဂျာမနီ (ဥရောပသမဂ္ဂလည်း ပါဝင်သည်) တို့က အီရန်နှင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အီရန်ဘက်က ဗုံးမထုတ်ဟု အလျှော့ပေးပြီး နျူလုပ်ငန်းစဉ်ကို နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ ကြီးကြပ်မှုအောက်မှ လုပ်ဆောင်မည်ဆိုလျှင် အီရန်အပေါ် အရေးယူပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးပြီး နိုင်ငံတကာဇာတ်ခုံပေါ်မှာ လူရာပြန်သွင်းဖို့ နိုင်ငံကြီးများက သဘောတူထားခဲ့ကြသည်။

ပြုပြင်ပြောင်းလဲရေးသမားဟု ထင်ရှားသော အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ဤစာချုပ်ရရှိရန် ပြည်တွင်းမှ သဘောထားတင်းမာသူများ (hardliners) ကို ခက်ခက်ခဲခဲရင်ဆိုင်ပြီး ကြိုးပမ်းခဲ့ရခြင်းဖြစ်သည်။ ဥရောပနိုင်ငံကြီးများကလည်း မြွေမသေ၊ တုတ်မကျိုး အခြေအနေကို ဖန်တီးပေးသော ဤစာချုပ်ကို ယနေ့တိုင် ထောက်ခံနေကြဆဲဖြစ်သည်။ သို့ဖြစ်ရာ အခြားနိုင်ငံကြီးများနှင့် အီရန်အကြား စာချုပ်ဘယ်လိုအသက်ဆက်မလဲဆိုသည်ကို ဆက်ဆွေးနွေးကြမည့် အခြေအနေရှိနေသည်။ သို့သော်လည်း အမေရိကန်မပါသော ကမ္ဘာလုံးဆိုင်ရာစာချုပ်မျိုးမှာ ရေရှည်တည်တံ့ဖို့ရာ အာမခံချက် နည်းလွန်းလှသည်။

လတ်တလောပင်လျှင် အီရန်နိုင်ငံတွင်းမှ တင်းမာသူများက အမေရိကန်၏ လုပ်ရပ်ကို တန်ပြန်သည့်အနေနှင့် JCPOA မှ သာမကဘဲ နျူကလီးယား မပြန့်ပွားရေးသဘောတူစာချုပ် (NPT) မှပါ အီရန်နုတ်ထွက်ရန် တောင်းဆိုနေကြပြီဖြစ်သည်။ ထရမ့်၏လုပ်ရပ်မှာ အနောက်ကမ္ဘာကို ယုံကြည်မိသည့် ရိုဟာနီ ခံပေတော့ဟု ဆိုလိုရာရောက်နေသည်။

## မပြည့်စုံသောလည်းအလုပ်ဖြစ်သည့် စာချုပ်

အီရန်နျူကလီးယားစာချုပ်သည် မူလကတည်းက အငြင်းပွားစရာကောင်းသည်ကိုတော့ အများလက်ခံထားကြသည်။ သို့သော်လည်းထရမ့်က အိုဘားမားလုပ်ခဲ့သောကိစ္စဖြစ်ခြင်းကြောင့် လက်မခံနိုင်ခြင်းဆိုသည်ထက် ပိုလွန်သောယုတ္တိရှိသည့် အကြောင်းပြချက် တစ်စုံတစ်ရာမရှိ။

စာချုပ်တွင် အီရန်၏ဒုံးကျည်စီမံကိန်းများ၊ ဒေသတွင်းအရေးဝင်စွက်မှုများကို ကန့်သတ်ထားမှု တစ်စုံတစ်ရာမပါရှိခြင်းကတော့ အပြစ်ပြောစရာရှိသည်။ သို့သော်လည်း ပါသင့်သည့် အချက်တို့ပါသည်။ အီရန်၏ အဆင့်

စာ - 30

## ALSO IN NEWS



### သဲနဲ့ဆောက်တဲ့ ရဲတိုက်ကြီးမှာ နေထိုင်သူ

အိမ်ငှားခ လစဉ်ကုန်နေသူတွေကတော့ ဘရာဇီးက အမျိုးသားတစ်ဦးရဲ့ ဖြေရှင်းနည်းကို တစ်ချက်စဉ်းစားကြည့်သင့်လှပါတယ်။ ရီယိုဒီဂျနေရိုး မြို့ခံ မာစီယိုမီဇေးလ်မာတိုလီးရက်စ်ဟာ သဲနဲ့ဆောက်ထားတဲ့ နေအိမ်ထဲမှာ နေထိုင်သွားနေသူဖြစ်ပါတယ်။ ဘရာဇီးကမ်းခြေမှာ သဲနန်းတော်ကြီးနဲ့ နေထိုင်တာကြောင့် ခရီးသွားဧည့်သည်တွေကလည်း အဆန်းတကြယ်ဖြစ်နေပြီး The King လို့လည်း အမည်ပေးထားပါတယ်။ သူဟာ ကမ်းခြေဒေသ ဇာတိဖွားဖြစ်ပြီးတော့ ကမ်းခြေမှာ အိမ်ငှားနေဖို့ မတတ်နိုင်တော့တာကြောင့် သဲနဲ့အိမ်ဆောက်ပြီး နေလိုက်ရာမှာ ကောင်းမွန်တဲ့ဘဝကို ပိုင်ဆိုင်နေပါတယ်လို့ သူကပြောကြားပါတယ်။ ဘရာဇီးကမ်းခြေဒေသကို လူချမ်းသာတွေက နေရာယူကုန်တဲ့အခါ ဒေသခံတွေခမျာ ကမ်းခြေမှာနေဖို့ မဖြစ်နိုင်သလောက် ဈေးမြင့်လာတာဖြစ်ပါတယ်။ ဘုရင်ကြီးကတော့ မောင်းထုတ်ခံရမှာ မကြောက်ပါဘူးတဲ့။ တစ်နေရာက မောင်းထုတ်ခံလိုက်ရပြီဆိုရင် နောက်တစ်နေရာမှာ သဲနဲ့ ထပ်ဆောက်လိုက်ရုံပါပဲ။ ■ F-02

### မက်ဒေါနယ် ဘာဂါ အလုံးသုံးသောင်း စားထားသူ စံချိန်တင်

အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ်သားတစ်ဦးဟာ မက်ဒေါနယ်ဘာဂါ အလုံးသုံးသောင်း စားပြီးတော့ ဂရင်းနစ်စံချိန်တင်သွားခဲ့ပါပြီ။ သူဟာ ဘာဂါဆိုင်ကရရှိထားတဲ့ ဘောက်ချာစာရွက်များနဲ့ သက်သေထူနိုင်ခဲ့ပါတယ်။ ဒွန်ဂေါစကီလို့ အမည်ရသူအမျိုးသားဟာ မက်ဒေါနယ်ဘာဂါကို ၄၆ နှစ်လုံးလုံး စားသောက်ခဲ့ပြီး မက်ဒေါနယ်အများဆုံး စားထားသူအဖြစ် ဂရင်းနစ်စာအုပ်ထဲမှာ စာရင်းဝင်သွားခဲ့ပါပြီ။ အသက် ၆၄ နှစ်အရွယ် ဂေါ်စကီးဟာ ပြီးခဲ့တဲ့သောကြာနေ့က သူသတ်မှတ်ထားတဲ့ ပမာဏကိုရောက်သွားခဲ့တာဖြစ်ပါတယ်။ မပျက်မကွက် များစွာစားသောက်လာခဲ့ပေမယ့် မက်ဒေါနယ် အစားအသောက်ဟာ သူ့အတွက် နှစ်ခြိုက်စရာဖြစ်နေဆဲပဲလို့ ဆိုထားပါတယ်။ တစ်ရက်ကို ဘာဂါနှစ်လုံး စားဖြစ်ပြီးတော့ လုံးဝမစားဖြစ်တဲ့နေ့ဆိုတာ ရှားတောင့်ရှားခဲ ဖြစ်ပါသတဲ့လေ။ ■ F-02

